www.burmeseclassic.com

ချောကလက်ငရဲ (၂)

# ပျား

ချောကလက်တစ္ဆေ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဗျူး

ချောကလက်တခွေ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
**ထုတ်ဝေသူ**
ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဖျူးစာပေ)
အမှတ်-၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးကျော်ရင် (မြ-၀၀၃၂၆) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးပန်းချီ**
ဇော်ပိုင်
**အတွင်းဖလင်**
ကိုဇင်ဦးနှင့်ညီများ
**ပုံနှိပ်ခြင်း**
ပထမအကြိမ်
၂၀၁၇ ခုနှစ်၊ ဖွန်လ
တန်ဖိုး-၁၆၀၀ ကျပ်၊ အုပ်ရေ- ၅၀၀
**ဖြန့်ချိရေး**
ဖျူးစာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

ဖျူး
ချောကလက်တစ္ဆေ
ဖျူးစာပေ၊ ၂၀၁၇။
၁၆၀-စာ၊ ၁၂ x ၁၈ စင်တီ။
(၁) ချောကလက်တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

## ချောကလက်ငရဲ ဇာတ်လမ်းအကျဉ်း

တံတိုင်းရှံ၏ဇနီး ကလေးတစ်ယောက်အမေ မေ့သက်လျာကြောင့် ရင်လှိုင်းသစ်ဆိုသည့်လူငယ် မတော်တဆခြေထောက် ထိခိုက်သွား၏။ ထို့ကြောင့် ကန့်ထရိုက်တိုက် (၆)လွှာတွင်နေသော ရင်လှိုင်းသစ်ကို မေ့သက်လျာ ဆေးထည့်ပေး၊ ထမင်းဟင်းပို့ပေးနှင့် မျှော်လင့်မထားဘဲ ရင်လှိုင်းသစ်က မေ့သက်လျာကို အဓမ္မကျင့်လိုက်၏။

ထိုကတည်းက ရင်လှိုင်းသစ်သည် မေ့သက်လျာနှင့်အတူနေပုံကို ရိုက်ကူးထားသော စီဒီတစ်ချပ်နှင့် အမြဲတမ်း ခြိမ်းခြောက်ကာ အနိုင်ယူတော့၏။

တစ်နေ့ တံတိုင်းရှံ သိသွားသည်။ တံတိုင်းရှံသည် ထိုစီဒီတစ်ချပ်အတွက် ငွေသိန်းနှစ်ရာနှင့် ဝယ်ယူလဲလှယ်ကာ ဇနီးဖြစ်သူ၏ အရှက်ကို ကာကွယ်လိုက်သည်။

ဖျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အမှာ

ပရိသတ်တွေမျှော်လင့်တောင့်တနေတဲ့ ချောကလက်ငရဲရဲ့ အဆက် ချောကလက်တစ္ဆေဝတ္ထုကို ရေးသားလိုက်ပါတယ်။

တကယ်တော့ ပရိသတ်တွေတောင်းဆိုလွန်းလို့သာ ဗျူးဆက်ရေးခဲ့တာပါ။ အင်မတန်ရေးရခက်ပါတယ်။ ပေါက်ပြီးသားဇာတ်ကို ဆက်ရတာဖြစ်လို့ ခေါင်းလည်းတော်တော်စားသလို အချိန်လည်းတော်တော်ပေးခဲ့ရပါတယ်။

ဘာပဲဖြစ်ဖြစ် တတ်နိုင်သလောက် ကြိုးစားအားဖြည့်ထားတဲ့ ဝတ္ထုမို့ ရင်ခုန်စရာအပြည့်နဲ့ ခံစားရလိမ့်မယ်လို့ ယုံကြည်ရင်း။

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ဒီလောက်လှတဲ့မိန်းကလေးကို ရေးဟန်အမျိုးမျိုးနဲ့ ပုံဖော်ထားတာ တော်တော်လေးကို လက်ရာမြောက်တယ်ကွ"

"အေးကွာ ရေးချက်ကတော့ အံ့မခန်းပဲ၊ မော်ဝင်နေသလားထင်ရတယ်"

"ငါထင်တာတော့ ဆရာရင်လှိုင်းသစ်ရဲ့လက်ရာတွေက ခံစားမှုအစစ်တွေဖြစ်မယ်ထင်တယ်"

သိပ်ဟုတ်တာပေါ့၊ စိတ်ကူးယဉ်ပြီးရေးတာထက်စာရင် လက်တွေ့ခံစားရေးထားတာလောက် အသက်မဝင်နိုင်တာ အမှန်ပင်ဖြစ်သည်။

ကိုယ်ရေးဆွဲထားသော ပန်းချီကားရှေ့၌ ဝေဖန်ပြောဆိုနေသံများကို ရင်လှိုင်းသစ်ကြားနေရ၍ ကြည်နူးပီတိဖြစ်မိတာအမှန်။

မမကိုချစ်သော နှလုံးသားခံစားမှုစစ်စစ်နှင့် အနုပညာတို့ ပူးပေါင်းဖန်တီးရေးဆွဲထားခြင်းဖြစ်၍ မြင်ရသူ ပရိသတ်ရင်၌ တလှပ်လှပ်ဖြစ်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို မမ၏ပုံတူပန်းချီကားများအား ပြဖို့ ရည်ရွယ်ချက်မရှိခဲ့။ သို့သော် မိမိ၏မော်ဝင်အနုပညာအား ပြသမှ ပရိသတ်အားပေးမှုရရန် သေချာသည့်ထင်၍ Dream Lady ဟူသောအမည်ဖြင့် တစ်ကိုယ်တော် ပန်းချီပြပွဲလုပ်ဖြစ်သွားခြင်း ဖြစ်သည်။

ထုံးစံအတိုင်း အဝတ်ဗလာနှင့် ရင်သားအား လက်ကာယှက်၍ မိန်းမသားတို့၏လျှို့ဝှက်အပ်သောနေရာအား ဒူးတစ်ဖက်ထောက်ကာ ခြေထောက်နှင့်ကွယ်ထားသော မမ၏ပန်းချီကားအနီး လူငယ်တွေ အုံခဲနေကြ၏။

"တောက် Not for sale တဲ့ကွ၊ အတော်ယုတ်မာတဲ့ ပန်းချီဆရာ"

"အေးလေ ဒီဒူးကလည်း ထောင်ထားတာ ညောင်းပဲမညောင်းနိုင်ဘူး"

ရင်လှိုင်းသစ် ခေါင်းတစ်ချက်ငဲ့ယမ်းလျက် ပန်းချီကားအနီးမှ ထွက်လာခဲ့၏။ ဝေဖန်သံ၊ နှာချေသံ၊ ကြောင်ခံတွင်းပျက်သံများနှင့် တစ်စထက်တစ်စ ဝေးကွာလာခဲ့သည်။

"သတိရလိုက်တာ မမရယ်"

မမနှင့်အတူတူ ဖြတ်သန်းခဲ့ဖူးသည့်နေ့ရက်တွေကို မြင်ယောင်လာသည်။ အမြတ်တနိုးနှင့်နှစ်ရှည်လများ သိမ်းဆည်းထားရမည့် ရတနာတစ်ပါး ပျောက်ဆုံးသွားသလို ခံစားတမ်းတနေမိသည်။

မမတစ်ကိုယ်လုံး၌ သူအချစ်ဆုံးနေရာလေးကို အမှတ်ရ



www.burmeseclassic.com

www.burmeseclassic.com



တမ်းတ၍မဆုံးခင် ဖုန်းသံမြည်လာသည်။ ပေါ်လာသောနံပါတ်ကို ကြည့်လိုက်သည်။ နယ်မှ အမေဆက်ခြင်းဖြစ်သည်။

"ဟဲလို မေမေ"

"သားရေ မေမေနဲ့မင်းအစ်မ ဒီညနေ ဘူတာဆင်းပြီနော်၊ မနက်ဖြန် နေ့လည်လောက်ရောက်မယ်ထင်တယ်၊ ရထားဆိုတော့ အချိန်မမှန်ဘူး၊ မေမေရောက်ရင် ဖုန်းဆက်မယ်လေ"

"ရောက်ခါနီး ဖုန်းဆက်လိုက်လေ၊ သား လာကြိုမှာပေါ့"

စီးပွားရေးပြေလည်လာမှုနှင့်အတူ အသက်အရွယ်ရနေပြီဖြစ်သော အမေဖြစ်သူအား သူနှင့်အတူနေဖို့ ရင်လှိုင်းသစ်ခေါ်ထားခြင်းဖြစ်သည်။ သုံးဦးသာ ရှိတော့သည့် မိသားစုပြန်ဆုံကာ အတူနေရမည်ဖြစ်၍ အမေဖြစ်သူ၏ပျော်ရွှင်ကြည်နူးနေသည့်အသံကို ရင်လှိုင်းသစ်မှန်းဆ၍ရသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

ပြပွဲမှပြန်သောအခါ ညနေပင်စောင်းလုပြီ။ ကားကို အိမ်ရှေ့မှာရပ်ပြီး အိမ်တံခါးကိုဖွင့်ရန် ဘောင်းဘီအိတ်ထဲမှသော့ကို ထုတ်လိုက်သည်။

"ဟင် အိမ်သော့က ခတ်မထားပါလား၊ ငါ မနက်က သေချာခတ်ထားခဲ့ပါတယ်"

တစ်ယောက်တည်း ဖဝေဖဝါတွေးရင်း အိမ်ထဲသို့ ဝင်ရန် တံခါးအား အသံလုံအောင်ဖွင့်သည်။ ခပ်မှိန်မှိန်မီးရောင်သာထွန်းထားသည့် အိမ်ထဲတွင် တစ်စုံတစ်ယောက် ဝင်နေပြီဆိုသော အငွေ့အသက်ကို ရသည်။

မြို့ပြင်လမ်းမတစ်လျှောက်လည်း လူသူရှင်းနေ၏။ အသံတွေကလည်း တိတ်ဆိတ်နေပြန်သည်။ ဟိုရှာသည်ရှာနှင့် မီးခလုတ်ရှိရာနားသို့ရောက်ချိန်တွင် ရိပ်ခနဲ မြင်လိုက်သလို သူ့တစ်ကိုယ်လုံး ဖိန့်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



အေးသွားသည်။

ခြေသံကို လုံအောင်နင်းပြီး မီးခလုတ်ရှိရာသို့ သွားသည်။ မီးခလုတ်ဖွင့်ရန် လက်လှမ်းရွယ်စဉ်မှာမှပင် ရင်လှိုင်းသစ်လက်အား လှမ်းကိုင်လိုက်သော အထိအတွေ့ကြောင့် သူ့တစ်ကိုယ်လုံး ဆတ်ခနဲ တုန်တက်သွား၏။

''အမလေး''

''ညွန့်ပါ ကိုကိုရဲ့''

''ဟင် ညွန့်''

မီးခလုတ်ကို ညွန့်ကိုယ်တိုင်ဖွင့်လိုက်သဖြင့် ဧည့်ခန်းမီးအလင်းရောင်တွေ ဖြာထွက်သွားသည်။

''ညွန့်က ဒီအိမ်ထဲ ဘယ်လိုရောက်နေတာလဲ''

ညွန့်က ရင်ဟနေသော ရှပ်အင်္ကျီကို တစ်ချက်ဆွဲစေ့ရင်း မျက်လုံးလေးဝင့်ကြည့်သည်။

''ကိုကို ညွန့်မသိဘဲ အိမ်အပြန် ဘယ်ကောင်မလေးကို ခေါ်လာမလဲဆိုတာ သိရအောင် ကိုကို့အိမ်ထဲ တိတ်တိတ်ကလေး လာပုန်းပြီး စောင့်ဖမ်းတာလေ''

ရင်လှိုင်းသစ် ညွန့်၏ပခုံးနှစ်ဖက်ကို အသာအယာဆုပ်ကိုင်လျက် ညွန့်နဖူးစကို နှုတ်ခမ်းနှင့်တစ်ချက်နမ်းလိုက်သည်။

''ညွန့်ကလည်းကွာ ကိုကို့မှာ ညွန့်တစ်ယောက်ထဲ ရှိတာကို ကိုကိုက ဘယ်မိန်းကလေးကို အိမ်လည်ခေါ်စရာအကြောင်းရှိပဲ ပြော''



www.burmeseclassic.com

www.burmeseclassic.com



"ပြောရမလား ကိုကို့မှာ ညွှန်းအပြင် ကောင်မလေးတွေအများကြီးလေ၊ တစ်နေ့က အောက်ဒိုးထွက်တော့ ပိုးအိဆိုတဲ့ကောင်မလေးကို ကိုကို အဖော်ခေါ်သွားတယ် မဟုတ်လား"

ရင်လှိုင်းသစ် ဘာမှမပြောဘဲ ဟနေသည့် ရှပ်အင်္ကျီကြားမှ ဝင်းဝါမို့ထွက်နေသော ညွှန်း၏ရင်ညွှန့်ကို တစ်ချက်ငုံ့နမ်းလိုက်သည်။

"အဲဒါက အဖော်သဘောမျိုး ခေါ်သွားတာမဟုတ်ဘူး၊ သူက ယဉ်ကျေးမှုတက္ကသိုလ် ပန်းချီမေဂျာက ကျောင်းသူ၊ ကိုယ့်ရဲ့ရေးချက်ရေးဟန်တွေကို အားကျလို့ ပညာသင်သဘောမျိုးနဲ့ ကိုယ့်ဆီမှာလာပြီး သင်နေတာပါ၊ ကိုကို အောက်ဒိုးထွက်မယ်ဆိုတာ သူသိပြီး လိုက်မယ် ပြောတော့ မလိုက်နဲ့လို့ ဘယ်ပြောလို့ဖြစ်မလဲ၊ ဒါကြောင့် ခေါ်သွားတာ"

ညွှန်း နားထောင်ရင်း နှုတ်ခမ်းတစ်ချက် မဲ့လိုက်သည်။ ကောင်မလေးတွေ တစ်ယောက်ပြီးတစ်ယောက် တွဲနေတာ ညွှန်းမသိဘဲနေပါ့မလား။ သိသိနှင့် ညွှန်းကိုယ်တိုင်ကော ရင်လှိုင်းသစ် ဘာလို့ တွယ်ငြိနေခဲ့သလဲ။ ကိုယ်ကာယတောင့်တင်းမှုကော၊ ဆံပင်စတိုင်ကော၊ အပြောအဆိုအထိအတွေ့ကော ရင်လှိုင်းသစ်နှင့်ဆုံဖူးသူတိုင်း ကြွေကျမြေခသွားရသူချည်း။

"ဟော့ မဲ့မနေနဲ့ ကိုကို တကယ်ပြောနေတာကွ၊ ညွှန်းကလွဲပြီး ကိုကို့ရဲ့ဟောဒီရင်ဘတ်ထဲကို ဘယ်သူမှ အဝင်မခံနိုင်ဘူး၊ ဒါနဲ့ ညွှန်း ဒီအိမ်ထဲကို ဘယ်ကဘယ်လို ဝင်နေတာလဲ၊ ဖောက်ထွင်းဝိဇ္ဇာများ ခေါ်လာသလား"



www.burmeseclassic.com

www.burmeseclassic.com



ရင်လှိုင်းသစ်အမေးကြောင့် ညွန်း တခစ်ခစ်ရယ်ရင်း

"ဘယ်ဖောက်ထွင်းဝင်ဖွာမှ ခေါ်မလာဘူး။ တလောက ကိုကိုက ညွန်းကို အိမ်စောင့်ခိုင်းတုန်း ကိုကို့ရွှေသော့ကို ပုံတူသော့တစ်ချောင်း လုပ်ထားတာလေးပဲ"

ရင်လှိုင်းသစ် ညွန်းခန္ဓာလေးကို ဖွေ့ခနဲပွေ့ချီပြီး ညည့်ခန်း နှစ်ယောက်ထိုင်ဆိုဖာပေါ် တင်လိုက်၏။ ညွန်းသည် ရွှန်းလဲ့တောက်ပသော မျက်ဝန်းအစုံဖြင့် ရင်လှိုင်းသစ်ကို လှမ်းကြည့်၏။ ညည့်ခန်းရှိ ခန်းဆီး လိုက်ကာများအား ရင်လှိုင်းသစ် လေတချွန်ချွန်ဖြင့် လိုက်ပိတ်သည်။

ရင်လှိုင်းသစ် ဘာကိုရည်ရွယ်သည်ကို သိလျက်နှင့် ညွန်း မေးဖြစ်အောင် မေးလိုက်သည်။

"ဘာလုပ်မလို့လဲ ကိုကို"

"ကိုကို့အိမ်ထဲသို့ ခိုးဝင်လာတဲ့ညွန်းကို ဒီည အိမ်ပြန်မလွှတ် ဘဲ အပြစ်ပေးမလို့"

ပြောပြောဆိုဆို ညွန်း၏ရုပ်အင်္ကျီကြယ်သီးများအား ရင်လှိုင်း သစ် ခါးကုန်း၍ တစ်လုံးချင်းဖြုတ်ရင်း ညွန်း နှုတ်ခမ်းဖူးဖူးလေးကို ဖိကိုက်နမ်းရှိုက်လိုက်သည်။

ညွန်းမျက်တောင်ကော့ကြီးများ မေးစင်းကာ ကိုယ်ခန္ဓာမှာလည်း အောက်သို့လျောကျသွား၏။ ရင်လှိုင်းသစ်နမ်းနေရင်းမှ ဒူးထောက်ချ လျက် မိမိ၏ခန္ဓာကိုယ်ပေါ်ရှိ အဝတ်အစားကို ချွတ်သည်။

ညွန်းလက်ချောင်းလေးများသည် ရင်လှိုင်းသစ်၏ရင်ဘတ်မွေး



www.burmeseclassic.com

www.burmeseclassic.com



များအား ပွတ်သပ်လျက်ရှိ၏။ ရင်လှိုင်းသစ်ပါးသိုင်းမွေးစစနှင့် ညွန်းလည်တိုင်ကို ပွတ်သပ်နမ်းရှိုက်သောအခါ ညွန်းအသံထွက်အောင်ပင် ညည်းမိသည်။

လျှို့ဝှက်ချက်နှင့်ဖန်ဆင်းထားသော လွင်ပြင်တစ်ခုသည် ညမီးရောင်မှိန်မှိန်တွင် လင်းလင်းရှင်းရှင်း ပြိုကျလာ၏။ သက်ကြီးခေါင်းချချိန်၌ ရင်ခုန်သံတွေ ပွင့်လေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

အိမ်ရှေ့မှ သီချင်းသံအကျယ်ကြီးဖွင့်နေသော သားကို လှမ်းဟန့်ဖို့ပင် မေ့ ခေါင်းမထူနိုင်ပါ။ ခုတလော တော်ရုံတန်ရုံဆို မေ့ ခံနိုင်ရည်မရှိ။

ညနေက သားကို သင်တန်းသွားပို့ရင်း ကားထဲမှ သင်တန်းခန်းမသို့အဝင် ခေါင်းကို မိုးနည်းနည်းထိသွားသည်။ အိမ်ပြန်ရောက်တော့ ခေါင်းတွေကိုက်ပြီး နားတွေပိတ်လာသည်။

ဆေးသောက်ပြီး အိပ်ရာထဲလှဲနေသည့်တိုင် သားဖွင့်နေသော သီချင်းသံက အာရုံကြောထိ ထိုးနှက်နေသလို။ ထို့ကြောင့် နားထင်ကို ခေါင်းအုံးနှင့်ဖိကာ အသာမှိန်းနေလိုက်သည်။

ထိုခဏ၌ အခန်းတံခါးလော့ခ်ဖွင့်သံကြောင့် မျက်လုံးတို့မှေး နေရာမှ အသာဖွင့်ကြည့်လိုက်သည်။

"မောင်တောင် ပြန်လာပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ အတက်ချိုကော့ကို စားပွဲပေါ် ကပျာကယာတင်၍ မေ့ဆီသို့ စိုးရိမ်တကြီး မောင်ကပ်လာသည်။

"ဘာဖြစ်လို့လဲ မေ့၊ နေမကောင်းဘူးလား မေ့အသံတစ်မျိုး ဖြစ်နေတယ်"

နားထင်ကို ခေါင်းအုံးနှင့်ဖိထားရာမှ ဖယ်ခွာရင်း မောင့်ကို ခပ်ယဲ့ယဲ့ပြုံးပြမိသည်။

"ညနေက မိုးနည်းနည်းမိသွားလို့ ထင်တယ်၊ နှာစေးနှာပိတ် ဖြစ်သွားတာပါ မောင်ရယ်"

"ဒါကြောင့် မေ့အသံက နှာခေါင်းသံပါနေတာကိုး၊ ဆေးရော သောက်ထားလား"

မေ့မျက်နှာပေါ်မှ ခေါင်းအုံးကိုဆွဲဖယ်ပြီး မောင်က မေ့နဖူးစကို ခပ်ဖွဖွနမ်းသည်။ နှာခေါင်းပိတ်၍ အသက်ရှူပါကျပ်နေသော မေ့ကိုကြည့် ပြီး မောင် စိတ်ပူနေပုံရသည်။

"ဖျားတော့မဖျားပါဘူး၊ နှာခေါင်းတွေပိတ်ပြီး အသက်ရှူရ ခက်တာနေမှာပါ"

"ဟုတ်တယ် မောင်၊ ဆေးတော့သောက်ထားတာပဲ၊ သက်သာ သွားမှာပါ"

"နေဦး နှာခေါင်းပိတ်ရင် ရှူတဲ့ iliadin ဆိုတဲ့ ဆေးရှိတယ်၊ မောင်သွားယူပေးမယ်၊ အဲဒါလေး လောလောဆယ် ရှူထားလိုက်"

ပြောပြောဆိုဆို စိတ်မြန်သော မောင်က ခဏအကြာ ဆေးဘူး



www.burmeseclassic.com

www.burmeseclassic.com



လေးကိုင်ကာ အခန်းတွင်းပြန်ဝင်လာသည်။

"ရော့ မေ့ ဒါလေး ညှစ်ထည့်ပြီးရှူလိုက်၊ ခဏနေ သက်သာသွားလိမ့်မယ်"

မောင်ပြောသလို မေ့ ရှူလိုက်ပြီး ခဏပြန်လှဲတော့ မောင်က ကြင်ကြင်နာနာ လက်မနှစ်ဖက်နှင့် မေ့နားထင်ကို ဖိနှိပ်ပေးသည်။

မောင်၏ ဂရုစိုက်ကြင်နာမှုတွေကို မြင်တိုင်း မေ့ မျက်ရည်ဝဲတက်တာ အမှန်။ ဘဝမှာ အမည်းစက်ထင်ကျန်ခဲ့ဖူးသည့် မေ့ကို မောင်သည် ဘယ်သောအခါမှ အပြစ်မပြောဘူးခဲ့။ မောင်၏ဖြူစင်သော မေတ္တာများသည် မေ့နှင့်မထိုက်တန်မှန်း သိသော်လည်း မောင့်ကိုရင်ထဲမှာ အကြိမ်ကြိမ်တောင်းပန်ရင်း ကျန်ရှိသော အိမ်ထောင်သက်တမ်းအတွင်း အပြစ်တွေပေးဆပ်ဖို့ ဆုံးဖြတ်ခဲ့ပြီးသားပင်ဖြစ်သည်။

"ဟော့ မေ့ ဘာတွေတွေးပြီး ဒီမျက်ရည်က ကျရပြန်တာလဲ"

မေ့ပါးပြင်ကို ခပ်ဖွဖွဆွဲကိုင်ပြီး မေးလာသော မောင့်အမေးကြောင့် အတွေးတွေထဲမှ ရုန်းထွက်ပြီး မောင့်ကို အကြည်လင်ဆုံး ပြုံးပြလိုက်မိသည်။

"မောင်က မေ့ကို အရမ်းချစ်ခဲ့တာတွေကိုတွေးပြီး ပီတိဖြစ်ရသလို ဘယ်လိုနည်းနဲ့မှ ဆပ်လို့မကျေနိုင်ဘူးဆိုတာတွေးမိတိုင်းလည်း မေ့ ဝမ်းနည်းတယ်"

"အဲဒါတွေ မပြောပါနဲ့တော့ မေ့ရယ်၊ မောင်က မေ့ကို မောင့်ဘဝထက်ပိုပြီး တန်ဖိုးထားတယ်၊ မောင် အသက်ရှူတိုင်း မောင့်အသိ



www.burmeseclassic.com

www.burmeseclassic.com



တရားထဲမှာ မေ့အမြဲရှိတယ်၊ ဒါဟာ ဘယ်တော့မှ ပြောင်းလဲသွားမှာ မဟုတ်ဘူးဆိုတာ မေ့ယုံပါ''

''မောင်ရယ် အဲသလောက်ထိ လေးလေးနက်နက်ချစ်ပေးလို့ ကျေးဇူးတင်ပါတယ်၊ မောင့်မေတ္တာကြောင့် မေ့ အခုခံစားနေရတဲ့ ဝေဒနာတောင် ပျောက်သွားပါပြီ မောင်ရယ်''

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

•

## အခန်း (၄)

"ဟဲ့ သမီး၊ ကားတွေက အရမ်းကိုရှုပ်နေတာ၊ အမေတို့ ဟိုဘက်ကားလမ်းကူးဖို့ လွယ်ပါ့မလားအေ၊ ငါ့နှယ် စိတ်ညစ်တော့တာပါ ပဲ"

ကားလမ်းကူးရန် အမေ့လက်အား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော ရင်မြန်းသစ်သည် အမှန်ပင် ဇောချွေးများပျံနေသည်။ အမေ ကြောက်မည်ဆိုလည်း ကြောက်စရာပင်ဖြစ်၏။ ရန်ကုန်မြို့ကြီးသည် ဟိုးယခင် လွန်ခဲ့သော ဆယ်နှစ်လာလည်တုန်းက အခြေအနေနှင့် တခြားဆီ ဖြစ်၍နေပြီ။

ကားတွေ လူတွေ ခေတ်မီမိုးမျှော်တိုက်ကြီးတွေသည် ရင်မြန်းသစ်တို့ ရောက်ဖူးစဉ်က ရန်ကုန်မြို့မှ ဟုတ်ပါလေစဟု သံသယဝင်ချင်စရာကောင်းလောက်အောင် ထည်ဝါခမ်းနားလွန်းလှသည်။

"အမေရယ် အရေးထဲကျမှ အမေ့သားက ဖုန်းဆက်လို့လည်း မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းလိုင်းတွေ မမိလို့နေမှာပါအေ"

"အခု ဒီလောက်ကားတန်းတွေ အများကြီးထဲကနေ ဟိုဘက်လမ်းကို သမီးလည်း ဘယ်လိုမှ မဖြတ်ကူးရဲဘူး အမေရဲ့ ဒုက္ခပါပဲ"

ရင်မြန်းသစ် ရှက်လည်းရှက် ကြောက်လည်းကြောက်နှင့် တစ်ဖက်လက်က အမေ့ကိုကိုင်၊ တစ်ဖက်ပခုံးပေါ်အိတ်ကိုလွယ်၊ တစ်ဖက်လက်နှင့် အိတ်တစ်လုံးကိုဆွဲနှင့် တစ်ကိုယ်လုံးတုန်ကာ မျက်လုံးလေးဝေ့ဝဲလျက် သူများတကာ ကူးနေဖြတ်နေကျတာတွေကို ကြည့်နေမိ၏။

"ဒီက အန်တီနဲ့ညီမက ဟိုဘက်လမ်းကို ကူးကျမလို့ထင်တယ်"

အသံလာရာသို့ အားကိုးတကြီး ရင်မြန်းနှင့်အမေ မော့ကြည့်ဖြစ်သည်။ မယုံနိုင်စရာ။ တကယ့်လူရည်သန့်ရုပ်မျိုးနှင့် ချောမောခန့်ညားသော လူတစ်ဦးက လိုလိုလားလား လာမေးနေခြင်းဖြစ်သည်။ ဘာရယ်မဟုတ်၊ ရင်မြန်းသစ် ခြေဆုံးခေါင်းဆုံး ဖျတ်ခနဲ တစ်ချက် မျက်လုံးဝေ့ကြည့်ရင်း ကြက်သီးမွေးညင်းပင် ထသွား၏။ ချောလိုက်တာ။

"ညီမတို့ လမ်းကူးချင်တာ မဟုတ်လား၊ ပြောလေ အားမနာပါနဲ့"

မပြောရဲသလို တွန့်ဆုတ်နေသော ရင်မြန်းသစ်တို့သားအမိကို တံတိုင်းရံ ထပ်မေးဖြစ်သည်။

"ဟုတ်တယ် အစ်ကို၊ ရင်မြန်းတို့သားအမိ ဟိုဘက်လမ်းကို ကူးဖို့ ကားတွေကိုကြည့်ပြီး မကူးရဲလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



မငဲ့မရဲဖြေသောအသံလေးက နှစ်လိုဖွယ်ကောင်းသည်။ လှုပ်သွက်ဘာန်များက နယ်မှတက်လာမှန်းသိသာသော်လည်း လှန်ကြည့်သောမျက်ဝန်းညိုများက စွဲဆောင်မှုအားကောင်းလှသည်။

"ဒါဆို ကိုယ်လိုက်ကူးပေးပါ့မယ်၊ ကိုယ့်ကားကလည်း ဟိုတက်လမ်းမှာ ရပ်ထားတာမို့ ကိုယ်လည်း ကူးရမယ့်အတူတူ လိုက်ခဲ့"

"အေးပါ သားရယ်၊ ကျေးဇူးတင်ပါတယ် ဘုန်းကြီးပါစေ အသက်ရှည်ပါစေကွယ်"

ဒေါ်မြသစ် အားကိုးတကြီး ကမ်းလာသည့်လက်ကိုတွဲပြီး တစ်ဖက်လမ်းသို့ ကူးပေးလိုက်သည်။

"အမလေး ကျေးဇူးတင်လိုက်တာ သားရယ်၊ ကျန်းမာပါစေ ချမ်းသာပါစေတော်"

"ဩော် ဒါနဲ့ အဒေါ်တို့က ဘယ်ကားစီးမှာလဲ"

"လိုင်းကားပေါ့ သားရယ်"

"လိုင်းကားကော စီးတတ်ကျရဲ့လား"

"မစီးတတ်ပါဘူး သားရယ်၊ အဒေါ့်သားကို ဘူတာရုံရောက်ကတည်းက ဖုန်းခေါ်နေတာ ဖုန်းမကိုင်ဘူးလေ၊ အဲဒါ သူနဲ့အဆက်အသွယ်ရတဲ့အထိ စောင့်ရတော့မှာပဲလေ"

နဖူးမှစို့ထွက်လာသော ချွေးစအား သဘက်နှင့်သုတ်ရင်း လေပူတစ်ချက် မှုတ်ထုတ်လိုက်သည့် ဒေါ်မြသစ်ကိုကြည့်ရင်း တံတိုင်းရဲ ကူညီချင်စိတ်က ထပ်ဆင့်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုသွားမှာလဲ"

"သယ်နီးကျွန်းဘက်ကိုပါ အစ်ကို"

တံတိုင်းရုံကို အားနာသော်လည်း ရင်မြန်းသစ် လိုက်ပို့လို လိုက်ပို့ခြား မဝံ့မရဲလေးဖြေလိုက်၏။

"ကဲပါ ဘာမှတော့ သိပ်မထူးပါဘူး၊ အစ်ကိုပဲ အိမ်အထိ လိုက်ပို့လိုက်တော့မယ်၊ လာ လာ ဟိုဘက်မှာ အစ်ကို့ကား"

အားတုံ့အားနာဖြင့်ပင် မငြင်းလိုက်နိုင်။ ရှေ့မှအရင်ထွက်သွားသော တံတိုင်းရုံ၏ကျောပြင်ကို ရင်မြန်းသစ်ကြည့်ပြီး မဆီမဆိုင် ဆုတောင်းလိုက်မိသည်။ သည်လိုလူမျိုးနှင့် ဘဝတစ်သက်တာ ပေါင်းဖက်ခွင့်ရလျှင် ဘယ်လောက်များကောင်းလိုက်လေမလဲဟု။

■ ■ ■

"ကိုယ့်အမေနဲ့ကိုယ့်အစ်မ ဒီနေ့ရောက်မယ်ဆိုတာ သိရဲ့သားနဲ့ ဘာဖြစ်လို့ ဖုန်းမကိုင်ရတာလဲ"

အိမ်ရောက်ရောက်ချင်း အမေ့၏ဆူပူသံကြောင့် ကိုယ့်အမှားနှင့်ကိုယ် အရင်ဆုံး ပါလာသောအထုပ်တွေ ပြေးဆွဲပြီးမှ ဆင်ခြေပေးမိသည်။

"မကိုင်တာ မဟုတ်ပါဘူး အမေရာ၊ ဖုန်းသံမကြားလို့ပါ၊ သူငယ်ချင်းရဲ့စတူဒီယိုခန်းထဲ ရောက်နေတော့ ဖုန်းသံက ဘယ်ကြားပါ့မလဲ"

"သူငယ်ချင်းက ကောင်မလေးလား"



www.burmeseclassic.com

www.burmeseclassic.com



ရင်မြန်းသစ် ပါလာသော ဆွဲအိတ်ကိုချရင်း မောင်ဖြစ်သူ၏ အကြောင်းကို သိနေ၍ တမင်ရွဲ့မေးလိုက်ခြင်းဖြစ်သည်။

''ဟာ မမကလည်း မေမေက ဆူနေပါတယ်ဆိုမှ အချွန်နဲ့မ နေပြန်ပြီ၊ ကဲ ကဲ နားကြဦး၊ အမေနဲ့ မမ တစ်ခုခုစားဖို့ ကျွန်တော် သွားဝယ်လိုက်ဦးမယ်၊ ဘာမှလုပ်မနေကြနဲ့''

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မေမေနှင့်မမရောက်ပြီး တစ်ပတ်လောက်အတွင်း ရင်လှိုင်းသစ်၏ တိုက်ခန်းသည် ပစ္စည်းများသူ့နေရာနှင့်သူ စနစ်တကျသေသပ်သွား၏။ ညှော်ခန်းရှိခန်းဆီးလိုက်ကာများမှစ၍ ဖုန်နှံ့မရှိတော့ဘဲ မွှေးပျံ့နေ၏။

"မမ ကျွန်တော့်အိပ်ခန်းကို ဘာလို့ရှင်းလိုက်တာလဲ"

"ဟဲ့ စုတ်ပြတ်ညစ်ပတ်နေလို့ပေါ့ဟဲ့"

"ဟာဗျာ ကျွန်တော့်အခန်းကို ရှင်းတာမကြိုက်ပါဘူးဆို"

"အောင်မာ စေတနာနဲ့လည်း ရှင်းရသေးတယ်၊ စောက်ပြစ်ကလည်း ပြောချင်သေးတယ်"

အဝတ်အစားများ မီးပူတိုက်နေရာမှ ရင်မြိန်းသစ် မကျေမချမ်းမျက်လုံးနှင့် မောင်ဖြစ်သူကိုကြည့်ကာ ပြောသည်။

"အပြစ်ပြောနေတာ မဟုတ်ပါဘူး မမရယ်၊ ကျွန်တော့်ရဲ့ရင်းသက မမနဲ့နေခဲ့တဲ့ အငွေ့အသက်လေးတွေအားလုံး မပျောက်ပျက်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ရင်လှိုင်းသစ် ပြောနေရင်းမှ ပြတင်းမှလိုက်ကာအားဆွဲကာ အိမ်ပြင်သို့ ငေးကြည့်သည်။

"သားလည်း မိန်းမယူသင့်ပြီနော်၊ ကောင်မလေးတွေတစ်ယောက်ပြီးတစ်ယောက် တွဲနေမယ့်အစား ကိုယ့်အိမ်ထောင်လေးနဲ့ကိုယ် တည်တည်ငြိမ်ငြိမ်လေး နေသင့်ပြီ"

အိမ်ရှေ့မှ အဝတ်များရုတ်ရင်း ဝင်လာသော အမေက တစ်စွန်းတစ်စအကြားနှင့် ဝင်ပြောပုံရသည်။ ရင်လှိုင်းသစ် အမေ့ဘက်ပြန်လှည့်ပြီး အသက်မပါသောအပြုံးတစ်ချက် ပြုံးဖြစ်သည်။

"သား မမကို မေ့လို့မရသေးဘူး၊ အဲဒါကြောင့်လည်း အိမ်ထောင်ပြုမယ် မထင်သေးဘူး"

ရင်လှိုင်းသစ်စကားကြောင့် အမေနှင့်အစ်မဖြစ်သူ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

"သားရယ် ပိုင်ရှင်ရှိပြီးသားကိုမှ သွားပြီး စွဲလန်းနေတာကိုး။ ဒီမိန်းကလေးကို ဘာလို့ ခုထိများ မမေ့သေးတာလဲ သားရယ်၊ သူ့ခမျာလည်း သူ့အိမ်ထောင်နဲ့သူ၊ တည်တည်ငြိမ်ငြိမ် ပြန်ဖြစ်နေပြီ၊ သားဘက်က စပြီး မမှားသင့်တော့ဘူး"

ထိုစကားထက် ရင့်သီးသောစကားမျိုးလည်း မေမေနှင့်မမက ရင်လှိုင်းသစ်အား အခါခါပြောနေကျဖြစ်သည်။ သို့သော် အမေနှင့်မမ ဘယ်လိုပြောပြော ရင်လှိုင်းသစ်ရင်ထဲမှာ မမကို ဘယ်တုန်းကမှ အမှ လျော့သွားသည်ဆိုတာမရှိ။



www.burmeseclassic.com

www.burmeseclassic.com



မမကကော မေ့သွားမယ်ထင်ပါသလား။ မမနှင့်သူ အတူတူ နေခဲ့စဉ်ကာလ မမ သူ့အပေါ်စွဲလန်းသထက်စွဲလန်းသွားအောင် သူ အတတ်နိုင်ဆုံး ယုယကြင်နာခဲ့မှုတွေက သက်သေပင်ဖြစ်သည်။

မမအသိစိတ်က ရင်လှိုင်းသစ်ဆိုတဲ့ကောင်ကို သေလုအောင် မုန်းနေပေမယ့် မမရဲ့မသိစိတ်ကကော တမ်းတမနေနိုင်ပါဘူးလို့ ဘယ်သူ တပ်အပ်ပြောနိုင်မလဲ။

ရင်လှိုင်းသစ် မေမေနှင့်မမကို ဘာမှပြန်မပြောတော့ဘဲ သူ့ အိပ်ခန်းရှိရာသို့ တန်းဝင်ခဲ့သည်။ တံခါးလက်ကိုင်လှည့်ဖွင့်လိုက်ကတည်း က အခန်းသည် အရင်လို ပစ္စည်းပစ္စယများနှင့် ဖရိုဖရဲမဟုတ်တော့။ သူ ရေးဆွဲထားသော မမ၏ပန်းချီကားများပင် အခန်းထောင့်ခုံပေါ်တွင် အစီအရီ ထပ်ပြီး ထောင်ထား၏။

ပန်းချီ စတန်းပေါ်ရှိ ဆွဲလက်စ ပန်းချီကားနှင့် ကုလားထိုင် တစ်လုံး၏ဘေးရှိ စုတ်တံများ၊ ဆေးများကိုတော့ မမက မတို့ထိဘဲ သည်အတိုင်းထားခဲ့ပုံရသည်။

သေသပ်တင်းရင်းနေသော ကြက်သွေးရောင်အိပ်ရာခင်းပေါ်သို့ သူ့တစ်ကိုယ်လုံး ပစ်လှဲချလိုက်သည်။ လက်တစ်ဖက်က လက်ပြောင်းပြန် နှင့် ခေါင်းအုံးအောက်မှ ဓာတ်ပုံအယ်ဘမ်ကို နှိုက်လိုက်သည်။

ရင်ခုန်ယစ်မူးစွာနှင့် အယ်ဘမ်လေးကို ဖွင့်လိုက်၏။ မမ၏ အဝတ်အစားမဲ့သဘာဝအလှပုံလေး ပေါ်လာသည်။ သူ အရင်စလို နမ်း လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ် ပက်လက်အနေအထားနှင့် မမ အကာအကွယ်မဲ့ အိပ်ပျော်နေသောပုံလေး။ ချစ်လိုက်တာ မမရယ်။

ဒီပုံတွေရိုက်ထားတာ မမမှမသိခဲ့ဘဲ။ ရင်လှိုင်းသစ်နှင့်မမတို့ အစွမ်းကုန်ချစ်ပွဲဝင်ပြီးတိုင်း မမ မောပန်း၍ အိပ်မောကျသွားတတ်သည့် အချိန်တွေကို အခွင့်ကောင်းယူလျက် တိတ်တဆိတ်ရိုက်ခဲ့သည့် မမပုံတွေ။

ခုလို အချိန်အခါမျိုး မမကို သတိရလျက် သွေးသားဆူဝေလာသည့်အခါတိုင်း မမဓာတ်ပုံများအား ရင်လှိုင်းသစ် မမှိတ်မသုန်ကြည့်ကာ စိတ်ကူးနှင့်အပန်းဖြေတတ်သည်။

မမ မမရယ် ကျွန်တော် မမတစ်ကိုယ်လုံးကို နမ်းနေပါရစေနော်။ မမနဲ့ထပ်တွေ့ဖို့ ကျွန်တော် ဘယ်နည်းနဲ့ဖြစ်ဖြစ် ထပ်ကြိုးစားချင်တယ်။ ကျေးဇူးပြုပြီး ကျွန်တော်နဲ့အရင်လို ပြန်နေပေးပါ။ ကျွန်တော်နဲ့ မမ အရင်တုန်းကလို စိတ်တူကိုယ်တူ ပြန်ချစ်ကြရအောင် မမရယ်နော်။

မမအပေါ်ထားတဲ့ ကျွန်တော့်အချစ်တွေက ဘာနဲ့မှအစားထိုးချေဖျက်လို့ မရဘူး မမရယ်။ ကျွန်တော့်နောက်ဆုံးထွက်သက်အထိ ချစ်နေဦးမှာပါ မမရယ်။

ချွေးတွေတစ်ကိုယ်လုံး စိုနင့်နေရာမှ ရင်လှိုင်းသစ် မျက်ရည်တွေပါ ဝေ့ဝဲလာသည်။ မမနဲ့ပတ်သက်လာရင် လှိုင်းဆိုတဲ့ကောင်ဟာ အရူးတစ်ကောင်လိုပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"မေမေ ဒီနေ့ သားနဲ့ ကျော်ကျော် ရေကူးပြိုင်တာ သားနိုင်တယ် သိလား မေမေ"

ရေကူးသင်တန်းမှ သားကိုကြိုလာပြီး ကားပေါ်တွင် သင်တန်းအတွေ့အကြုံများအား အမြဲတမ်း ပြောပြတတ်သော သားစကားတွေကို မေ့ အမြဲတမ်း နားထောင်နေကျဖြစ်သည်။

"ဟုတ်လား မေမေ့သားက တော်လိုက်တာ၊ ဒါဆို ဒီနှစ်ရေကူးပြိုင်ပွဲမှာ မေမေ့သားလေး ဗိုလ်ဆွဲမယ်ထင်တယ်"

ကားမောင်းရင်း သားနှင့်အတူ ကြည်ကြည်နူးနူးစကားတွေဖောင်ဖွဲ့အောင် ပြောလာခဲ့သည်။ သားလေးက ကြီးကောင်ဝင်လာတော့ အရပ်ရှည်ထွက်လာပြီး အသံပါပြောင်းလာ၏။ လူပျိုပေါက်အရွယ်မရောက်တစ်ရောက်သားက သူ့အဖေထက်စာရင် မေ့နှင့်ပိုတူ၏။



www.burmeseclassic.com

www.burmeseclassic.com



သားလေး မေ့နှင့်တူသည်ကို မောင်က သဘောကျနေသည်။ လောကကြီးထဲမှာ မေ့ကိုယ်ပွားလေးတစ်ယောက် တိုးတာပေါ့ဟု အမြဲ ကျေကျေနပ်နပ် ပြောလေ့ရှိ၏။

"မေမေ သား ဗိုက်အရမ်းဆာနေပြီကွာ၊ အကင်ဆိုင်ဝင်စား ရအောင်"

သားစကားကြောင့် မေ့မျက်နှာ အနည်းငယ် ပျက်သွားသည်။ ကားပေါ်မှ သား လက်ညှိုးထိုးပြသည့်ဆိုင်က ဟိုးယခင်က လှိုင်းနှင့်သူ ဆုံခဲ့ကြသည့်ဆိုင်၊ မဆီမဆိုင် အတိတ်ကိုပြန်တွေးရင်း မေ့ရင်ထဲ ကိုယ့်ကို ကိုယ် အလိုမကျသလို တနုံ့နုံ့နှင့်ဒေါသထွက်လာသည်။

"သားရယ် အကင်မစားစမ်းပါနဲ့၊ တခြားဟာစားပါလား သား ရဲ့"

"အကင်က ဘာဖြစ်လို့လဲ မေမေရဲ့၊ အဲဒါ ဖေဖေ့ဆိုင်ဆို၊ ဖေဖေနဲ့သား ခဏခဏ စားနေကျပဲဟာ၊ အရမ်းမိုက်တယ်"

"ကဲ ဒါဆိုလည်း မေမေ သားကို တခြားဆိုင်က အကင်ဝယ် ကျွေးမယ်"

"ဟာ မေမေကလည်း သားဆာလှပါပြီ၊ ပြီးတော့ ဒီဆိုင်က အကင်ပဲ သားကြိုက်တာ"

တဖွတ်ထိုးဆန်သော သားအကျင့်ကြောင့် မေ့ ခြေမကိုင်မိ လက်မကိုင်မိနှင့် အမူအရာပျက်သွား၏။ ထို့ကြောင့် မေ့စိတ်ထဲရှိရာ ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မေမေနဲ့ အဲဒီဆိုင်က စားပွဲထိုးတစ်ယောက်နဲ့ ပြဿနာတက်ထားတယ်၊ ဒါကြောင့် မေမေ အဲဒီဆိုင်ကို မသွားချင်တာ၊ သွားရင် သူတို့တစ်ခုခုမဟုတ်တာလုပ်ရင် ဘယ်လိုလုပ်မလဲ"

မေ့စကားကို သား တကယ်ယုံသွားသည်ထင်၏။ မျက်လုံးလေး ကလယ်ကလယ်နှင့် စဉ်းစားသလိုတွေးရင်း မေ့ကို ပြန်ပြော၏။

"အင်းလေ မေမေ့သဘောပဲ၊ သားတို့ တခြားဆိုင်မှာပဲ သွားစားကြရအောင်နော်"

ကားမောင်းနေရင်းမှ သား၏ချစ်စရာကောင်းသော ပါးဖောင်းဖောင်းလေးကို ချစ်စနိုးဆွဲလိမ်လိုက်ရင်း

"မေမေ့သားလေးက လိမ္မာလိုက်တာကွယ်၊ မေမေတို့ ဆရာစံလမ်းမှာ သွားစားကြမယ်နော်"

သူ့အလိုလို အလိုက်သိသော သားကြောင့် မေ့ ခုမှပင် စိတ်အေးရသည်။ ထို့နောက် ကားကို ဆရာစံလမ်းဘက်သို့ ဦးတည်မောင်းလိုက်သည်။

■ ■ ■

"မမ"

"ဟင် မင်း မင်း"

သားလက်ကို ဆွဲကိုင်ဝင်လာသော မေ့သည် ထင်မှတ်မထားသော ရုတ်တရက် ရင်လှိုင်းသစ်ကို မြင်လိုက်ရ၍ တစ္ဆေသရဲတစ်ကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသလို ထိတ်လန့်တွန့်ဆုတ်သွားသည်။

"မတွေ့တာတောင် တော်တော်ကြာပြီနော် မမ"

ဘာမှမဖြစ်ခဲ့သလိုဟန်ဖြင့် နှုတ်ဆက်ကာ အကြည့်ရဲတင်းစွာ မေးလာသော ရင်လှိုင်းသစ်၏နှုတ်ဆက်မှုကို မေ့ ဘယ်လိုတုံ့ပြန်ရမှန်းမသိအောင် စိတ်တွေလှုပ်ရှားလာသည်။

"သား လာ မေမေတို့ နောက်တစ်ဆိုင်သွားရအောင်"

ရုတ်တရက် ထွက်လာသော ဆုံးဖြတ်ချက်နှင့် သားလက်ကိုဆွဲကာ ဆိုင်မှ ပြန်ထွက်လိုက်သည်။ သားက နားမလည်သလို မေး၏။

"ဘာဖြစ်လို့လဲ မေမေ"

သားအမေးကို ဖြေဖို့ထက် ကားဆီကို ရောက်ဖို့သာ စိတ်စောနေသည့် မေ့အမူအရာသည် သားရှေ့တွင် ဘယ်လိုမှ ဣန္ဒြေမဆည်နိုင်တော့။ ကားတံခါးအား ခပ်မြန်မြန်ဆွဲဖွင့်လိုက်ပြီး သားကို ကားထဲဝင်ထိုင်စေလိုက်သည်။

ပြီးမှ မေ့ကားမောင်းသူနေရာသို့ ပြန်လှည့်အလာ ရင်လှိုင်းသစ်သည် ကားကိုလက်တစ်ဖက်ထောက်လျက် ပိတ်ရပ်လိုက်သည့်အတွက် ဒေါသနှင့်ကြောက်စိတ်ပေါင်းပြီး လူတစ်ကိုယ်လုံး တုန်တက်သွား၏။

"မမ ကလေးရှေ့မှာ ဘာဖြစ်လို့ ဒီလောက်အထိ အမူအရာတွေပျက်နေရတာလဲ"

"မင်းရှေ့က ဖယ်ပါ ရင်လှိုင်းသစ်"

မေ့ မျက်နှာချင်းဆိုင်မကြည့်ဘဲ မျက်နှာကိုတစ်ဖက်လွှဲလျက်



www.burmeseclassic.com

www.burmeseclassic.com



မှက်မှောင်ကျုံ့ကာ ပြောလိုက်၏။

"ဟာ မမ ဘာဖြစ်နေတာလဲ၊ ကျွန်တော် မမကို မထင်မှတ်ဘဲ ပြန်တွေ့လိုက်ရလို့ ဝမ်းသာလွန်းလို့ သဘောရိုးနဲ့ လာနှုတ်ဆက်တာပါ"

"အို မင်းနဲ့တို့ကြားမှာ ဘာသဘောရိုးနဲ့မှ နှုတ်ဆက်စရာ အကြောင်းမရှိတော့ဘူးလေ ဖယ်ပါ"

အခြေအနေအရပ်ရပ်ကို ပါးနပ်သော ရင်လှိုင်းသစ်က ကား တံခါးဆွဲဖွင့်ကာ ခေါင်းငုံ့ပြီး သားကို ချိုချိုသာသာ ပြော၏။

"သား ဦးက သားမေမေရဲ့ မိတ်ဆွေပါ၊ ဦး ခဏလေး စကား ပြောမယ်နော် သား ရလား"

"ရပါတယ် ဦးရဲ့"

ဘုမသိ ဘမသိ သားက ချိုချိုသာသာပင် ပြန်ပြောလိုက်၍ မေ့ ပို၍အခက်တွေ့သွား၏။ သားရှေ့မှာမို့ မေ့ ဘာပြောရမှန်းမသိခင် ရင်လှိုင်းသစ် စကားစလာသည်။

"အများကြီးမပြောပါဘူး မမရဲ့၊ ကျွန်တော် တစ်ခွန်းပဲ ပြော မှာပါ"

ရင်လှိုင်းသစ် စကားစဖြတ်ပြီး မေ့ကို ခြေဆုံးခေါင်းဆုံး စေ့စေ့ ကြည့်သည်။

"မမကို ကျွန်တော် ဘယ်တော့မှ မေ့လို့မရဘူး"

"သေလိုက်ပါလား"

"မမ ကားထဲမှာ သားရှိတယ်လေ၊ ဖြည်းဖြည်းပြောပါ၊ အိုကေ



www.burmeseclassic.com

www.burmeseclassic.com



လေ ကျွန်တော့်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားရင် ဆောရီးပါ မမ''

ပြောပြီးပြီးချင်း ရင်လှိုင်းသစ် ကျွန်းတံခါးဆွဲဖွင့်ပြီး မမ ဝင်နိုင်ပါပြီဆိုသည့် သဘောမျိုးနှင့် ဘယ်လက်နှင့် ကားဆီညွှန်ပြသည်။

''သားရေ တာ့တာ၊ ဦးကိုလမ်းတွေ့လည်း ခေါ်နော် သား''

''ဟုတ်ကဲ့ ဦးဦး''

စကားမဆုံးခင် တံခါးကို ဝုန်းခနဲပိတ်ကာ လီဗာကိုဖိနင်းပြီး ကားကိုဆောင့်ထွက်လိုက်သည်။ သားက ရုတ်တရက် နောက်သို့လှန်ကျရင်း နားမလည်သလို ကြည့်၏။ ဒေါသနှင့်နာကျည်းစိတ်ကြောင့် ဝေ့ဝဲလာသော မျက်ရည်တို့ကို သား မမြင်အောင် နှုတ်ခမ်းတစ်ဖက် ဖိကိုက်ရင်း ထိန်းသိမ်းလိုက်၏။

''မေ ခံစားနေရတာတွေကို ဘယ်သူ့ကိုမှ ဖွင့်ပြောပြလို့ မရပါလား မောင်ရယ်''

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဒီတစ်ညနေလုံး မေ့စိတ်တွေ ဂနာမငြိမ်ဖြစ်လွန်းသည်။ ရင်လှိုင်းသစ်နှင့်တွေ့ခဲ့ရသော အဖြစ်အပျက်က မေ့စိတ်တွေကို ကသိကအောက်ဖြစ်ရသည်။ ရင်လှိုင်းသစ်၏မျက်နှာပေး၊ ဘာမှဂရုမစိုက်သလို လေသံများကို တွေးမိရင်း စိတ်ထဲမှ ဒေါသထွက်နေမိ၏။

သားလေးရှေ့မှ ဟန်ဆောင်မြှုသိပ်ခဲ့ရသည်ကိုတွေးမိရင်း အားမလိုအားမရ တန့်နှံ့ခံစားနေရသည်။ တကယ်ဆို ပါးနားဆွဲရိုက်ကာ ရင်လှိုင်းသစ်မျက်နှာအား ကုတ်ခြစ်ပစ်လိုက်ချင်သည်။

ခုတင်ပေါ် ငူငူကြီးထိုင်ကာ ခေါင်းအုံးကို ရင်ခွင်ပိုက်လျက် မေ့ မျက်နှာမကောင်းတာကို ရေချိုးရန်အခန်းတွင်းသို့ ဝင်လာသော တံတိုင်းရဲ့ ရိပ်မိပုံရ၏။ အင်္ကျီချွတ်ရင်း တစ်ချိန်လုံး အကဲခတ်နေသော တံတိုင်းရဲက မေ့ဘက်လှည့်လာသည်။

"မေ့ ဘာဖြစ်နေလဲ၊ မျက်နှာလည်း မကောင်းပါလား"



www.burmeseclassic.com

www.burmeseclassic.com



လိမ်နေလှျှင်လည်း ထူးတော့မည်မဟုတ်၊ ပြီးတော့ မေ့ရင်ထဲမှာ တင်းကျပ်နေတာတွေ မောင့်ကိုဖွင့်ပြော အားကိုးချင်သည်။

"မေ့ ဒီနေ့ မမြင်မတွေ့ချင်တဲ့ ကျက်သရေမရှိတဲ့ကောင်နဲ့ တွေ့ခဲ့ရလို့ စိတ်ထဲမှာ မလန်းဘူးဖြစ်နေတယ် မောင်ရယ်"

မေ့ စကားကြောင့် မောင့် မျက်ခုံးနှစ်ဖက် အနည်းငယ်စုကျုံ့ ကာ သိချင်ဇောနှင့် မေး၏။

"ဟိုအကောင်ပဲ မဟုတ်လား မေ့"

"ဟုတ်တယ် မောင်၊ အဲဒီ ရင်လှိုင်းသစ်ဆိုတဲ့အကောင်ပဲပေါ့"

"ဟင် ဒီကောင် မေ့ စိတ်အနှောင့်အယှက်ဖြစ်အောင် ဘာများ ပြုမူသွားလို့လဲ"

"ပြောတဲ့စကားက ရိုးရိုးနှုတ်ဆက်ရုံ စကားမျိုးပါ၊ ဒါပေမဲ့ မောင်ရယ် မေ့ သူ့ကိုလုံးဝ မမြင်ချင်မတွေ့ချင်တော့တာ၊ မေ့က အတိတ် ကို လုံးဝမေ့ထားချင်တာ၊ ပြန်တွေးမိရင် နောင်တတွေက ကိုယ့်ကိုကိုယ် လူသားမဆန်သလို ချောက်လှန့်နေလို့ သတ်သေချင်စိတ်တောင် ပေါက်မိ တယ်"

တစ်ပွေ့တစ်ပိုက်သော နောင်တတရားဖြင့် မျက်ရည်ဝေ့ကာ ညည်းတွားနေသော မေ့ကို မောင်က ကြည်လင်သောအပြုံးဖြင့် ကြည့် သည်။

"မောင်နားလည်ပါတယ် မေ့ရယ်၊ ခုကိစ္စ ခရီးသွားဟန်လွှဲတွေ့ တယ်လို့ သဘောထားပြီး မေ့ပစ်လိုက်ပါကွာ၊ စိတ်ထဲမှာ ထည့်မထားပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မောင့်စကားကြောင့် မေ့အကြည့်က မောင့်ထံ ဖျတ်ခနဲ ရောက်သည်။

"မေ့စိတ်ထဲမှာ ထည့်မထားဘူး မောင်ရဲ့၊ မေ့ ဒါကြီးကို ပြန်ပြီး မခံစားနိုင်တာ"

"ဟုတ်ပါတယ် မောင်ကလည်း မေ့စိတ်အနှောင့်အယှက်ဖြစ်နေတာကိုပဲ မေ့ပျောက်ခိုင်းနေတာပါ"

မေ့ ခေါင်းတဆတ်ဆတ်ညိတ်ရင်း မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းလာကာ မောင့်ကို လက်ကမ်းသည်။

တံတိုင်းရဲ့ အလိုက်သင့် ခုတင်ပေါ် ဒူးတစ်ဖက်ထောက်လျက် မေ့ကို ပွေ့ဖက်ကာ မေ့နဖူးစကို နမ်းလိုက်၏။ မေ့နှုတ်ခမ်းများသည် မောင့်ရင်ဘတ်အား ခေါင်းရမ်းပွတ်သပ်လျက် တုံ့ပြန်လာသည်။ မောင်သည် မေ့နှုတ်ခမ်းနွေးနွေးကို တရှိုက်မတ်မတ်နမ်းလျက် အသာအယာ မေ့ခန္ဓာကို ခုတင်ပေါ်သို့ လှဲချလိုက်၏။

နေဝင်ချိန်ကောင်းကင်မှ လိမ္မော်ရောင်အလင်းတန်းသည် ခန်းဆီးလိုက်ကာကြားမှ တိုးဝင်ကာ ပိုးသားဖျော့ဖျော့ဂါဝန်ဝတ်ထားသော မေ့ခန္ဓာပေါ်သို့ ဖြာကျ၏။

"မောင် သားကော"

"သား သူ့အခန်းထဲမှာ ဂိမ်းဆော့နေတယ်"

"တံခါးလော့ချလိုက်ပါဦး မောင်ရယ်"

ပင့်သက်မောများနှင့် တိုးလျလျမေ့စကားသံအဆုံး မောင် တံခါး



www.burmeseclassic.com

www.burmeseclassic.com



လော့ချပြီး သူ့ခါးဝတ်ပုဆိုးကို ဖြေချလိုက်၏။ ဆယ်နှစ်ကျော်ပေါင်းသင်းလာသည်ဆိုသော်လည်း မေ့ မျက်နှာချင်းမဆိုင်ဘဲ မျက်နှာလွှဲလိုက်သည်။

မောင့်နှုတ်ခမ်းနွေးနွေး မေ့လည်တိုင်ကို ယုယုယယလာထိ၏။ မေ့ ဖျန်းခနဲ ကြက်သီးထသွားသည်။ မောင့်နှုတ်ခမ်းများစေစားရာတစ်လျှောက် မေ့ကြည်နူးကျေနပ်မှုအပြည့်ဖြင့် တဆတ်ဆတ်တုန်ခါနေ၏။

မေ့အပေါ်ထားရှိသည့် အချစ်စစ်၊ အချစ်မှန်တို့ကြောင့် ဆန္ဒရမက်အသစ်တစ်ခုသည် မေ့အား မြှောက်ချီသွားပြန်လေသည်။

■ ■ ■

ကြည်နူးစရာထက် နာကျည်းစရာက ပိုမိုသတိရတတ်သည်လားမသိ။ သည်ရက်ပိုင်း ရင်လှိုင်းသစ်၏မခို့မခန့်ပုံက မကြာခဏစိတ်ထဲပေါ်လာတတ်သည်။

စိတ်တည်ငြိမ်အေးချမ်းစေရန် မေ့ ပဌာန်းကြီးငါးအုပ်ကို တစ်လအတွင်း အပြီးရွတ်မည်ဟု ဆုံးဖြတ်ထား၍ အချိန်ရတိုင်း မေ့ဘုရားခန်းဝင်သည်။ ဘုရားခန်း ခြင်ဇကာတံခါးဝမှ မောင်က ကိုယ်ရိပ်ပြသည်။

"ဆောရီး မေ့၊ သားက ဒီနေ့ညစာ အကင်စားချင်တယ်ပြောလို့ အဲဒါ"

"မေ့ မလိုက်တော့ဘူး မောင်ရယ်၊ ဒီနေ့အတွက် ရွတ်စရာတော်တော်လေး ကျန်နေလို့"

"အိုကေလေ သားကို မောင်ပဲလိုက်ပို့လိုက်ပါ့မယ်၊ အိမ်တံခါးကော ခြံတံခါးကော မောင် သေသေချာချာ ပိတ်သွားလိုက်မယ်၊ မေ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချလက်ချ ဘုရားရှိခိုးနေ၊ ဟုတ်ပြီလား အေးဆေး''

ဘုရားရှိခိုးနေရင်းမှ မောင့်ကားစက်နှိုးသံ ကြားလိုက်သည်။ ဆလိုက်မီးများကြား ဝင်းဝါသပ္ပာယ်နေသည့် ဘုရားမျက်နှာတော်ကို တစ်ချက်မော်ဖူးရင်း ပဌာန်းဆက်ရွတ်နေလိုက်သည်။

သတ်မှတ်ထားသည့်အခန်းပြည့်သောအခါ ညကိုးနာရီခွဲကျော်ပြီ။ ဘုရားခန်းမှအထွက် တစ်ဆက်တည်းရှိသော ဝရန်တာကိုငေးကြည့်မိ၏။ လေတိုက်တိုင်း သစ်ရွက်စိမ်းများ လှုပ်ခတ်မှုနှင့် ဆောင်းသင်းနံ့ရသည်။ တစ်ဖက်ခြံပုတ်ငယ်များကြားမှ ဖျတ်ခနဲ ဖျတ်ခနဲ စိမ်းလဲ့သွားသော ပိုးစုန်းကြူးတစ်အုပ်ကို ကြည့်ရင်း ကြည်နူးရသည်။

ညည်းဦးယံဂီတလှုပ်ရှားစပြုပြီ။ ကောင်းကင်တွင် ပွင့်ခဲနေသော ကြယ်ပွင့်လေးများအား မော့ကြည့်နေစဉ် ရုတ်တရက် ကျောဘက်မှ သိုင်းချုပ်ကာ ပါးစပ်ပိတ်ခြင်းကို ခံလိုက်ရသည်။

''အင့် ဝူး''

''မမ မကြောက်ပါနဲ့ ကျွန်တော် လှိုင်းပါ''

ဖမ်းချုပ်ရင်း နောက်မှ တိုးတိုးလေး မေ့ပါးနားကပ်ကာ ပြောလာသည့် ရင်လှိုင်းသစ်အသံကြောင့် မေ့ထိတ်လန့်ကာ မျက်လုံးများပြူးကျယ်လျက် လိပ်ပြာလွင့်မတတ် ခံစားလိုက်ရသည်။

''မမ ငြိမ်ငြိမ်လေးနေနော်၊ မမကို နာကျင်အောင် ကျွန်တော် ဘာမှမလုပ်ဘူး''

ရင်လှိုင်းသစ်သည် မေ့ပါးစပ်ကို အသံထွက်မရအောင် လက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်နှင့် ဖိပိတ်ရင်း တံတောင်ဖြင့် အားယူကာ မိမိကိုယ်ခန္ဓာအား သူ့ကိုယ်ဖြင့် ညှပ်ထား၏။

"မရုန်းနဲ့လေ မမ၊ မမကရုန်းလေ ကျွန်တော်က အင်အားသုံးလေဆိုတော့ မမပိုခံရတာပေါ့"

ကျန်လက်တစ်ဖက်ဖြင့် အိမ်တွင်းသို့ဝင်ရန် တံခါးကိုဆွဲဟပြီး ကိုယ်လုံးကို ဟတ်ပတ်လှည့်ကာ မေနှင့်အတူ တိုက်ခန်းတွင်းရောက်သွား၏။ တစ်ခါ တံခါးကိုညာခြေနှင့်ဘက်ကန် ပိတ်လိုက်သည်။

တစ်ဆက်တည်းဆိုသလို တိုက်အတွင်းအပေါ်ထပ် ကျွန်းလှေကားမှဆင်းကာ အိပ်ခန်းတွင်းသို့ဝင်၍ လော့ချပြီး မေ့ကို လွှတ်လိုက်သည်။

"သေ သေနာကောင် နင် နင် ဝရန်တာကို ဘယ်လိုရောက်နေတာလဲ"

ထိတ်လန့်မှု၊ နာကျင်မှုနှင့်အတူ ဒေါသကြောင့် မေ့မျက်ဝန်းတို့မီးဝင်းဝင်းတောက်လျက် မေ့ရင်သည် ဖားဖိုလို နိမ့်ချည်မြင့်ချည်ဖြစ်နေ၏။

"ဖြည်းဖြည်းပြောပါ မမရဲ့၊ မောနေပါ့မယ် ရေပိုက်လိုင်းတွေကနေ ကြိုးနဲ့တွယ်ပြီး စွန့်စွန့်စားစား တက်ခဲ့ရတာပေါ့ မမရဲ့၊ မမကို ကျွန်တော်က သိပ်တွေ့ချင်နေတာကိုး"

"သေလိုက် အဲဒီမှာ လဲသေလိုက်၊ တွေ့ချင်တယ် ဟုတ်လား ဘာဆိုင်လို့လဲ"

"မမရယ် အရင်ကလည်း တွေ့ခဲ့ကျတာပဲဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ အဲဒီတုန်းက မင်းကိုငါ စာနာမိတာကနေ မှားခဲ့တာ၊ အခု မင်းနဲ့တွေ့စရာအကြောင်း မရှိဘူး၊ အိမ်ထဲက နင် အခု ထွက်သွားပါ"

"ကျွန်တော် ဒီအိမ်ထဲကို စွန့်စားပြီးဝင်လာတာ မမနဲ့တွေ့ဖို့ပဲ၊ မမနဲ့တွေ့ဖို့ ရက်တွေအများကြီး စောင့်ကြည့်ပြီးမှ ဒီနေ့မှ မမ ယောကျ်ားနဲ့သား အပြင်ထွက်သွားလို့ ကျွန်တော် ဝင်လာတာ"

မျက်နှာနီမြန်းလျက် အရက်နံ့ထွက်နေသော ရင်လှိုင်းသစ်သည် မေ့အနား တဖြည်းဖြည်းတိုးကပ်လာသည်။

"နင် နင် ရူးနေလား၊ ငါ့မှာယောကျ်ားရှိတယ်လေ၊ ငါ အခုပဲ ပတ်ဝန်းကျင်ကြားအောင် အော်လိုက်ရမလား"

"ဟား ဟား ဟား အော်ချင်လည်း အော်ဗျာ၊ မမက အေးအေး ဆေးဆေး ပြောလို့မှမရဘဲ"

ရင်လှိုင်းသစ် ဂျာကင်အင်္ကျီနှစ်ဖက်ထဲ လက်နှိုက်ရင်း မေ့အနီး တိုးသထက်တိုးကပ်သွား၏။ ရုတ်တရက် မြှောက်တက်လာသော မေ့ လက်ဝါးကို ဘယ်လက်နှင့်ချုပ်ကိုင်ရင်း ညာလက်သည် အဝတ်စတစ်ခု နှင့် မေ့နှာခေါင်းနှင့်ပါးစပ်ကို ပိတ်လိုက်သည်။

ချက်ချင်းဆိုသလို မေ့အသက်ရှုကျပ်ကာ မျက်လုံးတို့ ပြာဝေပြီး မူးမိုက်သွားလျက် လူကလည်း ပျော့ခွေသွား၏။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ မမရယ်"

မေ့ပါးပြင်ကို ရင်လှိုင်းသစ် တစ်ချက်နမ်းလိုက်၏။ ပြီးမှ မေ့



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာအား အသားအယားချိုပိုးပြီး မွေ့ရာပေါ် ညင်ညင်သာသာချသည်။

ဂျာကင်အိတ်ထဲမှ အသင့်ပါလာသော တို့ဆေးပါသည့်အပ်ကို မေ့လက်မောင်းသားမှာ စိုက်ချလိုက်၏။

"မမနဲ့လိုင်း ကမ္ဘာသစ်လေးတစ်ခုဆီ အရောက်သွားဖို့ပါ မမရယ် နော်"

တမြတ်တနိုး မေ့မျက်နှာကို ထိုင်ကြည့်နေရာမှ ရင်လှိုင်းသစ် ထရပ်ကာ ဂျာကင်ကိုချွတ်သည်။ မေ့ကမျက်လွှာချလျက် ငြိမ်သက်နေဆဲ။

မေ့နံဘေးမှ တင်ပျဉ်လွှဲထိုင်ကာ မေ့ဆံနွယ်လေးများအား ညင်ညင်သာသာ သပ်ချပြီး မေ့နဖူးလေးကို နှုတ်ခမ်းဖြင့်ရှုရှုလေး နမ်းသည်။

"မမ နဖူးမှာ ချွေးကလေးတွေစို့လို့ပါလား မကြောက်ပါနဲ့ မမရယ်"

ရင်လှိုင်းသစ် ခုတင်မှပြန်ထပြီး ရှပ်အင်္ကျီချွတ်ကာ အခန်းထောင့်သို့ လုံးပစ်လိုက်သည်။ ထို့နောက် ပြတင်းလိုက်ကာများ ဆွဲဖွင့်၏။ မှန်တံခါးများဖွင့်ပြန်သည်။ ခြင်ဇကာမှ လေပြည်လေးတိုးဝင်လာသည်။ ကောင်းကင်တွင် လဝန်းကြီး ရွှန်းရွှန်းမြမြ သာနေသည်။

ထို့နောက် မေ့၏ပန်းနုရောင်ပါးပြင်လေးကို တစ်ချက်နမ်းပြီး မေ့ဝတ်ထားသော အပေါ်အောက်တစ်ဆက်တည်းဖြစ်သည့် အင်္ကျီကြီးအား ပခုံးအောက်သို့ တဖြည်းဖြည်းလျောချ၍ ချွတ်လိုက်သည်။ လရောင်များဝင်းမှည့်ကာ မေ့၏နုဖတ်လုံးဝန်းသော ရင်နှစ်မွှာကြား၌ ရွှန်းမြနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ရင်လှိုင်းသစ် ကျော့နပ်သလို ပြုံးပြီး မေ့ကိုပွေ့ချီကာ ရေချိုးခန်း နံရံအား ခါးမှီ၍ ထိုင်လျက်အနေအထားအတိုင်း ချလိုက်သည်။

ထို့နောက် ရေပန်းကိုအားကုန်ဖွင့်သည်။ ရေစက်ရေပေါက်များ သည် မေ့၏အရေပြားအလှပေါ်တွင် စိုလဲ့ကခုန်ကြ၏။ မေ့ လူးလွန့်စ ပြုလာသည်။ သူသည် မေ့တစ်ကိုယ်လုံးအား တင်းတင်းကျပ်ကျပ် ပွေ့ဖက်နမ်းရှိုက်ရင်း စိမ်းလန်းသော ကမ္ဘာသစ်တွင် နှင်းပွင့်ပေါင်းများစွာ ချွေချ၏။

မေ့မျက်လွှာ ဖွင့်ကြည့်သော်လည်း မျက်လုံးတို့ ဝေဝါးဆဲ၊ ထိတ်လန့်ခြင်းလား၊ ကြည်နူးခြင်းလား၊ တမ်းတခြင်းလား၊ တုန်လှုပ်ခြင်း လားဆိုတာ ကိုယ်တိုင်မသဲကွဲ။

နူးညံ့စွဲမက်ဖွယ်ကောင်းသော အတွေ့၏သယ်ဆောင်ရာသို့ အိပ်မက်များက ခေါ်ဆောင်သွားကြလေသည်။

■ ■ ■

ခါတိုင်းဆိုလျှင် ကားဟွန်းသံကြားကတည်းက ခြံတံခါးအား မေ့ အပြေးကလေး လာဖွင့်ပေးနေကျ။

ခုတော့ တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ မေ့အိပ်ရာများ စောစောဝင်သွားသလားဟု တံတိုင်းရဲ တွေးမိသည်၊ ဖြစ်လည်းဖြစ်နိုင်၏။

အကင်ဆိုင်၌ ငယ်သူငယ်ချင်းဖြစ်သူ မောင်မောင်လွင်နှင့်ဆုံပြီး တစ်ခွက်တစ်ဖလား မော့ရာမှ စကားကောင်းနေသဖြင့် ချကြည့်ခဲ့ဆယ့်



www.burmeseclassic.com

www.burmeseclassic.com



နှစ်နာရီထိုးလုပြီ၊ တံတိုင်းရဲ့ ကားသွင်းနေတုန်း သားက အိမ်ထဲဝင်နှင့်သည်။

အိပ်ခန်းဘက် ဦးတည်လျှောက်ပြီး အခန်းတံခါး အသာအယာ ဟကြည့်သည်။ မေ့မရှိ။ ပြောင်းလဲနေသည့် အနံ့အသက်တစ်ခုကြောင့် စိတ်ထဲ ထင့်ခနဲ ဖြစ်သွားပြီး ဘုရားခန်းရှိရာသို့ တက်ခဲ့၏။

ဘုရားမီးအစုံအလင်နှင့် ဘုရားခန်းသည် ကြည်ညိုဖွယ်ရာ အတိ။ တံတိုင်းရဲ့တို့သားအဖ အပြင်မှပြန်မရောက်မချင်း ဘုရားမီးဖွင့်ထားတတ်သည်မှာလည်း မေ့အကျင့်တစ်ခု၊ ဘုရားမီးများပိတ်ကာ ဘုရားခန်းတံခါးပိတ်ပြီး အောက်ထပ်သို့ ပြန်ဆင်းသည်။

"အား"

ရုတ်တရက် သား၏ရှူးရှူးဝါးဝါး အော်သံကြောင့် လှေကားထစ်များအား ဝရုန်းသုန်းကား ဆင်းကာ သားအသံလာရာ နောက်ဖေးဘက်သို့ ဒရောသောပါး ပြေးထွက်ခဲ့သည်။

"သား သားရေ မေ့"

သားနှင့်မေ့ အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်နေရသည်မှာ သေချာပြီ။ စိုးရိမ်ထိတ်လန့်စိတ်သည် လူတစ်ကိုယ်လုံး ထုပ္ပုတုန်ယင်ကာ ငယ်ထိပ်မြွေပေါက်သည်ထက်ပင် ဆိုးမည်ထင်၏။

နောက်ဖေးခန်းကိုဖြတ်ပြီး အဝတ်လျှော်သည့်နေရာတွင် အမှောင်၌ တွဲလွဲကျနေသော အရာတစ်ခု၊ ထိုအရာ၏အောက်ခြေကို ကိုက်လျက် သား ချောက်ချောက်ချားချား အော်ဟစ်ငိုကြွေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးဆွဲချသေဆုံးနေသည့် မေ့ခန္ဓာ။ လူတစ်ကိုယ်လုံး ထိတ်လန့်အေးစက်တောင့်တင်းသွားပြီး တခဏ ဆွံ့အသွား၏။ အသိတစ်ချက်ဝင်သည်နှင့် မေ့ခန္ဓာကို ပြေးဖက်ငိုကြွေးလိုက်သည်။

မေ့ရက်လည်ပြီးဆုံးသည်အထိ တံတိုင်းရံ့ ဘယ်သူ့ကိုမှ အတွေ့မခံတော့ဘဲ အရက်ချည်းဖိသောက်နေမိ၏။ မေ့နဲ့ထိုက်တန်တဲ့နေရာကို သွားပြီတဲ့။

သူ့စာကြည့်စားပွဲပေါ်တွင် ကျန်ခဲ့သော သည်စာလေးတစ်ကြောင်းနှင့်ပင် အားလုံးလက်ခံလိုက်ကြသည်။ သေမှုသေခင်းဆရာဝန်မှ အစ ကြိုးဆွဲချသေဆုံးမှု၏လက္ခဏာဖြစ်သော လည်တိုင်နားရှိအရေပြားပွန်းပဲ့နေမှုနှင့် အသက်ရှူကျပ်ကာ သေဆုံးကြောင်း အတည်ပြုခဲ့သည်။

တံတိုင်းရံကတော့ ထိုသို့မထင်။ မေ့မှာအကြောင်းတစ်ခုခုရှိမည်။ မေ့မျက်နှာသည် ကြိုးဆွဲချသေဆုံးခြင်းကြောင့် မျက်လုံးပြူးထွက်နေတာမျိုး၊ လျှာတစ်လစ်ထွက်နေတာမျိုးမဟုတ်ဘဲ ခံစားမှုတစ်ခုကြောင့် နာနာကျည်းကျည်းဖြင့် အံကိုတင်းတင်းကြိတ်လျက် ပါးစပ်စေ့စေ့ပိတ်ကာ သေဆုံးနေပုံမျိုး ဖြစ်သည်။

ခက်သည်က တစ်အိမ်လုံး ခြေရာလက်ရာမပျက် ရှိနေခြင်းဖြစ်သည်။ အထူးခြားဆုံး တွေ့ရှိရသည်မှာ မေ့မဆုံးခင် ရေချိုးသွားသည့်ပုံစံမျိုး၊ ရေချိုးခန်းမှ ထင်ကျန်ရစ်သည့် ရေစက်ရေပေါက်များအား သတိပြုမိ၏။

ဘာဖြစ်လို့ ကြိုးဆွဲမချခင် မေ့ ရေချိုးသွားသလဲ။ တွေးရခက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ တွေးနေရင်းမှ မျက်ရည်တို့စီးကျလာပြန်သည်။ ယူကျုံးမရသလို မေ့ဓာတ်ပုံကိုကြည့်ရင်း တစ်ယောက်တည်း တသိမ့်သိမ့် ရှိုက်ငိုသည်။

သည်ပြတင်းခန်းဆီးလေးနားမှာပဲ မေ့ ပြောခဲ့ဖူးသည့်စကားသံများ အမှတ်ရသည်။ ခုကိစ္စက မိန်းကလေးတစ်ယောက်ရဲ့ကာယိကဒုက္ခခြေ ပျက်စီးအောင် ပျက်စီးခံရတယ်ဆိုရင်တောင် မေ့ ခံနိုင်ရည်ရှိပါသေးတယ်။ မေ့ဘဝရဲ့ ခံစားသက်ဝင်မှုကော ယုံကြည်မှုတွေပါ ပျောက်ဆုံးသွားအောင် ဖျက်ဆီးခံလိုက်ရတာ မောင်ရယ်တဲ့။ မှန်ပိုင်းစားပွဲငယ်လေးပေါ်မှ အရက်ခွက်ကိုယူပြီး တံတိုင်းရံ တစ်ရှိုက်တည်းမော့ချလိုက်သည်။ ထို့နောက် တစ်ခွက်ထပ်ငှဲ့ပြန်၏။

''သားရေ မင်းမှာ ပြုစုပျိုးထောင်ပေးရဦးမယ့် သားတစ်ယောက်ရှိနေတယ်ဆိုတာလည်း သတိထားဦး။ မင်းရဲ့စိတ်ခံစားမှုကို မေမေ နားလည်လို့ သမီးမေ့သက်လျှာ ရက်လည်ပြီးတဲ့အထိ မင်းကို ဘာတစ်ခုမှ မလုပ်နိုင်းဘဲ မြေးကိစ္စ၊ အိမ်မှုကိစ္စအဝဝ မေမေ စီစဉ်ပေးနေတာ၊ ဒါကို သားနားလည်ရမှာပေါ့၊ ကဲ ကဲ သိမ်းတော့ စားသင့်တာစားပြီး အိပ်ချေတော့ကွယ်''

ငယ်ငယ်တုန်းကလိုဆိုလျှင်တော့ အမေ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ ငိုလိုက်မိမည်မှာ အမှန်ပင်ဖြစ်သည်။ ခုတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဘာ ဘယ်လို မမ သူ့ကိုယ်သူ ကြိုးဆွဲချသေသွားတယ် ဟုတ်လား ဖော်ထွန်း"

ကြားလိုက်ရသော စကားကြောင့် သောက်လက်စအအေးပင် သီးသွားကာ လူတစ်ကိုယ်လုံး ပေါက်ကွဲလွင့်စင်သွားသလို ရင်လှိုင်းသစ် ခံစားလိုက်ရသည်။

ပြီးခဲ့သည့် ဆယ်ရက်ကျော်လောက်ကပင် မမနှင့်သူ ချစ်ခွင့် ရခဲ့သေးသည်။ ထိုကိစ္စအတွက် မမ အဲဒီလောက်အထိတောင် ခံစားသွား ရသတဲ့လား။

"နေဦး ဖော်ထွန်း မမဆုံးတာ ဘယ်ရက်ကတဲ့လဲ"

"အင်း လွန်ခဲ့တဲ့ ဆယ်ရက်ကျော်လောက်က ဖြစ်မယ်ထင် တယ်"

"ဒါဆို မင်းက ငါ့ကို ဘာလို့ ခုမှပြောလဲ"

"ဟ ငါလည်း ခုမှသိတာလေ၊ မမတို့တစ်လမ်းကျော်က ငါ့



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေနဲ့ ဒီနေ့တွေ့မှ သူက စကားစပ်မိလို့ ပြောတာ''

တစ်ရှူးတစ်ရွက်ကို လုံးချေနေသော လက်က တဆတ်ဆတ် တုန်လာသည်။ ကျောထဲမှ ချက်ချင်းစိမ့်တက်လာပြီး မမ သေရတာ ငါ့အပြစ်မကင်းဘူးဟူသော အသိက ခေါင်းထဲသို့ သူ့အလိုလိုတိုးဝင်လာသည်။

ရင်လှိုင်းသစ်၏မျက်ဝန်းများ စူးရှတောက်ပနေသည်။ ထို တောက်ပမှုတွင် အဓိပ္ပာယ်တစ်ခုခုပါမှန်း ဇော်ထွန်း သတိထားမိသော် လည်း ဘာမှမသိသလို ထင်ရာမှတ်ချက်စကားသာ ပြောမိ၏။

''အေးလေ မင်း အံ့ဩမယ်ဆိုလည်း အံ့ဩလောက်ပါတယ်၊ ဒီလောက်ထိ ပြီးပြည့်စုံတဲ့မိသားစုက ဘာဖြစ်လို့များ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်လောက်အောင် ဖြစ်သွားရတာလဲ၊ ငါတော့ စဉ်းစားလို့မရ ဘူးကွာ၊ အရင်က မင်းနဲ့ငြိလို့ သူ့ယောက်ျားက ကွှိုင်ရှာတယ်ဆိုရင်လည်း ထားတော့၊ ခုဟာက မင်းနဲ့ဖာတ်လမ်းလည်း ပြီးနေပြီဥစ္စာ''

မေ့သေဆုံးမှုအပေါ် နမြောတသဖြစ်နေသော ဇော်ထွန်း၏ မျက်နှာကို ရင်လှိုင်းသစ် မကြည့်ရဲ။ ဆောက်တည်ရာမဲ့နေသောစိတ်၊ ယုကျုံးမရဖြစ်ခြင်းတို့ကြောင့် အသက်ရှူမဝသလို ရင်တစ်ခုလုံး တင်းကျပ် နာကျင်နေ၏။

''တောက်''

ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်လွန်း၍ တက်တစ်ချက်ခပ်ပြင်းပြင်း ခေါက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာဖြစ်နေတာလဲ"

နားမလည်နိုင်စွာမေးလာသော သူငယ်ချင်း ဇော်ထွန်း၏အမေး အား ရင်လှိုင်းသစ် ဖြေစရာအဖြေလည်းမရှိ။

"ငါပြန်မယ်ကွာ မင်းပဲ ရှင်းလိုက်တော့"

မျက်ရည်စို့တက်ကာ ငိုသံအက်နေသော ရင်လှိုင်းသစ်၏ခံစားမှု ကို ဇော်ထွန်း နားလည်သဘောပေါက်ဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်ပြီး သက်ပြင်းတစ်ချက်ရှိုက်ကာပြော၏။

"အေးလေ မင်းသဘောပဲ၊ ငါရှင်းလိုက်ပါ့မယ်၊ မင်းလည်း သိပ်တော့မခံစားနေနဲ့ပေါ့ကွာ၊ သေတဲ့သူကလည်း သေပြီးသွားပြီပဲဥစ္စာ"

ဖြေသိမ့်စကားပြောနေသော ဇော်ထွန်းကို ဘာမှခွန်းတုံ့မပြန် တော့ဘဲ သူ လှည့်ထွက်ခဲ့သည်။ မျက်လုံးထဲတွင် မမ၏နာကျင်မှုန်းတီး ရှုံ့ရှာနေသော မျက်နှာကို မြင်ယောင်နေသည်။

ဇော်ထွန်း၏ပြောပြချက်အရ မမကို ရေဝေးသုသာန်တွင် ဂူသွင်း သဂြိုဟ်သည်ဟု သိရသည်။ Tulip နှင့် နှင်းဆီပန်းများ တွဲထိုးထားသော ပန်းခြင်းကိုဝယ်ကာ သုသာန်သို့ ဦးတည်မောင်းခဲ့သည်။ ညနေစောင်းချိန် ဖြစ်၍ သုသာန်တွင် လူသူကင်းရှင်းနေ၏။

မီးသဂြိုဟ်ဆောင်များ၏အခြားတစ်ဖက်တွင်ရှိသော သုသာန် တစပြင်ကို အဝေးမှလှမ်းမြင်နေရပြီ။ နှစ်ကာလ၏တိုက်စားမှုကြောင့် ဟောင်းနွမ်းနေသည့် အုတ်ဂူများကြားမှ အုတ်ဂူသစ်လွင်လွင်လေးတွေ လိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဖော်မပါဘဲ တစ်ယောက်တည်း။ သူ့အသံတို့ တုန်ယင်အက်ကွဲနေ၏။

"မမ ဘယ်မှာလဲ ဘယ်မှာလဲ မဇီရယ်"

မေ့သက်လျာ (၃၆)နှစ်တဲ့။ သူ့ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။ နိုင်းနှိုင်းပြောဆိုရန် ခက်ခဲသော ဝမ်းနည်းမှုကြောင့် သူ့ရင်သည် ကြေကွဲ သွေ့ချောက် လောင်ကျွမ်းသွား၏။

"ကျွန်တော့်ရဲ့တပ်မက်စိတ်ကို မမြိုသိပ်နိုင်လို့ မမ ခုလိုဖြစ်ရတာ"

အသံတွေ ကွဲအက်နေသည်။ နာမည် ကမ္ပည်းထိုးထားသော နေရာသို့ လက်ဖြင့် အခါခါပွတ်သပ်နေမိ၏။ မျက်ရည်တို့ကြောင့် အမြင်တွေ ဝေဝါးလာသည်။

သူ လက်ဖမိုးနှင့် စိတ်မရှည်သလို မျက်ရည်ကို ဆတ်ခနဲသုတ်ပြီး Tulip နှင့် နှင်းဆီပန်းများထိုးထားသော ပန်းခြင်းကို အုတ်ဂူပေါ်သို့ တင်ကာ အားရအောင် တစ်ကိုယ်လုံး တသိမ့်သိမ့်တုန်၍ ရှိုက်ငိုလိုက်သည်။

ညနေဆည်းဆာပြာရီထဲတွင် ညောင်ပင်အိုထက်၌ အိပ်တန်းပျံ ငှက်တို့၏စကားလုံးတို့ ဆူညံစွာ လွင့်ပျံလာလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ခွမ်း ချလွမ်"

လက်ထဲမှ အရက်ခွက်ကို ရုံးခန်းနံရံသို့ ပစ်ပေါက်ခွဲပစ်လိုက်သည်။ ဖန်ကွဲစများ အခန်းတွင်းခင်းထားသော ကော်ဇောပေါ် လွင့်စင်ပြန့်ကျဲသွား၏။ တံတိုင်းရံ၏ရင်ထဲတွင် မေ့သေဆုံးရမှုအပေါ် ဘယ်လိုနည်းနှင့်မျှ ဖြေသိမ့်၍ မရနိုင်သေးချေ။

ကြိုးတန်းလန်းဖြင့် အသက်ပျောက်နေသော မေ့၏အသက်မဲ့ခန္ဓာကို မျက်လုံးထဲမှာ တစ်နေ့မှ ဖျောက်ဖျက်၍မရ။ မေ့ ဘာကြောင့်ကြိုးဆွဲချသေဆုံးခဲ့သလဲ။ ဒါတွေဟာ သွေးရိုးသားရိုးသေဆုံးမှု မဖြစ်နိုင်

သားနှင့်အပြင်ထွက် ညစာလိုက်စားရန် မေ့ကိုခေါ်သည်အထိ မေ့မျက်နှာပေါ်တွင် ကြိုးဆွဲချသေချင်ရလောက်သော သောကပရိဒေ မီးကို တစိုးတစိမျှ ရှာမတွေ့ခဲ့။ ထိုညက မေ့မျက်နှာ ကြည်လင်ဝင်းဆ နေသည်ကို တံတိုင်းရံ သတိထားခဲ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ညစာစားပြီးအပြန် မေ့ကို ထိုသို့ ဆိုးရွားလွန်းသည့်မြင်ကွင်းမျိုးနှင့် တွေ့ရလိမ့်မည်ဟု သူ ဘယ်လိုမှ မျှော်လင့်မထားခဲ့။ ဆက်စပ်တွေးယူ၍ရသမျှ အဖြစ်နိုင်ဆုံးမှာ ဟိုအကောင် ရင်လှိုင်းသစ်နှင့်ပတ်သက်နေမှာ သေချာသည်။

သို့သော် လက်ပူးလက်ကြပ် မမိသေးသမျှ သူ့ရင်မှာ တနုံ့နုံ့ခံစားနေရတာ အမှန်ပင်ဖြစ်၏။ မေ့ဖုန်းတွေကော မက်ဆေ့ဘောက်စ်တွေကော သဲလွန်စရလိုရငြား လိုက်ရှာသော်လည်း ရင်လှိုင်းသစ်နှင့်ပတ်သက်သမျှ သဲလွန်စ လုံးဝမတွေ့ရ။

ရဲဝန်ထမ်းတွေ သေမှုသေခင်း စစ်ချက်ယူစဉ်က ဒီကောင့်အပေါ် သံသယရှိပေမယ့် မေ့ဓာတ်ပုံဘာကြောင့်မည်ဖို့၍ ရေငုံနှုတ်ပိတ်နေခဲ့မိ၏။ တွေးနေရင်းမှ ရင်ထဲတဆစ်ဆစ် နာကျင်လာသည်။

"တောက်"

တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

"အား"

ရုတ်တရက် စူးစူးရှရှ အော်သံကြောင့် အသံလာရာသို့ တံတိုင်းရဲ့ကြည့်သည်။

"ဟင် ခင်ငြိမ်း ဘာဖြစ်သွားလဲ"

"အား ဖန်ကွဲစနဲ့တူတယ် ဆရာ၊ ခင်ငြိမ်း ခြေဖဝါးမှာ စိုက်သွားလို့"



www.burmeseclassic.com

www.burmeseclassic.com



ခြေတစ်ပေါက်ကျိုးဖြင့် ခြေဖဝါးတစ်ဖက်ကို လှန်ကြည့်နေသော ခင်ငြိမ်းကြောင့် သူ ပစ်ပေါက်ခဲ့လိုက်သည့် ဖန်ကွဲစများကို သတိရသွား၏။

"ဟာ ဟုတ်တယ် ခင်ငြိမ်း၊ အဲဒီမှာပဲရပ်နေ၊ ဖန်ကွဲစတွေက တစ်ခန်းလုံး ပြန့်နေတာ"

"ဟုတ် ဟုတ်"

နောက်ဘက်ခန်းရှိ တံမြက်စည်းကို ပြေးယူပြီး တံတိုင်းရံက ခင်ငြိမ်းလျှောက်၍ ရလောက်သည့်အထိ ကမန်းကတန်း လှည်းကျင်းလိုက်၏။

"ဟာ ဒုက္ခပါပဲကွာ၊ သွေးတွေ အရမ်းထွက်နေတယ်၊ လာ လာ ခင်ငြိမ်း ကိုယ်တွဲမယ်"

ပြောပြောဆိုဆို သူ့ပခုံးပေါ် ခင်ငြိမ်း လက်တစ်ဖက်တင်လျက် ခင်ငြိမ်း၏ခါးကို ဘယ်လက်နှင့်အားယူတွဲပြီး သူထိုင်နေကျ ဆုံလည်ခုံတွင် ထိုင်စေသည်။

တံတိုင်းရံ၏ဖက်တွယ်ဖေးမမှုအတွေ့ကြောင့် ဖန်ကွဲစစူးသော ဝေဒနာထက် ခင်ငြိမ်းရင်ထဲ၌ ပူနွေးရှိန်းမြသွားသည်။

"နေဦး ခင်ငြိမ်း ကိုယ် ဂွမ်းတို့ အရက်ပျံတို့သွားယူလိုက်ဦးမယ်၊ အနာကို ခင်ငြိမ်းလက်နဲ့ ဖြည်းဖြည်းဖိထား"

စိုးရိမ်တကြီး ပျာယာခတ်နေသော တံတိုင်းရံကိုကြည့်ရင်း ခင်ငြိမ်း ရင်ထဲ သာယာကြည်နူးနေမိ၏။ နံရံကပ်ဗီရိုငယ်မှ ဆေးပစ္စည်း အချို့ကိုယူပြီး တံတိုင်းရံသည် ခင်ငြိမ်းရှေ့၌ ဒူးထောက်ထိုင်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကန်တော့နော် ဆရာ၊ ခင်ငြိမ်းတော့ ရဲရတော့မှာပဲ"

"ဟာ မဆိုင်လိုက်တာ၊ ဒါဆို စီးယပ်သားဖွားဆရာဝန်တွေ ဘယ်လိုလုပ်မလဲ"

တံတိုင်းရဲ့ ရိုးရိုးပြောသော်လည်း ခင်ငြိမ်း မျက်နှာ နီမြန်းသွား၏။

"ကဲ လုံချည်ကိုမပြီး ခြေထောက်ကို ရှေ့ကိုနည်းနည်း ဆန့်ထုတ်လိုက်"

ပေါင်နှစ်လုံးကြားရှိ ထဘီကို ခင်ငြိမ်း လက်တစ်ဖက်နှင့်ဖိရင်း ခြေကိုမဝံ့မရဲ ဆန့်ထုတ်ပေးလိုက်သည်။

"အရက်ပျံထည့်ရင် နည်းနည်းတော့ စပ်မယ်နော်"

ခင်ငြိမ်း ဘာမှမပြောဘဲ ခေါင်းညိတ်ပြသောအခါ တံတိုင်းရဲ့သည် အနာပေါ်သို့ အရက်ပျံ ရွှဲရွှဲနှင့် ဖိချ၏။

"အား စပ်တယ် စပ်တယ်"

တံတိုင်းရဲ့ ဖိထားသောလက်ကိုဖယ်လျက် ခင်ငြိမ်း ခြေဖဝါးအား ခေါင်းငုံ့ကာ ပါးစပ်နှင့်အနီးကပ် တဖူးဖူးမှုတ်သည်။

"အယ် ဆရာ ဆရာ ရပြီ ရပြီ"

ခင်ငြိမ်း အားနာသလို ခြေကိုရုန်းထွက်ကာ ဒူးတစ်ဖက်ထောင် လိုက်၏။

ခင်ငြိမ်း အားနာသလို ခြေကိုရုန်းကာ ဒူးတစ်ဖက်ထောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သောကြောင့် အပျိုစင်တစ်ယောက်၏ပေါင်သားအလှက ဝင်းမှည့်သွားသည်။ တံတိုင်းရုံဖျတ်ခနဲ အကြည့်လွှဲလိုက်သော်လည်း ဝန်ခံရလျှင် ရင်ထဲလှုပ်ခတ်သွား၏။ ခင်ငြိမ်းထဘီစကို ဆွဲချဖုံးဖိလိုက်သည်။

"ကဲ အားနာမနေနဲ့ ပေး ခြေထောက် ဒီမှာ သွေးတိတ်အောင် ဆေးထည့်ရဦးမှာ"

အနာကို ဆရာခိုသိပ်ပြီး handsaplast နှင့်ဆွဲကပ်လိုက်သည်။ နွေးအိပျော့ပြောင်းနေသော ခြေဖမိုးမို့မို့လေးမှာ အစိမ်းရင့်ရောင် ပုလဲပေါက် ခြေသည်းဆိုးဆေးနှင့်လိုက်ဖက်စွာ ချစ်စရာကောင်းနေသည်။

"ကျွတ် ဒီကောင့်ကြောင့်ဖြစ်ရတာ၊ ဒီကောင် ခုထိ ဒုက္ခပေးနေတုန်းပါလား"

"ရှင်"

မကျေမနပ်ဖြစ်သော စကားသံကြောင့် ခင်ငြိမ်း မျက်လုံးအဝိုင်းသားဖြင့် အာမေဋိတ်သံထွက်သွား၏။

"ဩော် မဟုတ်ပါဘူး ခင်ငြိမ်းရယ်၊ ဆောရီး ဆောရီး ကိုယ်စောစောက ဒေါသဖြစ်ရတဲ့ကောင်အကြောင်း တွေးပြီး ဖန်ခွက်ကို ပစ်ပေါက်လိုက်မိလို့ ခင်ငြိမ်း ခုလိုဖြစ်ရတာပါ"

"ဩော် အင်း"

ဂွမ်းစလေးဖြင့် အနာ၏ဘေးပတ်လည်တွင် ပေနေသော သွေးစတို့ကို တယုတယသုတ်ပေးနေသည့် တံတိုင်းရုံကိုကြည့်ရင်း ကြည်နူးဖြင့် ခင်ငြိမ်း မျက်ရည်တို့ဝေ့ဝဲလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ကို ဖွင့်ပြောခွင့်မရဘဲ နှစ်နှစ်ကာကာ ချစ်မိတဲ့ မိန်းမသားတစ်ဦးဟာ ဒီလိုပဲ မချင့်မရဲစိတ်နဲ့ မျက်ရည်ကျတတ်သတဲ့လား ခင်ငြိမ်းမသိပါ။

"မငိုနဲ့လေ ခင်ငြိမ်းရဲ့ နာလို့လား၊ ခင်ငြိမ်းကို ကိုယ် အိမ်အထိ လိုက်ပို့ပါ့မယ်"

"မ မဟုတ်ရပါဘူး 'ကို'ရယ်"ဟု ခင်ငြိမ်းစိတ်ထဲရှိသည့်အတိုင်း အယောင်ယောင်အမှားမှား 'ကို'ဟု ခေါ်မိသည့်အတွက် တံတိုင်းရဲ့ မျက်လုံးမှေ့ကြည့်သည်။

ငြိမ်းအေးသောရနံ့တစ်မျိုးက ဆီးကြိုသည်။ ခင်ငြိမ်း၏စိုတက် နေသော မျက်ရည်စက်သည် မိုးသောက်ကြယ်လို စိုလဲ့နေ၏။

"ခင်ငြိမ်း"

သွေးသားတောင့်တမှုရောယှက်သော နူးညံ့လှိုက်မောသည့်အသံ တိုးတိုးလေး တံတိုင်းရဲ့ဆီမှ ထွက်လာသည်။

"ရှင်"ဟု ကြားနိုင်သည့်ဆိုရုံလေး ခင်ငြိမ်း ပြန်ထူးရင်း မျက်လွှာလေး ချထားမိသည်။ စိတ်တံခါးပြန်ဖွင့်သွားသလို တံတိုင်းရဲ့ဆီမှ 'ဟင်း'ခနဲ သက်ပြင်းချသံ ကြားရသည်။

"လာ ခင်ငြိမ်းကို ကိုယ်လိုက်ပို့ပါ့မယ်"

ထိုင်နေသည့် ခင်ငြိမ်းကို ချိုင်းအောက်လက်လျှိုအားယူပြီး တံတိုင်းရဲ့ တွဲထူသည်။ ခင်ငြိမ်း အလိုက်သင့် ထသော်လည်း ဟန်ချက်ပျက်၍ အရှိန်မထိန်းနိုင်ဘဲ ခင်ငြိမ်းခန္ဓာကိုယ်ပေါ် သူပါ ပြိုလဲကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဆောရီး ဆောရီး ခင်ငြိမ်းရယ် နော်"

ခင်ငြိမ်းရင်သားအား ပိနေသော သူ့ပခုံးတစ်ဖက်ကို ကျန်လက်တစ်ဖက်က နံတန်းကိုအားယူကာ ထလိုက်သည်။ တစ်ယောက်နှင့်တစ်ယောက် နူးညံ့မွတ်သိပ်စွာ အပြန်အလှန်ကြည့်ဖြစ်သည်။

'ကိုရယ် မိန်းကလေးတစ်ယောက်ရဲ့ ကျင့်ဝတ်သိက္ခာတွေကို ခင်ငြိမ်း တခဏ ခွာချထားလို့ရရင် သိပ်ကောင်းမှာပဲ' ဟု ခင်ငြိမ်းတစ်ကိုယ်တည်း တွေးမိသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"မေမေ သားကော"

ရုံးခန်းမှပြန်လာလာချင်း တရားစာအုပ်ထိုင်ဖတ်နေသော အမေကို မေးမိသည်။

"စောစောကတော့ ဝင်းဝင်း ထမင်းချူးပြီး ကျွေးနေတယ်၊ ခု တော့ သူ့စာကြည့်ခန်းထဲမှာထင်တယ်၊ ဒီနေ့ သားပြန်လာတာ နောက်ကျ သားပဲ"

"ဟုတ်တယ် မေမေ၊ အလုပ်ကိစ္စတွေ ရှုပ်နေတာနဲ့"

တံတိုင်းရဲ့ မေမေ့ဘေးဝင်ထိုင်သည်။ မေ့ဆုံးပြီးကတည်းက အမေဖြစ်သူက စိတ်မချ၍ သူ့အိမ်ဖော်ဝင်းဝင်းကိုပါခေါ်ကာ တံတိုင်းရဲ့ တို့သားအဖနှင့် လာနေခြင်းဖြစ်သည်။

"ဒီနေ့ ဝန်ထမ်းတစ်ယောက် မတော်တဆ ခြေထောက်မှာ ဖန်ကွဲစူးလို့ အဲဒါ ဆေးတွေဘာတွေထည့်ပေးနေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"သားကလည်း အဲဒီလောက်အထိ အသေးအဖွဲကိစ္စကအစ လိုက်လုပ်ပေးနေရမှတော့ သားပင်ပန်းပြီပေါ့၊ ဒီလိုကိစ္စမျိုးက မန်နေဂျာလောက်ကို လွှဲထားရတာလေ"

သားကို သက်သာစေချင်သည့်သဘောနှင့် ပြောနေသော မေမေ့စကားကြောင့် တံတိုင်းရံ ပြုံးမိသည်။

"အခု ထိန်ိကိုတာက သားလက်အောက်က မန်နေဂျာပဲ မေမေ၊ ဒီတော့ သားပဲ လုပ်ပေးရတော့တာပေါ့"

"အေးပါကွယ် သားကိစ္စသားနားလည်တယ်ဆိုလည်း ပြီးတာပဲ၊ ခြော် ဒါနဲ့ သားကိုပြောရဦးမယ်၊ မြေးလေးကို ဂိုက်ဆရာတစ်ယောက်လောက်တော့ ငှားဖို့လိုမယ်နော်"

မေ့ရှိစဉ်က သားအတွက်ဂိုက်မလိုသော်လည်း ခု မေ့မရှိသောအခါ သားအတွက်ဖြည့်ဆည်းပေးရမည့်ကိစ္စတွေ တံတိုင်းရံ ဘာလို့မေ့လျော့နေခဲ့သလဲ။ ကိုယ့်ဘာကိုယ် တာဝန်မကျေသလို တံတိုင်းရံ ခံစားလိုက်ရ၏။

"ခုဟာက မြေးလေး စာနဲ့ပတ်သက်လို့ နားမလည်တာရှိလာရင် သားကလည်း အိမ်မှာရှိတတ်တာမျိုး မဟုတ်တော့ ခက်တာပေါ့၊ မေမေတို့ကလည်း အဲဒီလောက် နားမလည်ဘူးလေ၊ သူ့ကြည့်ရတာ တစ်ခါတလေ စာအုပ်ကြီးရှေ့ချပြီး ငိုင်တိငိုင်တိုင်နဲ့"

သားအကြောင်းကို ပြောပြနေသော မေမေ့စကားကြောင့် တံတိုင်းရံ စိတ်မကောင်းဖြစ်မိသည်။ မေ့မဆုံးခင်အချိန်တုန်းက သည်



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေမရှိ၊ မေ့ဆုံးပြီးမှ သားစိတ်တွေ ဘာဖြစ်နေမှန်းမသိ။ တစ်ခါ တစ်ရံ မှုန်တေတေနှင့် တစ်ယောက်တည်း ညည်းညူနေတတ်၏။

သူ့အမေ သေဆုံးခဲ့သည့် မြင်ကွင်းကြောင့် သူ စိတ်ဒဏ်ရာ အကြီးအကျယ်ရခဲ့တာမျိုး ဖြစ်နိုင်သည်။ ထို့ကြောင့် သားအတွက် ဂိုက် ခေါ်သည့်ကိစ္စ၊ လိုအပ်လျှင် ဆရာဝန်နှင့်ကျန်းမာရေးစစ်ဆေးရမည့်ကိစ္စ အတွက် တံတိုင်းရဲ့ အချိန်တစ်ချိန်တော့ ပေးရတော့မည်။

"အင်းလေ သားအတွက် ဂိုက်တစ်ယောက်ရဖို့ သား စီစဉ် လိုက်ပါ့မယ်၊ မေမေ ဘာမှပူမနေနဲ့တော့"

"မေမေ့အတွက်က ဘာမှကိစ္စမရှိပါဘူး သားရဲ့၊ မေမေက သားအတွက်နဲ့ မြေးအတွက်ပဲ အချိန်ပြည့်တွေးပူနေတာပါ၊ ရှင်းရှင်းပြော ရရင်တော့ သားရယ် သားလည်း စိတ်ပြောင်းသွားအောင် မေမေတော့ သားကိုနောက်အိမ်ထောင်ပြုစေချင်တယ်"

"မေမေရယ် လတ်တလောတော့ မေ့နေရာမှာ သား ဘယ်သူ့ ကိုမှ အစားထိုးလို့ မရသေးဘူး၊ သား အဲဒီကိစ္စ မစဉ်းစားချင်ဘူး မေမေရယ်"

"အေးလေ ရေရှည်မှာတော့ သားအတွက် ပါရမီဖြည့်ဘက် လိုအပ်တယ်လေ၊ မေမေက သားဘေးနားမှာ အမြဲရှိနေနိုင်တာမျိုးမှ မဟုတ်တာ၊ ခုတောင် မေမေ့အသက်က ခုနစ်ဆယ်နားနီးနေပြီ၊ နောက် အလွန်ဆုံးနေရ ဆယ်နှစ်ပေါ့"

"ဟာ မေမေကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ သား



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာ မေမေရှိနေတာပဲဥစ္စာ''

တံတိုင်းရုံပြောပြီး မေမေ့ကိုတစ်ချက်နမ်းလိုက်သည်။ မေမေက တံတိုင်းရုံခေါင်းကို ပြန်ပွတ်ရင်း စာနာသလို ပြန်ပြုံးပြ၏။

''ကဲ သား ဝင်းဝင်းက သားအတွက် ထမင်းပွဲပြင်ပေးထားတယ်၊ ရေချိုးပြီးတာနဲ့ စားလိုက်တော့၊ သား သောက်တာလည်း လျှော့ဦးနော်၊ မနေ့ညက ကိုယ့်အခန်းကိုယ်တောင် ပြန်မအိပ်နိုင်ဘူး၊ စားပွဲပေါ်မှာအိပ်နေလိုက်တာ၊ မေမေနှိုးလို့ပေါ့၊ မေမေသာမနှိုးရင် ခြင်တွေ ဘယ်လောက်အထိ ကိုက်ခံရမှန်းကို မသိတော့ဘူး''

စိတ်ပူတတ်လွန်းသော မေမေ့ကို အပြစ်ရှိသော သားတစ်ယောက်၏အပြုံးမျိုး မချိပြုံးလေး ရယ်ပြလိုက်သည်။

''သား ဒီည လျှော့သောက်မှာပါ မေမေ၊ ဖေ့ မရှိတော့တဲ့နောက် သားစိတ်တွေ ဆောက်တည်ရာမရလွန်းလို့ သောက်နေမိတာပါ၊ ဒါကို မေ့လည်း ကြိုက်မှာမဟုတ်ပါဘူး၊ သား တဖြည်းဖြည်းလျှော့မှာပါ''

အမေ စိတ်ချမ်းသာအောင် ကတိပေးလိုက်သော်လည်း တကယ်တမ်းတော့ မေ့မရှိဘဲ ညအိပ်ရာဝင်ဖို့ အခက်အခဲရှိမိတာ အမှန်။ မေ့မရှိ၍ ဟိုတွေးသည်တွေးနှင့် တော်ရုံနှင့် အိပ်မရသည့်အတွက် အရက်ကိုမူးအောင်သောက်ပြီး အိပ်ခဲ့တာဖြစ်သည်။

တစ်ရေးနိုးသည့်အခါတိုင်းလည်း မေ့ကို စမ်းမိတိုင်း လစ်ဟာနေသည့်မွေ့ရာကြီးကို ကြည့်လျက် နာနာကျင်ကျင် ခံစားနေရပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရက်၏တန်ခိုးကြောင့်လား မသိ၊ အိပ်မက်ထဲတွင် သူ့ဆီ မေ့ တကယ်ပြန်လာသလို မြင်တွေ့ရတတ်သည်။ ထို့ကြောင့် မေ့ကို သတိရသည့်အခါတိုင်း အရက်ကို သူ ဇီသောက်မိနေတာမျိုးဖြစ်၏။ ခုလည်း မေ့ကြိုက်တတ်သည့် Versace ရေမွှေးဝယ်လာသည်။ ညဘက် မေ့ကို တွေ့လျှင် သူပေးချင်သည်။

မေ့ကြိုက်မှာပါ။

■ ■ ■

မေ့မရှိတော့သည့် ညများ၏ခါးသီးမှုကို သူ ISLAND GREEN ဝီစကီဖြင့် ချေဖျက်သည်။ ISLAND GREEN ဝီစကီသည် ပျော့ပျော့ ညက်ညက်ကလေးနှင့် ရင်ထဲသို့ နင့်ခနဲနေအောင် အနံ့တသင်းသင်းဖြင့် ဆွတ်ပျံ့သွားစေ၏။

အိပ်မပျော်သူအဖို့ ညတာရှည်လျားလွန်းလှသည်။ သူ ဝီစကီ တစ်ခွက်ထပ်ငှဲပြီး တစ်ချိုက်တည်းမော့ချလိုက်သည်။

စန္ဒရားခုံမှ စန္ဒရားသံ တစ်လုံးချင်းထွက်လာ၏။ သူ အသံလာ ရာသို့ လှည့်ကြည့်သည်။ ဖြူရှိရှိဝတ်စုံကြီး ဖားဖားဖြင့် မျက်ကွင်းကလေး များ အညိုရောင်သမ်းနေသည့် မေ့သည် ဆံပင်တွေဖားလျားချလျက် စန္ဒရားတီးနေသည်ကို တံတိုင်းရံ တွေ့လိုက်ရသည်။

"ဟင် မေ့ မေ့"

ဝီစကီခွက်ကိုချပြီး တံတိုင်းရံ ကြောကြောကွဲကွဲ လှမ်းကြည့်ခန့် မိသည်။ မေ့ သူ့ကို သွေ့ခြောက်ခြောက်တစ်ချက်ပြုံးပြပြီး စန္ဒရားခုံမှ



www.burmeseclassic.com

www.burmeseclassic.com



ထကာ အပေါ်ထပ်လှေကားပေါ် ရွှေ့ရွှေ့လှုပ်လှုပ် တက်သွား၏။

သူ ချက်ချင်းထပြီး မေ့နောက်မှ တက်ဖို့ပြင်သည်။ လေရူး တစ်သုတ် ဝေါခနဲ ပြုဆင်းပြီး သစ်ရွက်များအား သယ်ဆောင်သွားကြသည်။ ပြတင်းရှိ ခြင်ဇကာမှတစ်ဆင့် လေရူးတွေ အိမ်တွင်းသို့ လှိုင်းများလို တလိမ့်လိမ့်စီးဝင်သည်။

လှေကားထိပ် နံရံကပ်ထားသော ဗီရိုပေါ်ရှိ မေ့ဓာတ်ပုံစာတန်းလေး လေရူးကြောင့် ဖျန်းခနဲ ပြုတ်ကျ၏။ တံတိုင်းရံ မေ့ဓာတ်ပုံစတန်းကို ကောက်ကာ မေ့ကိုလှမ်းကြည့်သည်။

မေ့ အိပ်ခန်းတံခါးဖွင့်ပြီး အခန်းထဲဝင်သွားသည်။ တံတိုင်းရံ လိုက်ဝင်ပြီး ကြည့်တော့ ရေချိုးခန်းတံခါးဖွင့်ကာ မေ့ ဝင်သွားပြန်သည်။ သူ အလျင်အမြန် ရေချိုးခန်းတံခါး လိုက်ဖွင့်သည်။ လော့ချထား၏။

"မေ့ မေ့"

ဘယ်လိုမှ ခေါ်မရသည့်အဆုံး ခုတင်ဘေးရှိ ဗီရိုပေါ်မှ ဝီစကီပုလင်းကိုယူပြီး တစ်ကျိုက်ထပ်မော့သည်။ စိတ်ပျက်သလို ခေါင်းရမ်းရင်း အိပ်ရာပေါ် ဘုန်းခနဲ လဲချလိုက်သည်။ ပြတင်းကိုလေတိုးနေသော အသံများနှင့် ရေချိုးခန်းမှ ရေသံတွေ ကြားနေရသည်။

တတိယအကြိမ် ဝီစကီထပ်မော့သည်။ ရေချိုးခန်းတံခါးဖွင့်သံကြားပြီး ဆံပင်ဖားလျားနှင့် မေ့ထွက်သွားသည်။ ရေသီးရေပေါက်များဖြင့် မေ့ တဖြည်းဖြည်း လျှောက်လာပြီး သူ့ခုတင်ရှေ့လာရပ်သည်။ ညအိပ်ဝတ်ရုံ ပါးပါးအောက်တွင် ဘာတစ်ခုမှ မေ့ဝတ်မထား။



www.burmeseclassic.com

www.burmeseclassic.com



"မောင် မေ့ကို သတိရနေတာလား"

မေ့အသံတွေက တိုးလျနေ၍ မေ့မျက်ဝန်းတွေက မှုန်မှိုင်းငေးရီနေ၏။

"ဟုတ်တယ် မေ့ကို မောင် တမ်းတနေတာ လွမ်းမောနေတာ"

ခြောက်သွေ့တုန်ယင်အက်ကွဲနေသော အသံဖြင့် တံတိုင်းရဲ ပြန်ဖြေသည်။ တံတိုင်းရဲနားသို့ မေ့ တဖြည်းဖြည်း တိုးကပ်လာပြီး ပခုံးနှစ်ဖက်ကိုလှုပ်ခတ်လိုက်သည့်အခါ ညဝတ်ရုံလျောကျသွား၏။

"မောင် မေ့ခန္ဓာကို သေသေချာချာ ကြည့်ပါဦး၊ ဟိုတုန်းကလို မောင့်ဖနီး မေ့ဟုတ်သေးရဲ့လား"

ရန့်တစ်မျိုးဖြင့် စွဲမက်မှုအားကောင်းလှသော မေ့ခန္ဓာအရေပြားပေါ်တွင် ရေစက်ရေပေါက်တချို့ တွဲခိုနေဆဲဖြစ်၏။

တံတိုင်းရဲ စေ့စေ့ကြည့်နေရာမှ မေ့ တစ်ကိုယ်လုံး ဆွဲယူပွေ့ဖက်ပြီး အငမ်းမရ နမ်းရှိုက်သည်။ ဝင်သက်ထွက်သက်တို့သည် ဗင်းဆင့်ဗန်ဂိုး၏ ကြယ်စုံခင်းသောညထဲ၌ တောင်ပံခတ်ပျံသန်းကြ၏။ ဖျတ်ခနဲ ဆွဲဆန့်လိုက်သည့် အသိအာရုံနှင့် မေ့ကို တံတိုင်းရဲ မေးမိ၏။

"မေ့ မေ့ ဘာကြောင့် မောင်နဲ့ခွဲရအောင် ကြိုးဆွဲချသေရတာလဲ မေ့ရယ်"

"မောင်နဲ့မတန်တော့လို့ အဲလို မေ့ကို ယုတ်ညံ့အောင်လုပ်ခဲ့တာ ရင်လှိုင်းသစ်ပဲ"

တံတိုင်းရဲ့ပခုံးနှစ်ဖက်ကို ဆတ်ခနဲ တွန်းဖယ်ကာ မေ့မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တို့ နီမြန်းလျက် မီးဝင်းဝင်းတောက်လာသည်။ ဝုန်းခနဲ တောင်ကမ်းပါး တစ်ခု ပြိုကျသံနှင့်အတူ ရင်တဖိုဖိုဖြင့် ချောက်ထဲလျှောဆင်းသွားသလို လူတစ်ကိုယ်လုံး အေးစက်သွား၏။

“ဟင် မေ့ မေ့ ဘယ်မှာလဲ”

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဟင် သား ဒါ ဘာတွေလုပ်နေတာလဲ"

အခန်းနံရံတွင် ဖယောင်းရောင်စုံများဖြင့် မိန်းကလေးတစ်ဦး၏ ဦးခေါင်းပုံရေးဆွဲနေသော သားကိုကြည့်ပြီး တံတိုင်းရံ မေးသည်။

"မေမေ့ပုံတွေရေးနေတာ ဖေဖေ၊ ဟိုးဘက်က တစ်ပုံကော တွေ့လား၊ အဲဒီပုံကိုကြည့်ပြီး မေမေက လှတယ်တဲ့၊ သူနဲ့တူတယ်တဲ့၊ ဒါကြောင့် ဒီနှစ်နွေရာသီရောက်ရင် သားကို ပန်းချီဆရာတစ်ယောက်နဲ့ သင်ပေးမယ်တဲ့"

သား၏စကားကြောင့် တံတိုင်းရံ ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။

"နေပါဦး သားရဲ့၊ မေမေက သားဆွဲတဲ့ပုံတွေကို လှတယ်လို့ ဘယ်တုန်းက ပြောတာလဲ"

"မနေ့ညကလေ၊ သားဆီကိုလာပြီးပြောတာ၊ ဟုတ်တယ် သား အိပ်နေတုန်း လာပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



သူ သားအတွက် စိတ်မကောင်းဖြစ်သွား၏။ သားစိတ်စွဲလန်းလွန်းတာလား။ ဒါမှမဟုတ် အိပ်မက်တွေကို တကယ်ထင်နေတာမျိုးလား။ စဉ်းစားဝေခွဲမရဘဲ ပင့်သက်ခိုးရှိုက်လိုက်၏။

"ကဲ ဒီသားအဖ ဘာတွေများအလုပ်ရှုပ်နေကြတာလဲ"

မေမေ အခန်းထဲဝင်လာသဖြင့် သားအဖနှစ်ယောက် မေ့အကြောင်း ဆက်မပြောဖြစ်တော့။

"မေမေ အစောကြီးနိုးနေတာလား၊ သားလည်း ခုပဲနိုးလို့ မနက်စာစားဖို့ သားအခန်းကို လာကြည့်တာ"

"ဟယ် အမလေး ဒါ ဒါတွေက ဘယ်လိုဖြစ်တာတုံး၊ နံရံတွေမှာ အရုပ်တွေရေးထားလိုက်တာ ပေပွနေတာပဲ၊ ကြည့်စမ်းပါဦး မြေးရယ်"

အဖြူရောင် အခန်းနံရံတွင် ပွထနေအောင် ရေးထားသော အရုပ်များကြောင့် အဘွားဖြစ်သူ အံ့ဩသလိုကြည့်ကာ ရင်ဘတ်ကို လက်ဖြင့်ဖိရင်း ပြောသည်။

"အဲဒါ တခြားအရုပ်တွေ မဟုတ်ဘူး ဘွားဘွားရဲ့၊ မေမေ့ပုံတူ ပန်းချီကားတွေ၊ မေမေနဲ့တူတယ် မဟုတ်လားဟင် ဘွားဘွား"

"ဟင် ဒါ သားမေမေပုံလား။ ဩော် အေး တူပါတယ် မြေးရယ်၊ ကဲ လာ မြေးကော မနက်စာ ဘရိတ်ဖတ်စ်သွားစားကြရအောင်၊ ဘွားဘွား နန်းကြီးသုပ် စီစဉ်ထားတယ်"

"ညှော်သည်ရောက်နေတယ် ဆရာလေး"

ထမင်းစားစားပွဲထိုင်ဖို့ ဟန်ပြင်ရန်ရှိသေး၊ အိမ်ရှေ့မှ ဝင်းဝင်း



www.burmeseclassic.com

www.burmeseclassic.com



၏ အောင်သံကြောင့် တံတိုင်းရံ ညှော်ခန်းသို့ ထွက်သည်။

ညှော်ခန်းထဲတွင် အမျိုးသမီးတစ်ယောက် ကျောပေးထိုင်နေသည့် အနေအထားဖြစ်၍ ဘယ်သူဘယ်ဝါမှန်း တံတိုင်းရံ သေချာမသိ။

တံတိုင်းရံ ခြေသံကြား၍ ထင်သည်။ အမျိုးသမီးမှာ ညှော်ခန်းကို ဟိုငေးသည်ငေး လုပ်နေရာမှ အကြည့်လွှဲကာ တံတိုင်းရံအား မဝံ့မရဲ မော့ကြည့်သည်။

"ဟယ် အစ်ကို"

"ဗျာ စိတ်မရှိပါနဲ့၊ ကျွန်တော် မမှတ်မိလို့ပါ"

အမျိုးသမီး ရှက်သွားသလို မျက်လွှာချကာ တိုးတိုးလေးပြော၏။

"ဟိုလေ ဘူတာကြီးရှေ့မှာ ရင်မြန်းတို့သားအမိကို ကူညီပြီး ထမ်းကူးပေးတဲ့ အစ်ကိုလားလို့ပါ"

တံတိုင်းရံ ဆိုဖာပေါ်ဝင်ထိုင်ပြီး မျက်မှောင်ကျုံ့စဉ်းစားသည်။

နူးညံ့သောမျက်လုံး၊ သိမ်မွေ့သောအပြုံးတို့ဖြင့် ရှိုးသားဖြူစင်သည့် မိန်းကလေးတစ်ဦးဆိုတာ မျက်နှာပေါက်မျက်နှာကျမှ ခန့်မှန်း၍ ရသည်။

"ဟား မှတ်မိပြီ၊ ဆောရီး ရုတ်တရက်ဆိုတော့ စဉ်းစားမရတာ ဆဲ ပြော ညီမ လာရင်းကိစ္စကို"

"ကလေးကို စာသင်ရမယ်ဆိုလို့ အလုပ်လာလျှောက်တာပါ၊ ဒယ်မှာတုန်းကလည်း ရင်မြန်းနဲ့ပတ်သက်ရာသူတွေကို ဂိုက်လုပ်ပေးနေ ခဲ့ပါ၊ ရင်မြန်းက ဓာတုဗေဒနဲ့ကျောင်းပြီးထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ဒါဆိုရင်တော့ ကောင်းတာပေါ့၊ ကိုယ့်ရဲ့သားအတွက် စိတ်ချရတဲ့ ဆရာမတစ်ယောက် ရတာပေါ့ဗျာ"

"အစ်ကို့သားက ဘယ်အရွယ်လဲရှင့်"

"သားက ခုမှ ငါးတန်းပဲ ရှိသေးတာပါ"

"ဪ ဟုတ်ကဲ့ ရင်မြန်း ဂရုစိုက်သင်ပေးပါ့မယ်၊ စိတ်ချပါ"

"ကျေးဇူးတင်ပါတယ် ရင်မြန်းရယ် သားက သူ့အမေတစ်လက်ဆိုတော့ သူ့အမေကလွဲရင် ဘယ်သူဖြစ်ဖြစ် ဂျီကျချင်တဲ့သဘောရှိတယ်၊ အဲဒါကြောင့် ရင်မြန်းကို ကြိုပြီးတောင်းပန်ချင်တာ"

စိတ်မထင်လျှင် မထင်သလို တဖွတ်ထိုးလုပ်တတ်သော သားအမူအကျင့်တွေကို အသိပေးထားခြင်းဖြစ်သည်။

"တောင်းပန်စရာမလိုပါဘူး အစ်ကိုရယ်၊ ရင်မြန်းက ကလေးချစ်တတ်ပါတယ်၊ ပြီးတော့ ကလေးတွေရဲ့သဘောကိုလည်း နားလည်ထားပါတယ်"

"ကျေးဇူးတင်ပါတယ် ရင်မြန်းရယ်၊ ခဏနေ့ာ် သားကို ကိုယ်ခေါ်ပေးမယ်"

"ဟုတ်ကဲ့"

"သားရေ"

တံတိုင်းရှိသည် ထမင်းစားခန်းမှ သားကို လှမ်းခေါ်သည်။

"ဗျာ လာပါပြီ ဖေဖေ"

လူထွက်မလာခင် အသံက အရင်ဆုံးထွက်လာသဖြင့် ရင်မြန်း



www.burmeseclassic.com

www.burmeseclassic.com



သစ် ပြုံးလိုက်ပြီး

"အသံလေးက ချစ်စရာကောင်းပြီး ယဉ်ကျေးလိုက်တာ"

"သား လာပါဦးကွာ၊ ဒီမှာ သားကိုစာသင်ပြမယ့် ဆရာမ ရောက်နေပြီ"

သားက တံတိုင်းရှဲဘောင်းဝင်ထိုင်ပြီး ရင်မြန်းသစ်ကို အကဲခတ် သလို ကြည့်ပြီးမှ

"မင်္ဂလာပါ ဆရာမ"

"မင်္ဂလာပါကွယ်"

သားက ဆရာမကို တရိုတသေ နှုတ်ဆက်သည်။ ရင်မြန်းသစ် သည် လိမ္မာပြီးသွက်လက်သော ကလေးမို့ မြင်မြင်ချင်း ချစ်သွားမိ၏။ ဩော် အမိမဲ့သားလေး။ မအေကိုယ်တိုင် ဘာမှလုပ်မပေးနိုင်တော့သည့် ဘဝမှာ ကရုဏာသက်မိတာလည်း အမှန်ပင်ဖြစ်သည်။

■ ■ ■

ထင်ထားသည်ထက် ပိုမိုချောမွေ့ကာ ကလေးကို စာသင်ရ သည်မှာ အရာရာ အဆင်ပြေခဲ့၍ ရင်မြန်းသီချင်းတအေးအေးနှင့် ခြံ တံခါးဖွင့်ပြီး ဝင်ခဲ့သည်။

"ဘယ်လိုလဲ သမီး၊ စာသွားသင်တာ အဆင်ပြေရဲ့လား"

စာသင်ပြီး ပြန်လာသော ရင်မြန်းကို အမေက မေးသည်။

"ဟုတ်ကဲ့ ပြေပါတယ် အမေ၊ သမီးကို တစ်လနှစ်သိန်းတောင် ပေးတယ် အမေရဲ့၊ အချိန်တော့ တော်တော်များများ ပေးရမှာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ သမီးရယ်၊ ကိုယ်က စေတနာကောင်းကောင်းထားရင် ကိုယ့်စေတနာက ရောင်ပြန်ဟပ်မှာပါကွယ်"

"နောက်ပြီး ဒီထက် အံ့သြစရာ ပြောရဦးမယ် အမေရဲ့"

"ဘာများလဲ"

"သမီး စာသွားသင်ရတဲ့အိမ်က ဘယ်သူ့အိမ်လဲ အမေသိလား"

"အိုအေ ညည်းပြောမှသိမှာပေါ့အေ"

"သမီးတို့ ရန်ကုန်ရောက်တဲ့နေ့က သမီးတို့ကို ဘူတာကြီးရှေ့မှာ ကားလမ်းကူးပေးပြီး အိမ်အထိလိုက်ပို့ပေးတဲ့ သူဌေးလေ အမေရဲ့"

"ဟေ ဟုတ်လား"

"ဟုတ်တယ် အမေရဲ့၊ သမီး တွေ့တွေ့ချင်း ပျော်သွားတာပဲ ဘာပဲဖြစ်ဖြစ် မိတ်ဆွေဟောင်းတစ်ယောက်နဲ့ ပြန်တွေ့ရသလို စိတ်ထဲမှာ အားတက်သွားတယ်"

ရင်မြနိုးသစ် မျက်နှာပေါ်တွင် တစ်ခါမှ မမြင်ဘူးသော ကြည်နူးမှုအရိပ်တွေကြောင့် သမီးကို သတိပေးမှုဖြစ်မည်ဟု ဒေါ်မြသစ် စိတ်ထဲမှ တွေးလိုက်မိသည်။

"အမေက သူ့ကို လူပျိုလူလွတ်မှတ်နေတာ"

"ဪ အမေကလည်း ကလေးအဖေပါဆို၊ အင်းပေါ့လေ သမီးတောင် အမေ့လိုပဲ တွေ့စက လူပျိုမှတ်နေတာ၊ အစ်ကိုသားလေးက ချစ်စရာလေး အမေရယ်၊ မျက်လုံးမျက်ဖန်ကောင်းကောင်းနဲ့ ဘိုရုပ်လေး



www.burmeseclassic.com

www.burmeseclassic.com



သမီးဖြင့် ချစ်လိုက်တာ မပြောပါနဲ့တော့၊ အစ်ကိုကလည်း သမီးစာသင်ပေးနေတဲ့အချိန်မှာ လိုလေသေးမရှိ ဂရုစိုက်ဖို့ သူ့အမေကို သေချာမှာခဲ့တာ''

ခရေစေ့တွင်းကျ ကျေကျေနပ်နပ်ကြီး ရှင်းပြနေသော ရင်မြန်းကို ကြည့်ရင်း ဒေါ်မြသစ် ပြောသည်။

''အမေ သမီးကို မှာစရာတော့ ရှိတယ်''

''ဘာများလဲ အမေ''

''တခြားတော့ မဟုတ်ပါဘူး။ ဒီသူငယ်က မုဆိုးဖိုဆိုတော့ သမီးဘက်က ခင်မင်မှုကို လိုတာထက်ပိုပြီး မပြမိစေနဲ့ပေါ့ သမီးရယ်၊ ဘာလို့လဲဆိုတော့ ကိုယ်က မိန်းမသားမဟုတ်လား၊ အပြောခံစရာရှိရင် ပတ်ဝန်းကျင်က မိန်းကလေးတွေကိုပဲ ပြောကြတာ''

မိခင်၏စိုးရိမ်စိတ်ဖြင့် သတိပေးစကားကို ရင်မြန်း တလေးတစားနားထောင်ပြီး ခေါင်းညိတ်လိုက်၏။

''ဟုတ်ကဲ့ပါ အမေ၊ သမီး သတိထားပါ့မယ်၊ အစ်ကိုကလည်း သမီးကို သူ့ရဲ့စိတ်ရင်းအတိုင်း ဂရုစိုက်တာကလွဲလို့ ရှိုးသားတဲ့ဆက်ဆံရေးပါ အမေ၊ အဲဒီအတွက် အမေ စိတ်ချပါ၊ သမီးကြောင့် အမေ အရှက်မရစေရပါဘူး''

အမေ ကျေနပ်သောအပြုံးဖြင့် ခေါင်းတဆတ်ဆတ် ညိတ်သည်။

''ကဲ ကဲ ထမင်းသွားစားချေတော့၊ ကြက်သားနဲ့ဘူးသီး ဟင်းလ



www.burmeseclassic.com

www.burmeseclassic.com



သားချက်ပြီး မရမ်းသီးငပိထောင်း ထောင်းထားတယ်၊ ငပိထောင်းက တော့ သမီးအကြိုက် စပ်စပ်ကလေးပေါ့၊ ဟိုအကောင် သမီးမောင်က တော့ ဘယ်အချိန်ထိ သဝေထိုးပြီးမှ ပြန်လာမလဲ မသိဘူး''

ဗိုက်ဆာနေသော ရင်မြန်းသစ်သည် အမေရှုတ်ပြသည့်ဟင်း ကြောင့် စားချင်စိတ်ချက်ချင်း ဖြစ်သွားပြီး အမေ့နားမှထွက်ကာ အခန်း တွင်း တန်းဝင်သည်။

စိတ်ထဲတွင် ဘာကြောင့်ရယ်မသိ ဒီနေ့ ထူးခြားစွာ ပျော်ရွှင် ကြည်နူးနေမိ၏။ ဘာကြောင့် ပျော်နေသလဲဆိုတာ ရင်မြန်းကိုယ်တိုင် မပြောပြတတ်။ မျက်ဝန်းထဲတွင် ချစ်စရာကောင်းသော အစ်ကို၏သား လေးမျက်နှာ မြင်ယောင်နေသည်။ ပြီးတော့ ရင်ခုန်စအရွယ် စိတ်ကူးယဉ် ခဲ့ဖူးသည့် ချစ်သူ၏မျက်နှာပေါက်မျိုး အစ်ကို့မှာရှိနေသည်ဟု ရင်မြန်း မဝံ့မရဲလေး တွေးမိသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

အိမ်အပြင်ထွက်ခါနီးမှ သတိတရနှင့် ရင်လှိုင်းသစ် အမေ့ကို မေးမိသည်။

"အမေ အမေ့သမီး ခုတလော အပြင်နေ့တိုင်းထွက်နေပါလား။ ဘာဖြစ်လို့လဲ"

ရင်လှိုင်းသစ် အမေးကြောင့် အမေ ခပ်တိုးတိုးရယ်သည်။

"မင်းအစ်မက အခု ဂိုက်လုပ်နေတာလေ၊ ကလေးတွေစာလိုက်ပြနေတာ၊ ဒါကြောင့် နေ့တိုင်းလိုလို အပြင်သွားနေတာ"

"ဟာ အမေကလည်း ဘယ်မှသွားတတ်လာတတ်တာလည်း မဟုတ်ဘဲနဲ့ လျှောက်မလွှတ်ပါနဲ့၊ ရန်ကုန်မြို့ကြီးက အမေတို့နယ်မြို့လို မဟုတ်ဘူး။ ကျူရှင်လခက ဘယ်လောက်ရမှာမို့လဲ"

သောကတွေကြားထဲမှ အစ်မဖြစ်သူအတွက် တွေးပူနေသော ရင်လှိုင်းသစ်ကိုကြည့်ကာ ဒေါ်မြသစ် သက်ပြင်းငွေ့ငွေ့ချသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရယ် မင်းအစ်မလည်း ဘွဲ့ရထားတာ၊ အလုပ်တစ်ခုခု လုပ်မှ သိက္ခာလည်းရှိ၊ အဓိပ္ပာယ်လည်းရှိတော့မှာပေါ့၊ ပြီးတော့ ခုဟာက သက်သောင့်သက်သာလည်းရှိ၊ ကုသိုလ်လည်းရတဲ့အလုပ်မို့ အမေ မတားတာပါ"

"သားက အစ်မကို စိုးရိမ်လို့ပါ၊ ပြီးတော့ သားဆီမှာလာနေပြီး အလုပ်ထွက်နေရတယ်ဆိုတာ သူများတွေသိရင် သားသိက္ခာကျတယ်"

"အလုပ်လုပ်တာပဲ သိက္ခာကျစရာလား သားရယ်၊ ကိုယ်ကျင့်တရားပျက်စီးနေတာမျိုးမှ မဟုတ်တဲ့ သားရယ်"

အမေ့စကားကြောင့် ရင်လှိုင်းသစ် မျက်နှာပျက်သွားသည်။ ကိုယ်ကျင့်တရားဆိုသော စကားလုံးကို ကြားတိုင်း ရင်လှိုင်းသစ်ဘဝမှာ မေ့မထိထိုင်မသာ ကျောမလုံ ဖြစ်ခဲ့ပေါင်းများခဲ့ပြီ။ တကယ်တမ်းတော့ မမအပေါ် အစွဲအလန်းကြီးလွန်းသူ၊ အချစ်တတ်ဆုံးသောသူအဖြစ် ကိုယ့်ဘာကိုယ်ခံယူထား၏။ သို့သော် မမကိုယ်တိုင်လည်း ရင်လှိုင်းသစ် ကိုယ်ကျင့်တရားမကောင်းသူဖြစ်ကြောင်း တမလွန်ရောက်သည်အထိ အသံတိတ်သက်သေ ပြသွားခဲ့ပြီ။

သူ့ကြောင့် မမ လူ့လောကထဲမှာ စွန့်ခွာသွားကတည်းက သူ့ကိုယ်သူ လိပ်ပြာမလုံသလို ခံစားနေရ၏။ ယခုလည်း မေမေ့စကားကြောင့် ရင်ထဲမှာ မချင့်မရဲဖြစ်ရသည်။

မေမေ့ကိုပင် နှုတ်မဆက်ဘဲ အိမ်ထဲမှ ထွက်ခဲ့သည်။ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကင်သည့် အချိန်အခါမဟုတ်ဘဲ အံ့မှိုင်းနေ၏။

■ ■ ■

"ဆရာ ဒီနေ့ညနေ ဒင်နာရှိပါတယ်၊ ဆရာလာမယ်လို့ ကိုအောင်မျိုးမင်းတို့ကို အကြောင်းပြန်ထားပါတယ်"

ကွန်ပျူတာဖြင့် ဒီဇိုင်းပုံကြမ်းရေးဆွဲနေသော တံတိုင်းရံ့အနား သို့ ခင်ငြိမ်း လာရပ်ပြီး ပြောသည်။

"ဒီည တခြားဒင်နာတစ်ခုလည်း ရှိနေသေးတယ် ဆရာ၊ ဘယ်လိုလုပ်ရမလဲ"

ခင်ငြိမ်း၏ကိုယ်သင်းနံ့ သင်းပျံ့ပျံ့လေးကို သူ ရှူရှိုက်မိ၏။ သည်ရနံ့လေးကိုက မကြာခဏ သူ့ယစ်မူးစိတ်ကို ဖိတ်ခေါ်နေသလို ခံစားရသည်။

"အေးကွ ကိုယ်လည်း အဲဒါပဲ စဉ်းစားနေတာ"

"အချိန်မကိုက်ဘူးဆိုရင်တော့ သွားလို့ရမှာပေါ့ ဆရာ၊ ကိုအောင်မျိုးမင်းတို့ကလည်း ဆရာ့ကိုလာစေချင်နေလို့ အတန်တန်မှာ နေတာ၊ ပြင်သစ်ကုမ္ပဏီတစ်ခုနဲ့ ချိတ်ဆက်ဖို့က သူ့အကူအညီတွေ အများကြီးလိုနေတော့ သူ စိတ်မကွက်အောင် သွားသင့်တယ်လို့ ထင်ပါ တယ်"

တံတိုင်းရံ့၏နိစ္စဓူဝ plan များအား အကွက်ကျကျ စီမံတတ် သော ခင်ငြိမ်းသည် တံတိုင်းရံ့အတွက် အားကိုးရသည့်ဝန်ထမ်းကောင်း တစ်ယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ဒါဆိုရင်တော့ ဟိုဘက်ကပွဲကို အကြောင်းတစ်ခု ပြပြီး မလာဖြစ်တော့တဲ့အကြောင်း ပြောရမှာပေါ့၊ သြော် ခင်ငြိမ်းကို ကိုယ်တစ်ခုပြောစရာရှိတယ်"

"ရှင်"

"သြော် ဒီလိုပါ ဟိုရောက်ရင် အလုပ်ကိစ္စတွေပြောဆိုကြတဲ့ အခါ ခင်ငြိမ်းက ဘေးကနေ အသေးစိတ်မှတ်ပေးရမယ်၊ အဲဒီအတွက် ဒီည ခင်ငြိမ်းပါ လိုက်ခဲ့ရမယ်"

"ဒါဆို ခင်ငြိမ်း အိမ်ကို ခဏလောက် ပြန်မှဖြစ်မယ် ထင် တယ်"

"ဘာဖြစ်လို့လဲ ခင်ငြိမ်း၊ အိမ်ကိုနောက်ကျမယ့်အကြောင်း ပြောရမှာမို့လား။ ဒါဆိုလည်း ဖုန်းဆက်လိုက်လို့ မဖြစ်ဘူးလား"

ခင်ငြိမ်း မဝံ့တရဲ့လေး ရယ်သည်။

"မဟုတ်ဘူး ဆရာ၊ ဟိုလေ ဒင်နာဆိုတော့ ခင်ငြိမ်း ဒီအဝတ် အစားနဲ့သွားလို့ မဖြစ်ဘူးလေ၊ ဒါကြောင့် အိမ်ပြန်ပြီး အဝတ်အစား ပြန်လဲမလို့"

ခင်ငြိမ်းပြောမှ တံတိုင်းရဲ သတိထားကြည့်မိ၏။ ဟုတ်တာပေါ့ ကုမ္ပဏီယူနီဖောင်း ကုတ်အင်္ကျီနက်ပြာ၊ မီနီစကပ်နက်ပြာနှင့်။ သို့သော် ခင်ငြိမ်း လှနေတာတော့ အမှန်ပင်ဖြစ်သည်။

လုပ်ငန်းခွင်တွင် မေ့ကိုလွှမ်းတိုင်း အလုပ်ထဲ စိတ်နှစ်ခိုက် အရက်ကလေးနှင့် မေ့ကိုလွှမ်းလိုက်ဖြင့် ကိုယ့်ဘေးမှာလိုအပ်ချက်မရှိ



www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ဆည်းပေးနေသော ခင်ငြိမ်းကို သေသေချာချာ ဂရုမစိုက်မိခဲ့။

"အဝတ်အစားကြောင့်ဆိုရင်တော့ အိမ်ကို တကူးတက ပြန်မနေပါနဲ့တော့၊ ပင်ပန်းပါတယ်၊ ရော့ ကိုယ့်ဗီရိုအံဆွဲထဲက ငွေကို ခင်ငြိမ်း ထုတ်ယူသွားလိုက်"

ရတိုင်း အလကားမလိုချင်သော ခင်ငြိမ်း စိတ်ကြောင့် ခေါင်းကို တွင်တွင်ခါပြီး ငြင်းသည်။

"ဟင့်အင်း အဲလိုတော့ မလုပ်ပါနဲ့ ဆရာ၊ ဖုန်းဆက်ပြီးတော့ပဲ ဝတ်စုံနဲ့လက်ကိုင်အိတ်ကို မှာလိုက်တော့မယ်"

"ခင်ငြိမ်းပြောတော့ ချိန်းထားတာ ညနေ (၆)နာရီဆို၊ ခုပဲ ငါးနာရီထိုးတော့မယ်၊ ကိုယ်ပြောသလိုပဲလုပ်ပါ ခင်ငြိမ်း။ ဈေးဝယ်စင်တာ ကလည်း ဒီအဆောက်အဦရဲ့အောက်ထပ်မှာရှိနေတဲ့ဥစ္စာ၊ ကိုယ်ပေးတဲ့ အမှတ်တရလက်ဆောင်ပေါ့"

အမှတ်တရလက်ဆောင်တဲ့။ ခင်ငြိမ်း ရင်ထဲ ကျေနပ်ကြည်နူး သွားသည်။

"ဟုတ်ကဲ့ပါ ဆရာ၊ ဒါဆို ခင်ငြိမ်း ဝယ်လိုက်ပါ့မယ်၊ တခြား ကော ခင်ငြိမ်းကို ဆရာ ဘာခိုင်းစရာရှိသေးလဲ"

"မရှိတော့ဘူး ခင်ငြိမ်း၊ ဒီနေ့တော့ ဒီလောက်ဆို တော်လောက် ပြီ၊ ကိုယ်လည်း ရေချိုးချင်သေးတယ်"

"ဪ ခုမှ သတိရတယ်၊ သားအတွက် ဂိုက်ဆရာရပြီလား၊ အကယ်၍ မရသေးရင် ခင်ငြိမ်း သူငယ်ချင်းရှိတယ်၊ သူက နေ့ကနေ



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာလာနေတာလေ၊ ဘွဲ့လည်းရပြီးသား။ တခြားအလုပ်လည်း ဘာမှမရှိဘူးဆိုတော့ သားကို ဖိဖိစီးစီး သင်ပေးနိုင်တယ်လေ''

တံတိုင်းရံ၏ကိုယ်ရေးကိုယ်တာကိစ္စမှန်သမျှ အမြဲစေတနာထား၍ ဖြည့်ဆည်းပေးနိုင်လွန်းသော ခင်ငြိမ်းကို မှတ်မှတ်ရရ ရှိမိသည်။ တံတိုင်းရံ ထရပ်လျက် ခင်ငြိမ်းနှင့်မျက်နှာချင်းဆိုင်ပြီးပြောသည်။

''ပြီးခဲ့တဲ့ နှစ်ရက်သုံးရက်လောက်ကပဲ ဆရာမတစ်ယောက် သားအတွက် ရလိုက်ပြီ၊ ခုလို ခင်ငြိမ်း စိတ်ပူပြီး ပိုင်းစဉ်းစားပေးတာ ကျေးဇူးတင်ပါတယ်''

ကျေးဇူးတင်ပါတယ်ဆိုသော တံတိုင်းရံ၏အပြုံးငွေ့ငွေ့နှင့် အကြည့်တွင် စာနာမှုကရုဏာသံယောဇဉ်တွေ ပါနေမှန်း ခင်ငြိမ်း ခံစားမိ၏။

''ဆရာမလေးကလည်း သားအပေါ် စိတ်ရှည်ပါတယ်၊ စာသင်ပေးရုံမကပါဘူး၊ သားရဲ့ဝေယျာဝစ္စတွေကိုပါ လိုက်လုပ်ပေးတော့ အားနာနေမိတာ''

''ဟွန်း သူ့ကိစ္စမှမဟုတ်တာ၊ ဆရာက ဘာကိုအားနာနေရတာလဲ''

ခင်ငြိမ်း နှုတ်ခမ်းစူကာ မကျေနပ်သလို မျက်စောင်းတစ်ချက်ဝေ့ထိုးပြောပုံက ချစ်စရာကောင်းသည်။

''ဟောဗျာ ခင်ငြိမ်းက ဘာကိုမကျေနပ်ရတာလဲ''

ကိုယ့်အဖြစ်ကိုယ်ပြန်တွေးရင်း ခင်ငြိမ်း ရှက်ကာ ခေါင်းငုံ့၍



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သို့ မျက်နှာလှည့်လိုက်၏။

"သွားပါ ဘာတွေလာမေးနေမှန်း မသိဘူး"

တံတိုင်းရှ်ကိုယ်တိုင်မသိသော စုပ်လျှိုးနေသည့်စိတ်က ခုမှ ရုတ်တရက် ဖြစ်ပေါ်လာသည့်ထင်၏။ ခင်ငြိမ်း ပခုံးနှစ်ဖက်ကို သူ ခပ်ဖွဖွဆုပ်ကိုင်လှုပ်ရမ်းကာ ခင်ငြိမ်းမျက်နှာအနီး သူ့မျက်နှာနှင့်နမ်းလု မတတ် ကပ်၍တိုးတိုးလေးမေးသည်။

"ပြောလေ ခင်ငြိမ်း၊ ခင်ငြိမ်း ဘာကိုအလိုမကျတာလဲဆိုတာ"

ခင်ငြိမ်း၏ ပင့်သက်မောများ သူ့မျက်နှာသို့ လာရိုက်သည်။ ရပ်နေရာမှ ရင်ခွင်ပိုက်ထားသော သူ့ဖိုင်၏ထောင့်ကို ညာလက်နှင့်ပွတ် ရင်း မျက်လွှာချထား၏။

တံတိုင်းရှ်သည် ခင်ငြိမ်းလက်ထဲမှ ဖိုင်ကိုဆတ်ခနဲ ဆွဲယူပြီး စားပွဲပေါ်ချလိုက်၏။ ဖြစ်လာနိုင်သည့် အခြေအနေအရပ်ရပ်ကို ကျေနပ် လက်ခံချင်သော်လည်း ခင်ငြိမ်း ဒူးများက တဆတ်ဆတ်တုန်ကာ ယိုင်နဲ့ နေသည်။

တံတိုင်းရှ် ခင်ငြိမ်း မေးစေ့လေးကို လက်ဖြင့်ပင့်တင်ကာ ခင်ငြိမ်း နှုတ်ခမ်းဖူးလေးကို နမ်းရှိုက်သည်။ တစ်ခါမျှ မတွေ့ကြုံဘူးသော ခံစားမှုအသစ်ကြောင့် ခင်ငြိမ်း ကြက်သီးဖြန်းခနဲ ထသွားသည်။ ချက်ချင်း ဆိုသလို တံတိုင်းရှ်၏မေးနှစ်ဖက်ကို ခပ်ဖွဖွတွန်းရင်း တိုးတိုးလေးပြော သည်။

"ကို ရုံးခန်းကြီးထဲမှာလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေလေ"

"ကို ရေချိုးမယ်ဆို"

"ဟုတ်ပြီ ရေချိုးပြီး ကိုယ်စောင့်နေမယ်နော် ခင်ငြိမ်း"

စကားလုံးများ၏အနက်အဓိပ္ပာယ်က ဖြာထွက်နေ၏။ ကိုယ်လို ရာဆွဲတွေးသည့်အခါ ရင်တလှပ်လှပ်ဖိုရ၏။ ရှက်စိတ်ကြောင့် ကိုယ့်မျက်နှာ ကိုယ် မပြရဲလောက်အောင် ခင်ငြိမ်းအနေရခက်စွာ တံတိုင်းရုံရှေ့မှ လှည့်ထွက်သောအခါ တံတိုင်းရုံ၏ခိုးကြောင်ခိုးဝှက် မျက်လုံးများ ခင်ငြိမ်း တင်သားဆီ လာရောက်ပုတ်ခတ်သလို ခံစားနေရသည်။

တံတိုင်းရုံသည် ခင်ငြိမ်း၏ ဖွံ့ထွားလွန်းလှသော ကိုယ်ခန္ဓာအား ငေးကြည့်မိရင်း သက်ပြင်းတစ်ချက် မသိမသာချလိုက်သည်။ လတ်တလောဖြစ်ပေါ်နေသည့်စိတ်ကြောင့် ခြေဖျားလက်ဖျားကလေးများ အေးစက်နေသည်။

ညနေ (၆)နာရီထိုးပြီး၍ (၅)မိနစ်ပင် စွန်းနေပြီ။ ခင်ငြိမ်း ခုထိ ထွက်မလာသေး။ ခင်ငြိမ်းရင်ထဲ ဘာဖြစ်နေသည်ကို မှန်းဆ၍ရသည်။ ခင်ငြိမ်း ရှက်နေသည်မှာ သေချာ၏။

"ခင်ငြိမ်း"

ရေချိုးခန်းတံခါးကို ပုတ်ရင်း ခပ်တိုးတိုးခေါ်လိုက်၏။ တံခါးဟ ကာ ကိုယ်တွင် ရင်ညွန့်အထိ သဘက်ပတ်ထားသော ခင်ငြိမ်း ထွက်လာသည်။

"ခင်ငြိမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

မျက်လုံးဝိုင်းလေးဖြင့် စိတ်လှုပ်ရှားစွာ မော့ကြည့်လာသော ခင်ငြိမ်းမျက်ဝန်းထဲတွင် နူးညံ့မှုဖြင့် မှတ်သိပ်နေသည်။ ခင်ငြိမ်းကိုယ်ခန္ဓာရှိအသွေးအသားများသည် တံတိုင်းရံနှင့် အတွေးဖြင့်သက်ဝင်လှုပ်ရှားခဲ့သည်မှာ ကြာခဲ့ပြီ။

တံတိုင်းရံ လတ်တလော အခြေအနေအား ရိပ်မိ၍ ခင်ငြိမ်းကို တင်းကျပ်စွာဖက်ပြီး အခါခါနမ်းရှိုက်သည်။ ခင်ငြိမ်း လက်နှစ်ဖက်သည် တံတိုင်းရံလည်တိုင်ပေါ်သို့ ပြန်လည်ဖက်တွယ်လာ၏။

တံတိုင်းရံသည် ခင်ငြိမ်းကိုပွေ့ချီကာ တစ်ဖက်ခန်းအထိ လျှောက်သည်။ ပြန်လည်ဖက်တွယ်ထားသော ခင်ငြိမ်းလက်ဖျားကလေးများ တုန်ခါနေ၏။ တစ်ဖက်ခန်းရှိ စားပွဲပေါ်သို့ ခင်ငြိမ်းကို ညင်ညင်သာသာတင်၍ ကိုယ်တွင်ပတ်ထားသော သဘက်အား အသာအယာခွာချသည်။

ဘာတစ်ခုမှ လိမ်းခြယ်ထားခြင်းမရှိသည့် ပေါင်သားအလှနှင့် အပျိုစင်တစ်ယောက်၏ခန္ဓာသည် ကုံ့ကော်တောအုပ်တွင် ကြွေကျသည်။

တစ်နေရာ နမ်းပြီးတိုင်း တံတိုင်းရံ၏ရီဝေမှုတ်သိပ်လွန်းသော အကြည့်တို့ကို ခင်ငြိမ်း ရင်မဆိုင်ရဲသလို မျက်လွှာချထားလိုက်သည်။

တံတိုင်းရံ၏မထိတထိ နှုတ်ခမ်းအတွေ့သည် တဖြည်းဖြည်း ခင်ငြိမ်းဝမ်းဗိုက်ချပ်ချပ်လေးသို့ စီးဆင်းလာ၏။

ဒါဟာ အချစ်ကြောင့်လား ဒါမှမဟုတ် မေ့မရှိတော့သည့်နှောက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်း သဘာဝအရ သွေးသားဆာလောင်မှုလား တံတိုင်းရံ မဝေခွဲတတ်။

နေဝင်ဆည်းဆာ လိမ္မော်ရောင်တိမ်တိုက်မျောထဲတွင် စကားပွင့်ချပ်တွေ လတ်ဆတ်သင်းပျံ့နေသည်ကို တံတိုင်းရံ မြင်နေရသည်။

'လှလိုက်တာ ခင်ငြိမ်းရယ်' ဟု ကြိတ်မနိုင်ခဲမရပုံစံမျိုးနှင့် ပြောသော သူ့စကားကြောင့် ခင်ငြိမ်း ရင်တွေပန်းတွေ တဆတ်ဆတ်တုန်ကာ အသက်ရှူမှားသည်အထိ ခံစားလိုက်ရသည်။

အရိုင်းဆန်ဆန်လွင့်မျောလာသော တိမ်တွေကို စီးရင်း နှစ်ဦးသား မနက်ခင်းဆီ ဝင်ခဲ့ကြလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဒီနေ့ ခင်ငြိမ်း ရုံးမတက်ဘဲ အခန်းထဲမှာ ခွေနေလိုက်သည်။ အိပ်ရာထဲလှဲနေရင်းမှ မနေ့က 'ကို'နှင့်အတူ ချစ်ကျွမ်းဝင်ခဲ့ပုံများအား ချပြန်တွေးရင်း ချပြန်ပြီး ရင်တုန်နေဆဲပင်ဖြစ်၏။

သူ့အလိုကျ အလိုက်သင့်လှုပ်ရှားခဲ့ပုံတွေ ပြန်တွေးရင်း ခင်ငြိမ်း ရှက်လိုက်တာမပြောပါနဲ့တော့။ ခုထိ ရင်ထဲတွင် တထိတ်ထိတ် ရင်ခုန်သံ မြန်နေဆဲ။

'ကို'ရဲ့ အနမ်းတစ်ချက်သည် ခင်ငြိမ်းရင်ကို လှုပ်ခတ်စေသော်လည်း ပတ်ဝန်းကျင်ဆိုသော အရာကြီးတွေးမိတိုင်း ခင်ငြိမ်း ထိတ်လန့်နေမိသည်။

'ကို'ကော ခင်ငြိမ်းကို တကယ်ချစ်တာလား၊ ဒါမှမဟုတ် သန်းဆန်းသင်းပျံ့တဲ့ ပန်းပွင့်လေးကို 'ကို'က ခူးချွေချင်တာလား။ မဖြေနိုင်ပါဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com



'ကို'က လူကြီးလူကောင်းတစ်ယောက်ပါ။ လူကြီးလူကောင်းတစ်ယောက်ရဲ့ဂုဏ်သိက္ခာအပြင် ခင်ငြိမ်းရဲ့အရှက်တရားကို ထိပါးသွားနိုင်တယ်ဆိုတာ 'ကို' တွေးမိမှာပါ။

ဘာပဲဖြစ်ဖြစ် ခင်ငြိမ်းရင်ထဲ ခုထိ တသိမ့်သိမ့်တုန်ကာ ကြည်နူးကျေပ်နေမိတာ အမှန်ပါ။

"ဟဲ့ သမီး ခင်ငြိမ်း၊ အိပ်ရာထဲက ခုထိထွက်မလာသေးဘူး ဘယ်အချိန်ရှိပြီလဲ၊ ရုံးမသွားဘူးလား။ ဒီကလေးမ တစ်ခါမှ အိပ်ရာထနောက်မကျဖူးပါဘူး"

အခန်းဝမှ အမေ့အသံကြောင့် ခင်ငြိမ်း၏ကြည်နူးမှုလေးတွေ လွင့်ခနဲ ပျောက်ကုန်သည်။

"နိုးနေပါပြီ အမေရဲ့၊ ဒီမှာ အိပ်ရာသိမ်းနေလို့ပါ"

"မြန်မြန်လုပ် ဒီမှာဈေးထဲက နန်းကြီးသုပ်ဝယ်ထားတယ် ပွကုန်တော့မယ်"

"ဟုတ်"

အိပ်ရာမှ ကပျာကယာထပြီး မျက်နှာသစ် ရေချိုးဖို့လုပ်သည်။ ရေချိုးနေရင်းမှ 'ကို'နမ်းခဲ့သည့်မိမိ၏ခန္ဓာအနံ့ကို ပြန်ကြည့်ရင်း ရင်ဖိုရသေး၏။ ရေချိုးခန်းဘေးစင်ထက်ရှိမှန်အား မိမိကိုယ်မိမိ လှည့်ပတ်ကြည့်ကာ ကြည်နူးကျေနပ်နေမိ၏။

ရေချိုးခန်းမှထွက်ပြီး မှန်တင်ခုံရှေ့ရပ်ကာ သဘက်ကိုဖယ်ခါ လှပ်ကြည့်မိပြန်သည်။ 'ကို' ယစ်မူးမည်ဆိုလည်း ယစ်မူးချင်စရာပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

တကယ်ဆို ဒီနေ့ ခင်ငြိမ်း အလုပ်မသွားလျှင် 'ကို' ဖုန်းဆက်ခေါ်မည်။ ခင်ငြိမ်းက 'ကို'နဲ့ မျက်နှာချင်းဆိုင်ရမှာ ရှက်လို့ဟု ချွဲချွဲနွဲ့နွဲ့ပြောမည်။ 'ကို'က တစ်ခါ မရှက်ပါနဲ့ ခင်ငြိမ်းရယ်၊ ခင်ငြိမ်းကို 'ကို' လက်ထပ်မှာပါဟုပြောခဲ့လျှင် စိတ်ကူးရုံနှင့် ခင်ငြိမ်း ရင်တွေ တလှပ်လှပ်ခုန်လာပြန်သည်။

'ကို'ရယ် ခင်ငြိမ်း ချစ်လိုက်တာ။

'ဟဲ့ မိန်းမ တစ်ယောက်တည်း ဘာတွေတတွတ်တွတ် ပြောနေတာလဲ''

''ဟဲ့ သောက်ပလုတ်တုပ် ဟင် ရင်မြန်း''

အခန်းတံခါးဖွင့်ပြီး ဝင်လာသော ရင်မြန်းသစ်ကို မြင်လိုက်ရ၍ ခင်ငြိမ်း အရှက်ပြေ ပြုံးရင်း

''ဘာမှမပြောပါဘူးဟယ်''

''မညာနဲ့ ရှင်စကားတွေပြောနေတာကို ထူးဆန်းလို့ တံခါးနားမှာ နိုးနားထောင်နေတာ သိလား''

ရင်မြန်းသည် ခင်ငြိမ်း ခုတင်ပေါ်ထိုင်ကာ ခေါင်းအုံးတစ်လုံး ရင်ခွင်ပိုက်၏။

''နင် ဒီနေ့ ရုံးမသွားဘူးလား''

''အေး အဲဒီကိစ္စ ငါ နင့်ကို ရင်ဖွင့်ချင်နေတာနဲ့ အတော်ပဲ''

''ဘာလဲ ရင်ခုန်စရာတွေ့နေပြီလား''



www.burmeseclassic.com

www.burmeseclassic.com



"အေးဟာ ရှင်းရှင်းပြောရရင် ငါ အရင်ကတည်းက သဘောကျတဲ့သူက ခုမှ ငါနဲ့ချစ်သူဖြစ်တာ"

"ကဲ ရှင်းပါဦး"

ခင်ငြိမ်းသည် ရင်မြန်းအနီး၌ ဝင်ထိုင်သည်။

"နင်မို့လို့ ငါပြောတာ ရင်မြန်းရဲ့ သူက မုဆိုးဖို"

"ဟယ် နင့်ဟာကလည်း ဘယ်လိုများ နီးစပ်သွားရသတဲ့တုံး"

"အလုပ်ရှင်သူဌေးလေ နီးစပ်မှုဆိုပါတော့ဟာ၊ ကျိန်းသေတာက သူက လူကြီးလူကောင်းတစ်ယောက်လို့ သိကျွမ်းရှိပါတယ်"

"အေးလေ နင်လည်း လူကဲခတ်ဒီလောက်ညံ့မယ် မထင်ပါဘူး သေသေချာချာ ဆုံးဖြတ်ပေါ့၊ အခု ငါလာတာ ငါအလုပ်ရတဲ့အကြောင်း နင့်ကိုလာပြောတာ"

"ဟယ် ဟုတ်လား ငါတောင် နင့်အတွက်အလုပ်ကိစ္စပြောပေးဦးမလို့"

"ခုတော့ မလိုတော့ဘူးလေ၊ ငါ အဆင်ပြေသွားပြီ"

"ဝမ်းသာတယ်ဟာ နင့်အတွက်၊ ဘာပဲဖြစ်ဖြစ် နင့်မောင်က ဝင်ငွေကောင်းတယ်ဆိုပေမယ့် ကိုယ့်ဝင်ငွေနဲ့ကိုယ်ဆိုတော့ သိက္ခာရှိတာပေါ့"

ခင်ငြိမ်းနှင့်ရင်မြန်းသည် နယ်တွင် အတူတူကြီးပြင်းခဲ့ကြသော သူငယ်ချင်းများဖြစ်သည့်အလျောက် တစ်ဦးနှင့်တစ်ဦး ဆိုးတူကောင်းဘက် စာနာနားလည်နိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမ ဟိုလေ ငါ နင့်ကိုပြောစရာရှိသေးတယ်"

ပြောရင်းမှ ပြုံးရင်း ရှက်သလို ခေါင်းငုံ့သွားသော ခင်ငြိမ်းကို ကြည့်ရင်း ရင်မြန်း သိချင်စိတ်တို့ ထိုးထိုးထောင်ထောင် ဖြစ်လာသည်။

"ဟဲ့ ပြောလေ"

"ငါပြောရင် နင် ငါ့ကိုအထင်သေးမှာလား"

"ဟယ် သူငယ်ချင်းအချင်းချင်း သေးစရာလား"

"အေးပါ ဒါဆို ငါပြောမယ်"

"ပြောဟယ် ငါသိချင်လှပြီ"

'ကို'နှင့် ချစ်ခဲ့မိသမျှ ခရေစေ့တွင်းကျ မိန်းမသားချင်း ပွင့်ပွင့် လင်းလင်းပြောပြလိုက်ရ၍ ခင်ငြိမ်းရင်ထဲ ပေါ့ပါးသွားသော်လည်း အမျို စင်ရင်မြန်းအဖို့ ရင်ဖိုကာ မျက်နှာပင်နီမြန်းသွား၏။

"အေးပါဟယ် နင်တို့ မြန်မြန်လက်ထပ်နိုင်အောင် ကြိုးစား ကြပေါ့ အင်း ငါ့သူငယ်ချင်းတော့ ငါ့ထက်စောပြီး အအိုဖြစ်မှာ မြင်ယောင် မိသေးရဲ့"

ရင်မြန်းစကားကြောင့် ခင်ငြိမ်း ပေါ့ပါးသွက်လက်စွာရယ်ရင်း ခေါင်းညိတ်ကာ သူငယ်ချင်းနှစ်ယောက် လက်ဖဝါးချင်းရိုက်လိုက်ကြ သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"သားရေ ဒီနေ့တီချယ် စာမေးမယ်လို့ ပြောထားတယ်နော်၊ ဘယ်လိုလဲ အိုကေရဲ့လား"

အိမ်ထဲဝင်ဝင်ချင်း၊ ဂိမ်းဆော့နေသော သားအား ရင်မြန်း နွေးထွေးချိုသာစွာ နှုတ်ဆက်လိုက်သည်။ သားသည် ဂိမ်းဆော့နေရာမှ ရပ်ကာ ရင်မြန်းကိုပြုံးကြိုသည်။

"သားစာတွေအကုန် ရနေပြီ တီချယ်၊ မေမေကပြောတယ်၊ တစ်နေ့စာတစ်နေ့ ရအောင်ကျက်မှဆရာဝန်ဖြစ်မှာတဲ့"

"ဟုတ်လား၊ ဒါဆို သားက အရမ်းတော်သွားပြီကွာ၊ ဒါကြောင့် တီချယ်က သားကိုချစ်တာ"

"ဟော ရင်မြန်းတောင် ရောက်နေပြီပဲ"

တံတိုင်းရံ ရုံးသွားရန် ပြင်ဆင်ပြီး အခန်းထဲမှ ထွက်လာ၍ နှုတ်ဆက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အစ်ကို၊ ဒီနေ့ သားကို ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလေးပါတွဲလုပ်ပေးဖို့ စောစောလာလိုက်တာ၊ ညနေကျောင်း ကြိုရင်လည်း ရင်မြန်းပဲကြိုပေးပါ့မယ်၊ အစ်ကိုက အလုပ်များတော့ တကူးတက ဝင်ကြိုနေရမှာစိုးလို့"

ကိုယ့်အလုပ်ရှင်မို့ ရင်မြန်းဘက်က အတတ်နိုင်ဆုံး တာဝန် ကျေချင်သည်။ လူတစ်ဖက်သားအပေါ် ကူညီချင်သည့်စိတ်က ရင်မြန်း သစ် ငယ်ငယ်ကတည်းက မွေးရာပါဗီဇပါလာခဲ့သည့်အတိုင်း ကိုယ့်ကိစ္စ မဟုတ်သော်လည်း မိသားစုလိုသဘောထားကာ အချို့ကိစ္စတွေ ဝိုင်းကူ လုပ်ပေးလိုက်သည်။

"ခုလို ကူညီတာ ရင်မြန်းကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ဖို့ မလိုပါဘူး အစ်ကိုရယ်၊ ရင်မြန်းလို ဆွေမျိုး လိုပဲ သဘောထားပေးပါ"

"ဟုတ်ပါပြီ ကိုယ်ကလည်း ရင်မြန်းကို ကိုယ့်ညီမလေးတစ် ယောက်လို သဘောထားပါ့မယ်"

"ဒါဆို ဖေဖေနဲ့တီချယ်က မောင်နှမ ဖြစ်သွားပြီပေါ့ ဟုတ် လား"

တံတိုင်းရဲ့အနီး တိုးကပ်ကာ ခေါင်းမော့မေးသော သား၏ခေါင်း ကို တံတိုင်းရဲ့ တစ်ချက်ပုတ်လိုက်၏။

"ဟုတ်တာပေါ့ သားရဲ့"

သား ကျေနပ်သလို ရယ်သောအခါ တံတိုင်းရဲ့နှင့် ရင်မြန်းပါ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရယ်မိကြ၏။ ဘာပဲဖြစ်ဖြစ် ရင်မြန်း စိတ်ထဲ ကြည်နူးနေမိတာ ကိုယ်သာအသိဆုံးဖြစ်၏။

"ကဲ သား ဖေဖေသွားတော့မယ်၊ ဘွားဘွားကိုလည်း သွားပြော လိုက်ဦး၊ သရာမ ရောက်နေပြီလို့"

"ဟုတ်ကဲ့ ဖေဖေ"

သားလေးရှေ့မှ လှစ်ခနဲ ပြေးထွက်သွားသည်။ ရင်မြန်း ဖိုင်ကို ရင်ခွင်ပိုက်ရင်းမှ အလုပ်သို့ထွက်သွားသော တံတိုင်းရံကို အမှတ်မထင် လှည့်ကြည့်မိသည်။

တံတိုင်းရံ ပြန်လှည့်အကြည့်နှင့် နှစ်ဦးသား အကြည့်ချင်းဆုံ သည်။ ရင်မြန်း ရှက်၍ ခေါင်းငုံ့လိုက်သော်လည်း တံတိုင်းရံအရှက်ပြေ တာ့တာပြရင်း လှည့်ထွက်သွား၏။

ထိုတဒင်လေးကိုပဲ ရင်မြန်းသစ် ဘာအတွက်ကြောင့် ရင်တွေ ခုန်ရမှန်းမသိ၊ အို ရှက်လိုက်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

တစ်နေ့ တစ်နေ့ သားဖြစ်သူ တံတိုင်းရဲ့အတွက်တွေးရင်း ဒေါ်မြသစ္စာ စိတ်ထဲ မတင်မကျ ခံစားနေရ၏။ ခုလည်း အိမ်ရှေ့ပက်လက်ကုလားထိုင်တွင် ပုတီးစိပ်ရင်း အတွေးက တောင်ရောက်မြောက်ရောက် ဖြစ်ရပြန်သည်။

ဂျိန်းခနဲ ကားတံခါးပိတ်သံကြား၍ အိမ်အပြင်သို့ ခေါင်းမော်ကြည့်သည်။ အလုပ်ကပြန်လာသည့် တံတိုင်းရဲ့ အိမ်ထဲသို့ ဝင်လာသည်။

"မေမေ ဘယ်သူ့ကိုမျှော်နေတာလဲ သားကိုလား"

"သားမမျှော်လို့ မေမေက ဘယ်သူ့မျှော်ရဦးမလဲ"

"ပြောစရာရှိလို့လား မေမေ"

"ဟုတ်တယ် သား။ သားကို မေမေ တိုင်ပင်စရာရှိလို့"

တံတိုင်းရဲ့ လက်ဆွဲအိတ်ကို ဆိုဖာပေါ်တင်ပြီး အမေ့အနားကြင်းခင်းတွင် ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရေ မေမေတို့ ရင်မြန်းသစ်လေးကို လစာတိုးပေးရင် ကောင်းမလားလို့"

"ဘာဖြစ်လို့လဲ မေမေ"

"မေမေတို့က သူ့ကို အလုပ်ခန့်တာ ဆရာမလုပ်ဖို့လေ၊ ခုတော့ အိမ်မှုကိစ္စတွေကအစ ပိုင်းလုပ်ပေးတယ်၊ အရမ်းလည်း မိန်းမပီသတယ်၊ သူလေးရှိတော့ မြေးလေးကိုလည်း ကျောင်းပို့ကျောင်းကြိုကိစ္စ ဘာမှ စရာမလိုတော့ဘူး အားလည်းကိုးရတယ်"

"ဒါဆိုလည်း မေမေ အဆင်ပြေသလို ကြည့်စီစဉ်ပေးလိုက်လေ၊ ဒါနဲ့ သားကော စာလိုက်နိုင်ရဲ့လား"

"မြေးလေး တော်တော်တိုးတက်လာတယ်၊ အမြဲတမ်း ဝမ်းတူး သင်္ချာကို မဆင်းဘူး"

သား၏ပညာရေးအခြေအနေ တိုးတက်လာသည်ဆို၍ ရင်မှာ ကြည်နူးကျေနပ်မိသည်။

"အင်း ရင်မြန်းက စေတနာထားသလို အသင်အပြလည်း ကောင်းပါတယ်"

"မေမေတော့လေ သားနောက်အိမ်ထောင်ပြုမယ်ဆိုရင်တောင် ရင်မြန်းသစ်လို ရိုးသားအေးဆေးပြီး မိန်းမပီသတဲ့မိန်းကလေးမျိုးပဲ စဉ်းစားစေချင်တာ"

အစကတည်းက ရိပ်မိပြီးသားပင်ဖြစ်၏။ ရင်မြန်းသစ်၏ညှာပုံ၊ ဆိုပုံ၊ နေပုံ၊ ထိုင်ပုံကအစ မေမေတို့ချီးမွမ်းခန်းဖွင့်လွန်းသည်မှာ ခုလောက်



www.burmeseclassic.com

www.burmeseclassic.com



အထိ ရည်ရွယ်ချက်ကြီးကြီးထားပုံတော့ တံတိုင်းရဲ့ မတွေးမိ။

ခုတော့ အရိပ်ပြရုံမက တစ်ကောင်လုံးချပြသည့်အခါ တံတိုင်းရဲ့ ဖျတ်ခနဲ ရင်ငြိမ်းကို မြင်ယောင်သွားသည်။ ရင်ငြိမ်းမှာလည်း ပြောစရာ အပြစ်မရှိ။ လတ်တလော ဖြစ်ခဲ့သည့် အဖြစ်အတိုင်း ရင်ငြိမ်းကို သူ တာဝန်ယူရန် စဉ်းစားထားပြီး ဖြစ်၏။

''ဒီကိစ္စကို နောက်မှအေးအေးဆေးဆေး စဉ်းစားကြတာပေါ့ မေမေရယ်၊ လတ်တလောတော့ သားလည်း မစဉ်းစားချင်သေးဘူး''

မေမေ စိတ်ကျေနပ်အောင်ပြောပြီး မေမေ့အနီးမှထွက်ခဲ့သည်။ တကယ်တမ်း ခင်ငြိမ်းကို သူတကယ် အမြတ်တနိုးရှိခဲ့သလား။ ဒါမှမဟုတ် လတ်တလော ဖြစ်ခဲ့သည့်ယောကျ်ားတစ်ယောက်ရဲ့ဆန္ဒလား။ သူကိုယ်တိုင်လည်း မဝေခွဲတတ်သေး။ သေချာတာတစ်ခုမှာ နှစ်ယောက် အတူတွဲ၍ အဆုပ်အခဲလိုက်ပွင့်နေသော နှင်းစက်တွေကြား လွင့်မျော နေချင်တာပဲ ဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

အလုပ်နားရက်မို့ စိတ်က မရိုးမရွနှင့် ခင်ငြိမ်းဆီရောက်နေသည်။ ထုံးစံအတိုင်း သားက သူ့ဆရာမကိုမျှော်ရင်း ဂိမ်းဆော့နေ၏။ အိပ်ခန်းထဲပြန်ဝင်ပြီး ခင်ငြိမ်းဆီဖုန်းခေါ်ကြည့်သည်။

"ခင်ငြိမ်း ကိုယ်ပါ ခင်ငြိမ်း အားလားဟင်"

"အင်း ဘယ်အချိန်လောက်ဖြစ်မလဲ"

"ခဏနေ ကိုယ်လာခေါ်မယ်လေ၊ ကိုယ်တို့အပြင်မှာ တစ်ခုခုစားရအောင်"

ဖုန်းထဲမှ ကြားလိုက်ရသည့် တံတိုင်းရံအသံသည် ချိုသာနူးညံ့နေသည်။ ဒီနေ့ အလုပ်အားရက်ဖြစ်၍ လျှော်စရာ မီးပူတိုက်စရာရှိတာတွေ ခင်ငြိမ်း အကုန်လုံး သိမ်းကျုံးလုပ်ဖို့ စဉ်းစားထား၏။

"ဒီမှာ ဟင်းတွေကော ထမင်းတွေကော ခင်ငြိမ်းအကုန်ချက်ထားပြီးပြီ၊ ပြီးတော့ အိမ်မှာကလည်း ဘယ်သူမှရှိတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် ဘယ်သူမှမရှိဘူး ဟုတ်လား၊ ဒါဆို ကိုယ်လာခဲ့ရ မလား"

"အိုး မလာနဲ့ ဘယ်သူမှ မရှိပါဘူးဆို"

"အဲဒါကြောင့် ကိုယ်ကလာချင်တာလေ၊ ခင်ငြိမ်း အဖေတွေ အမေတွေ ဘယ်သွားကြလို့လဲ"

"ဖေဖေ့ညီမ ဆေးရုံတင်ထားတာကို သွားစောင့်ကြတာ၊ ကင်ဆာတဲ့ အခြေအနေမကောင်းပါဘူး၊ အဲဒါ ညီမလေးရော ဖေဖေရော မေမေရော သွားစောင့်နေကြတာ၊ မိုးချုပ်မယ်လို့ ပြောတာပဲ"

"အေးကွာ စိတ်မကောင်းပါဘူး၊ ဒါနဲ့ ခင်ငြိမ်း ဘာတွေချက် ထားတာလဲ၊ ခင်ငြိမ်းလက်ရာတွေကို စားချင်လို့"

"ငါးကျည်းခြောက်ဆီပျံရယ်၊ ဘူးသီးချဉ်ရည်နဲ့ ငပိထောင်း ထောင်းထားတယ်"

"ဟား ကြားရတာနဲ့တင် သွားရည်ထွက်လာပြီ ကိုယ့်ကို ထမင်း စားမဖိတ်ချင်ဘူးလား"

'ကို' အသံ ရွှင်ရွှင်လေးနှင့်ပြောတော့ ခင်ငြိမ်း ကြည်နူးသွား သည်။

"ကဲ ကိုယ်တော် အချိန်မရွေးလာစားလှည့်ပါရှင်"

"အိုကေ ဒါဆို အိမ်တံခါးသာ အဆင်သင့်ဖွင့်ထားပေတော့ ခင်ငြိမ်းရေ"

လမ်းမှားမည်စိုးသောကြောင့် ခင်ငြိမ်း ဖုန်းနှင့်အထပ်ထပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရင်း အိမ်ရှေ့တံခါးဖွင့်ကာ ရင်တဖိုဖိုနှင့်စောင့်နေလိုက်သည်။ နာရီဝက်အတွင်း တံတိုင်းရံ ပေါက်ချလာ၏။ တိုက်ရှေ့မှာ ကားရပ်ရပ်ချင်း လှေကားဝမှ စောင့်နေသော ခင်ငြိမ်း အပြေးကလေးပြောရသည်။

"ကို ကားကို လမ်းထိပ်က ဓမ္မာရုံနားအထိ ဆက်မောင်းပြီး အဲဒီမှာပဲ ရပ်ပြီးမှ လမ်းလျှောက်လာလိုက်ပါလား၊ ခင်ငြိမ်း တံခါးစေ့ပြီး စောင့်နေမယ်၊ ခုနစ်လွှာ ဘယ်ဘက်ခန်း "

ကန်ထရိုက်တိုက်ပေါ် ခေါင်းမော့တစ်ချက်မော့ကြည့်ရင်း ပြောသော ခင်ငြိမ်းစကားကို သဘောပေါက်၍ တံတိုင်းရံ ခေါင်းညိတ်လိုက်သည်။

"အိုကေလေ"

အိမ်ရှေ့တံခါးကိုတွန်းကာ ခြေသံလုံလုံဖြင့် ဝင်လာသည့် တံတိုင်းရံနှင့်ခင်ငြိမ်း ဆုံမိကြသည်။

"လာ ကို အိမ်မှာ ဘယ်သူမှမရှိလို့ ပတ်ဝန်းကျင်က တစ်မျိုးထင်မှာစိုးလို့ ပြောတာ"

"ကိုယ် နားလည်ပါတယ်"

တံတိုင်းရံ မရောက်ခင်ကတည်းက အိမ်ကိုရှင်းစရာရှိတာကမန်းကတန်းရှင်း ထမင်းပွဲအား သေသေသပ်သပ်ဖြစ်အောင် ပြင်ဆင်ကာ ကသောကမျော ရေချိုးပြီး သနပ်ခါးရေကျဲနှင့် ဆံပင်ကိုစုတင်ထား၍ ကလစ်တွေထိုးထားလိုက်သည်။

ညက ဝတ်ထားသော စပန့်ဘောင်းဘီရှည်အစား ပါထိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထဘီနှင့် ကြိုးနှစ်ချောင်းတပ် ခါးတိုလေးဝတ်ထားလိုက်သည်။

"ကို ဆာနေပြီလားဟင်"

"နေဦး ခင်ငြိမ်း၊ ခင်ငြိမ်းမျက်စိလေး ခဏမှိတ်ထား"

ခင်ငြိမ်း ရင်ခုန်စွာ မျက်လုံးမှိတ်လိုက်သည်။

"ကဲ ဖွင့်တော့"

ကတ္တီပါဘူးနီထဲတွင် တဖျတ်ဖျတ်တောက်ပနေသော စိန်လက်စွပ်ကိုကြည့်ရင်း ခင်ငြိမ်းမျက်နှာပေါ်တွင် ကြည်နူးကျေနပ်ခြင်းများ စိမ့်ထွက်နေ၏။

"အဲဒီလောက် တန်ဖိုးကြီးတာတွေ ခင်ငြိမ်း မယူပါရစေနဲ့ ကိုရယ်"

အားနာသောအကြည့်ဖြင့် ပြောနေသော ခင်ငြိမ်း ဘယ်လက်လေးကို တံတိုင်းရဲ ဆွဲယူလိုက်သည်။

"ကဲ ပေး လက် ကိုယ်ကိုယ်တိုင် စွပ်ပေးမယ်"

ခင်ငြိမ်း ရင်ထဲမှာ လှိုက်ခနဲ ပျော်သွားမိတာတော့ မငြင်းချင်ပါ။ သို့သော် 'ကို'ဆီမှ အကြင်နာ အယုယနှင့် ဂရုစိုက်မှုတွေဟာ ခင်ငြိမ်းအတွက်အလိုချင်ဆုံးအရာတွေပါဟု ခင်ငြိမ်းနှုတ်က မပြောဖြစ်ခဲ့။

"ကို ခင်ငြိမ်းကို တကယ်မြတ်နိုးတယ်ဆိုရင်ပဲ ခင်ငြိမ်းအတွက် လုံလောက်ပါတယ် 'ကို'ရယ်"

"ကိုယ် ခင်ငြိမ်းကို သံယောဇဉ်ရှိပါတယ်"

ပြောရင်းမှ ခင်ငြိမ်း နဖူးစကို တံတိုင်းရဲ ခပ်ဖွဖွလေး နမ်း



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုယ့်အနားမှာ ခင်ငြိမ်းကို အမြဲရှိနေစေချင်တာပါ"

"ရှင် ကို ဘာကိုဆိုလိုတာလဲဟင်"

ခင်ငြိမ်းမျက်လုံးလေးဝိုင်းလျက် နားမလည်သလို ပြန်မေးမိသည်။ 'ကို'မျက်လုံးတွေက ခင်ငြိမ်းတစ်ကိုယ်လုံးကို ပြာကျလုမတတ်ကြည့်လျက်

"ဟုတ်တယ် ခင်ငြိမ်းကို ကိုယ့်အနားမှာ အမြဲရှိစေချင်တယ် ဒါပေမဲ့ မေ့ ဆုံးခဲ့တာ တစ်နှစ်ပြည့်ဖို့ တစ်လလောက်တောင် လိုနေသေးတာ၊ ခုနေ ခင်ငြိမ်းနဲ့ကိုယ်လက်ထပ်မယ်ဆိုရင်"

"ဟုတ်တာပေါ့ ကို့ရဲ့ဂုဏ်သိက္ခာထိခိုက်တာပေါ့၊ ခင်ငြိမ်းကြောင့်တော့ ကို့ဂုဏ်သိက္ခာကို မထိခိုက်စေချင်ပါဘူး၊ ခင်ငြိမ်း နားလည်ပါတယ်"

ခင်ငြိမ်း အသံလေး တိမ်ဝင်ကာ ခေါင်းငုံ့သွား၏။

"ခုလို နားလည်ပေးတာ ကျေးဇူးပါ ခင်ငြိမ်းရယ်"

ဘာကြောင့်မှန်းမသိ ဝေ့ဝဲလာသည့် မျက်ရည်တို့ကိုသုတ်ကာ စကားလမ်းကြောင်း ပြောင်းကြည့်သည်။

"ကို ဆာနေပြီလား၊ ခဏလေး ကို၊ ခင်ငြိမ်း ကို့အတွက် ကြက်ဥလေးထပ်ကြော်လိုက်ချင်လို့"

"ကိုယ်ပါ ဝိုင်းလုပ်ပေးမှာပေါ့ကွ"

ရေခဲသေတ္တာထဲမှ ခင်ငြိမ်းထုတ်ပေးသည့် ကြက်ဥတစ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



တံတိုင်းရဲ့ ဝိုင်းကူမွှေခေါက်ပေးသည်။ ခင်ငြိမ်းက ကြက်သွန်နီပါးပါးလှီး ခရမ်းချဉ်သီးတစ်ခြမ်းလှီးပြီး လာထည့်ပေး၏။

"ကဲ ဖယ်တော့ ခင်ငြိမ်း ကြော်တော့မယ်"

ပဲဆီပူပူထဲ ခေါက်ထားသော ကြက်ဥထည့်ကြော်လိုက်သည့်အခါ ရှဲခနဲ ချက်ချင်း အနံ့လေးက သင်းပျံ့လာသည်။

"ဟား မိုက်တောင်ဆာလာပြီ"

တံတိုင်းရဲ့သည် ခင်ငြိမ်းပခုံးလေးဖက်ကာ ကြည့်နေရာမှ ပြောမိ၏။

"ကဲ ဒါဆို ခင်ငြိမ်းအတွက် ဘာဝန်ဆောင်ခ ပေးမှာလဲ"

ခင်ငြိမ်းက တံတိုင်းရဲ့ဘက် မျက်နှာလှည့်မေး၍ သနပ်ခါးရေကျဲနှင့် ခင်ငြိမ်းပါးကလေးကို ရွှတ်ခနဲ နမ်းလိုက်၏။

"ကို"

"အဲဒါ ဝန်ဆောင်ခလေ"

ခင်ငြိမ်း ဘာမှမပြောဘဲ ကြက်ဥကြော်ဒယ်အိုးကို မီးပိတ်လိုက်၏။ တံတိုင်းရဲ့ ရုတ်တရက် ခင်ငြိမ်းမေးနှစ်ဖက်ကို လက်ဖဝါးနှစ်ဖက်နှင့် ပင့်ကာ နှုတ်ခမ်းကို နမ်းသည်။ တမ်းတလိုလားစွာပင် 'ကို'လည်တိုင်အား ခင်ငြိမ်း ပြန်ဖက်မိ၏။

တံတိုင်းရဲ့၏နှုတ်ခမ်းအထိအတွေ့သည် ခင်ငြိမ်း၏လည်တိုင်ဆီသို့ နွေးထွေးစွာ စီးဆင်းလာသည်။ ခင်ငြိမ်း အယောင်ယောင်အမှားမှား တံတိုင်းရဲ့၏ဆံပင်များထဲသို့ လက်ချောင်းများ ထိုးသွင်းကာ ဆုပ်နယ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

တံတိုင်းရုံသည် ရုတ်တရက် ခင်ငြိမ်းခန္ဓာအား ဇွေ့ခနဲ ပွေ့ယူကာ မီးဖိုခုံပေါ်တင်လိုက်၏။ မင်္ဂလာရှိသော တိတ်ဆိတ်ခြင်းတွင် အသက်ရှူသံများ စံပယ်တွေလို ဖွေးနေအောင်ပွင့်သည်။

လှုပ်ဟာသွားသော ခန္ဓာတွင် အပျိုမ၏ရောင်နီတွေ အရုဏ်ဦးလို ပန်းနုရောင်သမ်းနေ၏။ မီးဖိုခုံပေါ်မှ အချိုမှုန့်ဗူးလင်း ကျကွဲသွားသည်။ အိမ်ဘေးမှ ကလေးချော့တေးသံ ကြားရသည်။ နံနက်ခင်း၏အလင်းနှင့်မှ လွဲ၍ ကမ္ဘာလောကတွင် ခင်ငြိမ်း၏ဝင်သက်ထွက်သက်အနံ့သည် အသင်း ပျံ့ဆုံးဖြစ်လိမ့်မည်ထင်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ညင်းသွဲ့သွဲ့လေပြည်ထဲမှာ ပန်းရနံ့လေးတွေ သင်းသင်းပျံ့ပျံ့ ပါလာသည်။ ထိုသို့ ပန်းရနံ့လေးတွေ ရှူရှိုက်မိသည့်အခါတိုင်း ရင်မြန်းသစ် စိတ်တွေ လန်းဆန်းကြည်နူးသွားစမြဲဖြစ်၏။

ဒီနေ့ ခြံထဲတွင် သစ်ခွပန်းတွေ ဝေနေအောင်ပွင့်နေ၍ ဘုရား ပန်းတင်ရန် ပြောလာသော အစ်ကို မိခင် ဒေါ်မြသစ္စာ၏စကားကြောင့် ရင်မြန်းခြံထဲ ဆင်းခဲ့ခြင်းဖြစ်သည်။

"လှလိုက်တဲ့ ပန်းကလေးတွေရယ် မင်းတို့ရဲ့သခင် အိမ်ကြီးရှင် ရယ်ကို ရင်မြန်း သိပ်ချစ်တာ သိလား"

လန်းစွင့်နေသည့် ပန်းပွင့်များ၏ရိုးတံကို ကိုင်ကာ တစ်ယောက် တည်း တီးတိုးပြောရင်း မလုံမလဲ တိုက်ကြီးဆီသို့ မျက်လုံးဝေ့ကြည့်မိ သေးသည်။

တက္ကသိုလ်တက်လာသည့် ကာလတစ်လျှောက်လုံး ပိုးနန်းကျ



www.burmeseclassic.com

www.burmeseclassic.com



သူများခဲ့သော်လည်း ရင်မြန်း ရင်ဖိုမလှုပ်ခတ်ခဲ့၍ ရည်းစားတစ်ယောက်တလမျှပင် မရှိခဲ့ဘူး။ ခုကျမှ ကလေးတစ်ယောက်အဖေ မုဆိုးဖိုကို ကိုယ်ကစချစ်မိနေသည့်အတွက် ရှက်လည်းရှက်သည်။

သို့သော် တစ်နေ့တခြား အစ်ကို့အပေါ်ထားရှိမိသည့် တရစ်ရစ်တိုးဝင်လာသော သံယောဇဉ်တွေသည် ရင်မှာခိုင်မြဲစွာ ရှင်သန်လာသည်။

ဘေးတစ်ဖက်တစ်ချက်မှ အိုးအစီအရီနှင့် ပွင့်နေသော နှင်းဆီပွင့်ကြီးများသည်လည်း အရောင်အသွေးစုံလင်စွာ လန်းစွင့်နေသည်။ ဒီအတိုင်း မခူးဘဲထားလျှင်လည်း သမျှောစရာ။

အသွေးကျကျ လှပနေသော ခရမ်းရောင်သစ်ခွပန်းများနှင့် နှင်းဆီဖြူပွင့်ကြီးများအား ရင်မြန်းသစ် အားရပါးရ ကပ်ကြေးနှင့် လိုက်ညှပ်သည်။ လက်ထဲ၌ တစ်ပွေ့တစ်ပိုက် တစ်ပုံတစ်ပင်။

နှင်းဆီပန်းများထဲမှ ထူးထူးခြားခြား လိမ္မော်ရောင်နှင်းဆီပွင့်လေးတစ်ခုကို ထပ်ညှပ်ခူးပြီး ရင်မြန်း နမ်းရှိုက်လိုက်၏။

"ဘယ်လိုလဲ ပန်းကလေး။ ရင်မြန်းကို ရှင်တို့ရဲ့အရှင်သခင်နဲ့ သဘောတူရဲ့လားဟင်"

"ရင်မြန်း"

နူးညံ့ညင်သာသော အသံဖြစ်သော်လည်း ရင်မြန်းကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။

"ဟင် အန်တီ"

"ဘာတွေများ တစ်ကိုယ်တည်းပြောပြီး အတွေးလွန်နေရတာလဲ



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့၊ ဘုရားပန်းတင်ဖို့ ပန်းတွေများနေပြီလေ''

''ဟုတ် ဟုတ်ကဲ့ ဘုရားပန်းအပြင် အိမ်ရှေ့စားပွဲပေါ်မှာလည်း တစ်အိုးထပ်ထိုးမလားလို့ပါ''

''သမီးလည်း ပန်ချင်ပန်လေ''

''ဒီပန်းတွေက အရမ်းတန်ဖိုးကြီးတာ သမီး၊ မပန်ရက်ပါဘူး အန်တီရယ်''

ကိုယ့်ကိုယ်ကိုယ် အမြဲနှိမ့်ချ၍ ယဉ်ယဉ်ကျေးကျေး ဆက်ဆံတတ်သော ရင်မြန်းကိုကြည့်ပြီး ဒေါ်မြသစ္စာ ချွေးမတော်ချင်စိတ်ဖြစ်ခဲ့သည်မှာ ကြာပြီ။

''သမီးကို တစ်ခု မေးချင်တယ်''

''မေးလေ အန်တီ''

''သမီးမှာ ချစ်သူမရှိဘူးလား''

''ရှင်''

ရင်မြန်းအား ရုတ်တရက် မေးသောအမေးကြောင့် ရှက်အမ်းအမ်းဖြစ်သွား၏။

''ဪ ဒီလိုပါ သမီးရဲ့ သမီးက ယဉ်ယဉ်ကျေးကျေး ဖော်ဖော်ရွေရွေနဲ့ ရုပ်ကလေးကလည်း ချောဆိုတော့ ချစ်သူမရှိဘူးဆိုတာ မဖြစ်နိုင်ဘူးလို့ အန်တီတွေးမိလို့ပါ''

ရင်မြန်း အရှက်ပြေရယ်ရင်း လက်တစ်ဖက်မှ နှင်းဆီရွက်ခြောက်များကို ချွေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်မရှိတာပါ အန်တီရယ်၊ မှန်တာပြောရင် စိတ်ချမ်းသာရပါစေရဲ့"

"ယုံပါတယ် သမီးရယ်၊ အန်တီက သမီးကိုချစ်လို့စတာပါ၊ ကဲ ကဲ အိမ်ရှေ့မှာတော့ ပန်းအိုးမထိုးနဲ့တော့၊ သမီးအစ်ကိုအခန်းထဲမှာ တစ်အိုးထိုးပေးလိုက်၊ သူက ပန်းတွေကိုသိပ်ကြိုက်တာ၊ တစ်ခြံလုံး သူ့စိတ်ကြိုက်စိုက်ခိုင်းထားတာကိုသာ ကြည့်တော့"

"ဟုတ်ကဲ့ အန်တီ၊ ရင်မြန်း ခုပဲ သွားထိုးလိုက်ပါ့မယ်"

ဒေါ်မြသစ္စာရှေ့မှ ရင်မြန်း ခေါင်းငုံ့ကာ အခန်းတွင်းသို့ ဖြတ်ဝင်သည်။ အစ်ကိုအခန်းထဲ ပထမဦးဆုံးအကြိမ် ဝင်ခွင့်ရတော့မည်မို့ ရင်မြန်း စိတ်တွေလှုပ်ရှားနေသည်။

ကြည့်စမ်း ကောင်မ၊ ဘာလို့ ရင်တွေဒီလောက်တောင် ဖိုနေရတာလဲ၊ ကိုယ်က မိန်းမသားဖြစ်လျက်နဲ့ဟု ကိုယ့်ဘာကိုယ် ပြောသိမ့်တွေးနေသော်လည်း ရင်တွေတရစပ်ခုန်နေတာတော့ အမှန်ပင်ဖြစ်၏။

အစ်ကိုရေ လူက ကိုယ့်သိက္ခာအတွက် ဟန်ဆောင်ပြီး ညာချင်နေပေမယ့် နှလုံးသားက ဟန်ဆောင်ပြီး လိမ်ညာနေလို့မရဘူးရှင့်။

■ ■ ■

ဘုရားခန်း ပန်းအိုးထိုးပြီးသည်နှင့် စိတ်တိုင်းကျ ချိန်ထားသော နှင်းဆီပန်းများနှင့် အိပ်ခန်းရှိရာအလယ်ထပ်သို့ ဆင်း၏။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲဝင်လိုက်သည်နှင့် ထုံသင်းသော အမွှေးရနံ့တစ်ခုကို အရင်ဆုံး ရှူရှိုက်မိသည်။ အစ်ကို၏ကိုယ်သင်းနံ့များလားဟုတွေးရင်း ရင်လှိုက်ဖိုသွား၏။

အိပ်ခန်းသည် သန့်ရှင်းသပ်ရပ်ပြီး ဖရိုဖရဲပြန့်ကျဲနေသော အရာဝတ္ထုဆို၍ တစ်ခုမှပင် လက်ညှိုးထိုးပြစရာမရှိ။ အဝတ်ဗီရိုကြီးဘေးမှ အဝတ်လှန်းစင်တွင် ချိတ်ဖြင့်ချိတ်ထားသော အဝတ်တွေက ညီညီညာညာနှင့် စနစ်တကျရှိသည်။

ခမ်းနားလှသော နှစ်ယောက်အိပ်ခုတင်ကြီးပေါ်တွင်ဖြူဖွေးသန့်ပုံ့သော ခေါင်းအုံးနှစ်စုံနှင့် မွေးပွစောင်ကြီးတွေက ရင်မြှန်းစိတ်တွေ လှုပ်ရှားစေသည်။

အရင်က ဖနီးမောင်နှံနှစ်ဦး နွေးထွေးကြည်နူးစွာ အိပ်စက်ခဲ့သည့် ခုတင်။ အခုအစ်ကိုတစ်ယောက်တည်း ဘယ်လောက်များ အထီးကျန်ဆန်လိုက်မလဲဟု စာနာတွေး တွေးမိပြန်သည်။

လက်ထဲ၌ အသင့်ပါလာသော နှင်းဆီပန်းအိုးကို ခုတင်ဘေးတစ်ဖက်ရှိ စားပွဲလေးပေါ်သို့တင်ကာ အနီမှိုအမြင့်မတူသည့် ပန်းများအား စိတ်တိုင်းကျ နေရာပြင်လိုက်၏။

တစ်ဖက်မှ အစ်ကို့ဖနီး မေ့အိပ်မည်ထင်သည့်နေရာသို့ ကြည့်ကာ မျှော်လင့်ချက်တစ်ခုဖြင့် ထိတ်ခနဲ ရင်မြန်း ရင်ခုန်သွားသည်။

မဝံ့မရဲ ခြေလှမ်းဖြင့်ကပ်ရင်း ခုတင်ပေါ်တွင် ခပ်ဖွဖွထိုင်ချလိုက်သည်။ အေးစက်နေသော လက်ဖျားလေးဖြင့် အစ်ကို အိပ်မည်ထင်



www.burmeseclassic.com

www.burmeseclassic.com



သည့် ခေါင်းအုံးလေးကို ဆွဲယူကာ ရင်မြန်း ရင်ခွင်ပိုက်လိုက်သည်။ ပိတ်ထားသော ခြင်ဇကာကြားမှ လေအေးတစ်ချက် သူ့လည်ဂုတ်သို့ လာရောက်ထိခတ်၏။

"ရင်မြန်း စိတ်တွေလှုပ်ရှားလိုက်တာ အစ်ကိုရယ်"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ရုံးမှ ပြန်လာကတည်းက လူက စိတ်မကြည်ချင်။ နေရာတကာ သဝန်တိုတတ်လာသည့် ခင်ငြိမ်းကြောင့် လက်အောက်ရှိ ဝန်ထမ်းအမျိုးသမီးများနှင့် ဆက်ဆံရေးသည်ပင် ခပ်တန်းတန်းဖြစ်လာ၏။

"သားရေ မြေးလေးက ညစျေးတန်းမှာ မုန့်သွားစားချင်လို့တဲ့ အဲဒါ"

"ဟာ ဒီနေ့တော့ သား မလိုက်နိုင်တော့ဘူး။ နားချင်ပြီ မေမေရယ်၊ ဝင်းဝင်းရယ် သားရယ် ဒါရိုက်ဘာ မောင်သက်ကို ဖုန်းဆက်ခေါ်ပြီး သွားလိုက်ပါနော် မေမေ"

"ဪ အေး အေး သားနားချင်တယ်ဆိုရင်လည်း မေမေတို့ပဲ လိုက်ပို့လိုက်ပါ့မယ်"

အမြဲတမ်း သားသမီး အရိပ်အကဲကို သိတတ်သည့် အမေက တံတိုင်းရုံအလိုက်ကျ ခေါင်းညိတ်၏။ ဖုန်းဆက်ခေါ်၍ ဒါရိုက်ဘာမောင်သက် ရောက်လာသည့်အခါ ခြံတံခါးလိုက်ပိတ်ပြီး လန်းဆန်းသွားအောင် ရေချိုး



www.burmeseclassic.com

www.burmeseclassic.com



ရန် စိတ်ကူးနှင့် အိပ်ခန်းထဲဝင်သည်။

သင်းပျံ့သော နှင်းဆီရနံ့က သူ့ကိုဆီးကြို၏။ အိပ်ခန်းကို ဝေ့ကြည့်သည်။ ခုတင်ဘေးရှိ မီးအုပ်ဆောင်းတင် ဗီရိုလေးပေါ်တွင် လန်းစွင့်လှပနေသော အဖြူရောင် နှင်းဆီပန်းများ။

တံတိုင်းရံ ကျေနပ်သလိုပြုံးရင်း ပန်းအိုးလေးနား ဒူးထောက်ကြည့်သည်။ အမယ် ထူးထူးခြားခြား အဖြူရောင်နှင်းဆီများအလယ်၌ လိမ္မော်ရောင်နှင်းဆီပန်းတစ်ပွင့်။

မေမေ ဘာရည်ရွယ်ချက်နှင့် ယခုလို ကဗျာဆန်ဆန် ထိုးထားသည်မသိ။ နှင်းဆီပန်းတစ်ပွင့်ကို တစ်ချက်နမ်းပြီး အဝတ်အစားတွေချွတ်သည်။ ရေချိုးခန်းဝင်ကာ ရေပန်းဖွင့်ချလိုက်၏။

သည်လို ရေပန်းအောက်မှာ မေ့နှင့် အခါခါ ကြည်နူးလိုက်ဖို့ ခဲ့ဖူးတာ သတိရသည်။ ကိုယ်လက်အင်္ဂါတွေကို ဆပ်ပြာနှင့်ပွတ်ရင်း တောင့်တမှုတစ်ခုအား မိုးသားတွေတဆုံး ခြေရာခံမိ၏။

မိမွေးတိုင်း ဖမွေးတိုင်း ရောက်မလာနိုင်တော့သည့် ဆောင်းနှင်းတွေကို သူမျှော်ကြည့်သည်။ မေ့ကို သတိရလိုက်တာ။ သဘက်ပတ်ပြီး မှန်တင်ခုံရှေ့ရပ်စဉ် စန္ဒရားသံပေါ်လာသည်။

သူ အံ့သြစွာကြည့်သောအခါ ခုတင်ထက်ရှိ ခေါင်းအုံးအောက်မှ တစ်စွန်းတစ်စမြင်နေရသည့် ဟန်းဖုန်းမှ ဖြစ်၏။ ဖုန်းကိုနှိပ်၍ နားဖြင့်ကပ်လိုက်သည်။ သူ ဘာမှမထူးသေးမီ။ တစ်ဖက်မှ အလောတကြီးနှင့် အလိုမကျသောအသံကို ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမရာ ငါ သေသေချာချာမှာထားရဲ့သားနဲ့ နင် ငါ့အယ်ဘမ်ကို ယူကြည့်တယ်မဟုတ်လား"

ဒီအသံက သူ အလွတ်ရနေသည့် ရင်လိှုင်းသစ်အသံ။ တဒိန်းဒိန်း ရင်တွေခုန်ပြီး သူ နှုတ်ဆိတ်ကာ ဆက်နားထောင်နေလိုက်သည်။

"ဟဲ့ ငါပြောနေတာ ကြားလား မမ၊ သူ အပြစ်ရှိတော့ ဘာမှပြန်မပြောဘဲ ငြိမ်နေတယ်၊ အဲဒီ အယ်ဘမ်မှာ ငါ့ရင်ထဲမှာ ဘယ်တော့မှ မေ့လို့မရတဲ့ မမမေ့သက်လျာရဲ့ဓာတ်ပုံတွေ ငါ တမြတ်တနိုးထည့်ထားတာ၊ နောက်ဆို နင် ယူမကိုင်နဲ့ဟာ ငါမကြိုက်ဘူး ကြားလား ဟဲ့ ကြားလား"

တစ်ကိုယ်လုံး အသားတဆတ်ဆတ် တုန်ပြီး ဖုန်းကို ချလိုက်၏။ ရင်လှိုင်းသစ်နှင့်ရင်မြန်းသစ် သူတို့က မောင်နှမ၊ အဖြေကရှင်းသွားပြီ။ ဒါကို သူ အရင်က နည်းနည်းမှမတွေးမိဘူးလား။

ပြီးတော့ သူ့အခန်းထဲ ဘာကြောင့် ရင်မြန်းသစ်ဖုန်း ကျန်ခဲ့ရသလဲ။ သိချင်ဇောနှင့် ညစျေးသွားနေသည့် အမေ့ဆီ ဖုန်းဆက်မေးသည်။

"မေမေ သား အခန်းထဲ ဘယ်သူဝင်သလဲ"

"ဟဲ့ တစိမ်းတရံစာ ဘယ်သူမှမဝင်ပါဘူး သားရဲ့၊ မေမေခိုင်းလို့ ရင်မြန်းလေး ပန်းအိုးဝင်ထိုးပေးတာပဲရှိတာ၊ ဘာပျောက်လို့လဲ"

"ဘာမှမပျောက်ပါဘူး၊ အဲဒီပန်းအိုးထိုးထားလို့ပဲ မေးကြည့်တာ"



www.burmeseclassic.com

www.burmeseclassic.com



သေချာသွားပြီတွေးရင်းမှ နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်သည်။ အလုပဆုံးလက်စားချေခြင်းဟာ ခွင့်လွှတ်ခြင်းတဲ့။ သွားစမ်းပါ စာအုပ်ထဲက စာသားတွေ လာပြောမနေနဲ့။

ရင်လှိုင်းသစ်ဆိုတဲ့ကောင်နဲ့ ဒီလိုလှပလွန်းတဲ့ ကလဲ့စားချေမှုမျိုးက ဘယ်လိုမှ မစပ်အပ်။ မဆွတ်ခင်ကတည်းက ညှတ်ချင်နေသော ရင်မြန်းသစ်မျက်နှာကို ပြေးမြင်သည်။

ကိုယ်ချင်းစာတတ်ဖို့ဆိုတာ ကိုယ်ကိုယ်တိုင်ခံရမှ ကိုယ်ချင်းစာတတ်မယ့်ကောင်မျိုး။ လူတစ်ယောက်ရဲ့နူးညံ့သိမ်မွေ့တဲ့ စိတ်ထားတွေကို ရိုင်းစိုင်းအောင် လှုံ့ဆော်ပေးခဲ့တာလည်း ရင်လှိုင်းသစ်ပဲ။

စိတ်တွေလှုပ်ရှားလွန်းလှ၏။ စန္ဒရားသံ ဖုန်းမြည်လာသည်။ ဖုန်းကိုင်လိုက်သည်နှင့် ရင်မြန်းသစ်အသံ မရဲတရဲလေး ကြားရသည်။

"အစ်ကိုလား ရင်မြန်း ဖုန်းကျန်ခဲ့လို့ လာယူတာ၊ အခု အစ်ကို့အိမ်ရှေ့မှာ ရောက်နေပြီ၊ ခြံတံခါးခဏလောက် လာဖွင့်ပေးပါဦး အစ်ကို"

စိတ်လှုပ်ရှားလွန်း၍ အဝတ်အစားလဲရန်ပင် သတိမရဘဲ သဘက်ပတ်လျက်နှင့် ခြံတံခါးဖွင့်ပေးလိုက်၏။ ရင်မြန်းသည် တံတိုင်းရဲ့ ကိုယ်ခန္ဓာအား အံ့ဩသလို အထက်အောက်ကြည့်ရင်း ပြုံး၍ခေါင်းငုံ့ဝင်သည်။

"ဘယ်သူမှ မရှိဘူးလား၊ အစ်ကိုတစ်ယောက်တည်း မဟုတ်လား"

မှန်ရာကိုပြောရလျှင် တံတိုင်းရဲ့ ရင်ထဲ ဗလောင်ဆူနေ



www.burmeseclassic.com

www.burmeseclassic.com



ရင်လှိုင်းသစ်အစ်မဆိုသည့်အသံအား နားထဲတွင် အကျယ်ကြီး ကြားနေရသည်။

"အစ်ကို ဘာဖြစ်လို့လဲဟင်၊ ချစ်ယောက်တည်းလားလို့"

"ဩော် အင်း"

"ခဏနော် အစ်ကို ရင်မြန်း အစ်ကို့အခန်းထဲ ဖုန်းသွားယူမလို့ မနက်က ပန်းအိုးထိုးရင်းနဲ့ ခုတင်ပေါ် ခဏတင်ထားရာက မေ့ကျန်ခဲ့တာ"

လှေကားလက်ရန်းကို ကိုင်ကာ ရင်မြန်းသစ် ရှေ့ကတက်သွား၏။ စကားဝါရောင် အင်ဒိုနီးရှားပါတိတ်မှ ပန်းပွင့်ဖြူကလေးများ လှုပ်ခါနေသည်။ နိမ့်တုံမြင့်တုံနှင့် အပျိုစင်တစ်ဦး၏အသားစိုင်ဖွံ့ဖြိုးမှု၏နောက်သို့ တံတိုင်းရံစိတ်တွေ လေယူရာတိမ်း ယိမ်းနွဲ့သွားသည်။

ခပ်ဟဟစေ့ထားသော တံခါးကို တွန်းဖွင့်လိုက်ရင်း အသိတစ်ခုနှင့် နောက်သို့ကြည့်သောအခါ တံတိုင်းရံ ကပ်ပါလာသည်ကို ကျောချမ်းသွား၏။

တံတိုင်းရံ၏ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားကို ယုံကြည်ချင်သော်လည်း ရေချိုးပြီးစ အပေါ်ဗလာ အောက်သာဘက်ပတ်ထားသည့် တံတိုင်းရံကိုကြည့်ရင်း ဘာကြောင့်မှန်းမသိ ရင်မြန်း ကြက်သီးမွေးညင်း ထသွားသည်။

အိပ်ရာခင်းဖြူလွလွပေါ်တွင် တင်ထားသော ဖုန်းကို လှမ်းယူသည်။ ရင်မြန်း လက်ကလေးများ တုန်နေသည်ကို တံတိုင်းရံသိမှာစိုးရိမ်

www.burmeseclassic.com



၏။

လိုက်ခနဲ ရင်မောစွာဖြင့် လှည့်ကြည့်သည်။ တံတိုင်းရံမျက်နှာတွင် သဘာဝထက်လွန်ကဲသော ဆာလောင်မှုတစ်ခု ရှိနေသလို မြင်မိသည်။

"ရင်မြန်း ခဏကွာ၊ ရင်မြန်းကို ကိုယ်ပြောစရာရှိလို့"

"ပြောလေ အစ်ကို"

တံတိုင်းရံသည် ရင်မြန်းအား စူးရှတောက်ပသည့် မျက်လုံးအစုံဖြင့် ကြည့်သည်။ ထိုအကြည့်ကြောင့် ရင်မြန်း အနေရခက်လာသည်။ ရှက်ရွံ့လာ၏။ ရင်မြန်း မျက်လွှာချကာ ခေါင်းငုံ့ထားလိုက်သည်။

"ကိုယ့်ဘဝမှာ အမြဲတမ်း အဖော်တစ်ယောက်လိုသလို ခံစားနေရတယ်၊ အဲဒါ ရင်မြန်း နားလည်နိုင်မလားဟင်"

နူးညံ့သော တံတိုင်းရံအသံတိုးတိုးလေးက ရင်မြန်းရင်ထဲသို့ စူးနစ်စွာ ဖောက်ဝင်သွား၏။ ရင်မြန်း ခေါင်းလည်းမခါ၊ ခေါင်းလည်း မညိတ်ဘဲ တိတ်ဆိတ်စွာရပ်နေ၏။

သူ ရင်မြန်းအနီးသို့ တိုးကပ်လာသည်။ ရင်မြန်း၏ပခုံးထက်သို့ ခပ်ဖွဖွတင်ကာ ဆုပ်ကိုင်လာသော သူ့လက်ချောင်းလေးများမှ ထူးဆန်းသော စွဲငင်အားတစ်ခုသည် ရင်မြန်းကိုယ်တွင်းသို့ စီးဝင်လာသလို ခံစားရသည်။

"ရင်မြန်းကို ကိုယ်ချစ်တယ်"

ပြောပြောဆိုဆို တံတိုင်းရံ ဖိုးခနဲဆတ်ခနဲ ရင်မြန်းကိုပွေ့ဖက်



www.burmeseclassic.com

www.burmeseclassic.com



ကာ နှုတ်ခမ်းအစုံအား ဖိကပ်နမ်းရှိုက်သည်။ ရင်မြန်း အသည်းတွေ အူတွေပါ သွက်သွက်ခါသွား၏။

အဆက်မပြတ် နမ်းရှိုက်သော အနမ်းနှင့်အတူ ရင်မြန်းခန္ဓာအား မွေ့ရာပေါ်သို့ အသာအယာတွန်းလှဲလိုက်၏။ အသံတွေ ဆူညံလွန်းသည်။ နှစ်ဦးသား၏ရင်ခုန်သံတွေကို အပြန်အလှန် ကြားနေရသည်။

စိတ်သည် ခုတင်ထက်ရှိ စကားဝါရောင် အင်ဒိုနီးရှားပါတိတ်မှ တစ်ဆင့် လှမ်းမြင်နေရသည့် ဖြောင့်တန်းဖြူဝင်းသော ပေါင်တံဆီ ပြေးလွှားနေသည်။

မှန်တိုင်းသည် လေညင်းနှင့်အတူ လက်ဆက်ကာ ရင်ခွင်တွေ လွှတ်လပ်စွာ ပျံသန်းကြသည်။ ဖြူဝင်းချောမွေ့သည့် လွှင်ပြင်သည် ချွေးစက်ချွေးသီးများနှင့် တလဲ့လဲ့တောက်ပနေ၏။

ရင်မြန်းရယ် ကိုယ်အကြာကြီး နမ်းမိတော့မယ်ဟု စေ့စေ့ကြည့် ပြောသော သူ့အကြည့်ရဲရဲတွင် ရင်မြန်းတစ်ကိုယ်လုံး အရည်ပျော်ကာ အငွေ့ပျံသွားမတတ် ခံစားနေရသည်။

တောင်ကုန်းမြင့်မြင့်တက်ရသလို မောပန်းနေ၏။ တစ်ခါလျှို တစ်ခုထဲ ရုတ်တရက်ပြုတ်ကျသလို နင့်ခနဲအေးစက်သွားသည်။ နှင်းဆီပန်းရနံ့ သင်းပျံ့နေသည်။ ဖြူလွလွ အိပ်ရာခင်းပေါ်တွင် ဘာပန်းမှမရှိ။

အရိုတရားနှင့်ပွင့်သော ပန်းလေးလှလွန်းသည်။ သူ နှစ်နှစ်ကာကာ နမ်းရှိုက်လိုက်သောအခါ ရင်မြန်းတစ်ကိုယ်လုံး လေထဲလွင့်စင်သွားလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ရော့ သမီး ရင်မြန်း၊ ဒါ ရင်မြန်းဝတ်ဖို့"

လက်ဆွဲအိတ်တစ်လုံးဖြင့် အပြည့်ထည့်ထားသော အဝတ်အစားတွေကိုကြည့်ပြီး ရင်မြန်းသည် ဒေါ်မြသစ္စာအား တအံ့တသြမော့ကြည့်သည်။

"အို အင်္ကျီတွေ အများကြီးပဲ"

"ဟုတ်တယ် ရင်မြန်းရဲ့ ဒီအင်္ကျီတွေက မေ့လုံးဝ ဝတ်မသွားရသေးတဲ့အင်္ကျီတွေကွဲ့၊ သားက သူကိုယ်တိုင်ပေးရင် ရင်မြန်းမယူမှာစိုးလို့ အန်တီ့ကိုပေးခိုင်းတာလေ"

ဂရုစိုက်မှုတွေနှင့် နွေးထွေးကာပေးသော အန်တီနှင့်အစ်ကို့စေတနာကို ရင်မြန်း နားလည်ပါသည်။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အန်တီရယ်၊ ရင်မြန်းက အဲလောက်ကြီးဈေးကြီးတဲ့ အင်္ကျီမျိုးတွေ တစ်ခါမှ မဝတ်ဖူးတာပါ၊ ခုလိုမျိုး ရင်မြန်းအပေါ် ဂရုစိုက်ပေးကြတာကို ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဦးမေတ္တာတစ်ဦးဆိုသလိုပေါ့ကွယ်၊ ရင်မြနှ်းကလည်း အန်တီ့မြေးလေးအပေါ်တင်မဟုတ်ဘူး။ မိသားစုလို အရာရာကိုဂရုစိုက် စေတနာထားပေးနေတာပဲကွယ်၊ ဘာပဲဖြစ်ဖြစ် အန်တီတို့ကတော့ သမီးကို ကိုယ့်သွေးရင်သားရင်းလို သဘောထားပါတယ်ကွယ်၊ ခုဆို မြေးလေးကို မြင်ရတာလည်း စိတ်ချမ်းသာတယ်ကွယ်"

ဒေါ်မြသစ္စာ၏မျက်နှာတွင် သားနှင့်မြေးအတွက် လိုအပ်ချက်တွေပြည့်စုံနေပြီဖြစ်၍ ပီတိမျက်နှာဖြင့် ရွှင်ပျနေသည်။

ဒီလိုမိန်းကလေးမျိုးကို ချွေးမတော်လိုက်လျှင် သားနှင့်မြေးအတွက် စိတ်ချရပြီဟု ဒေါ်မြသစ္စာ အခါခါတွေးမိ၏။

"စိတ်ချပါ အန်တီ၊ ရင်မြနှ်း ဒီအဝတ်အစားတွေကို အမြတ်တနိုး ဝတ်မှာပါ အန်တီ"

ကိုယ်ပေးသော အဝတ်အထည်လေးတွေကို တရိုတသေလက်ခံသော ရင်မြနှ်း၏ရိုကျိုးမှုကို ဒေါ်မြသစ္စာစိတ်ထဲ သနားကရုဏာ သက်မိသည်။

■ ■ ■

ကားထွက်မည်ဆိုကာမှ ရှေ့တွင် ပိတ်ရပ်ထားသောကားကို ကြည့်ပြီး တံတိုင်းရံ ဒေါ်သဖြစ်မိသည်။ ထို့ကြောင့် ဟွန်းသံကို ခပ်ရှည်ရှည်လေး ပေးလိုက်သည်။

"တောက် စောက်စည်းကမ်းမဲ့"

ဟွန်းသံ အဆက်မပြတ်ပေးသည့်တိုင် ကားဆီသို့လာနေသော



www.burmeseclassic.com

www.burmeseclassic.com



လူအရိပ်အယောင်မျှပင် မတွေ့ရသေး။ ထို့ကြောင့် ကားပါကင်တာဝန်ကျ ဝန်ထမ်းအား လှမ်းခေါ်လိုက်သည်။ ဝန်ထမ်းဖြစ်သူမှာ တံတိုင်းရံကား အနီးသို့ ခပ်သုတ်သုတ်လျှောက်လာ၏။

"ဆရာ ကားပိတ်နေလို့လား"

"ဟုတ်တယ် ဒီကားပိုင်ရှင် ဘယ်အထပ်ကိုသွားလဲဆိုတာ သိလား"

"ဟုတ်ကဲ့ သိပါတယ်၊ ဒီကားက ပန်းချီဆရာတစ်ယောက်ရဲ့ ကားပါ၊ ပြခန်းကို သူ ပန်းချီကားလာပို့တာ၊ သူပြောသွားတာတော့ ခဏလေးပဲ ကြာမယ်လို့ပြောသွားတယ်"

"ဟာ ဘာလဲကွာ စည်းမရှိ ကမ်းမရှိ၊ ငါက ဘယ်အချိန်ထိ စောင့်ရမှာလဲ"

တံတိုင်းရံ ဒေါသတွေကြောင့် စိတ်က မရှည်ချင်တော့၊ သားကို ရေကူးကန်လိုက်ပို့ရန် နောက်ကျနေပြီဖြစ်၍ ဖြစ်နိုင်လျှင် စည်းကမ်းမရှိ ပိတ်ရပ်ထားသည့် ကားအား တိုက်ပြီး မောင်းထွက်သွားလိုက်ချင်စိတ် ဖြစ်နေ၏။

"အဲဒီလူကို အခု သွားပြောပေးလို့ မရဘူးလား၊ ခုချက်ချင်း ကားကို လာဖယ်ပေးဖို့"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် ခုပဲ သွားခေါ်လိုက်ပါ့မယ်"

တာဝန်ကျဝန်ထမ်းမှာ ပျာပျာသလဲဖြင့် လှည့်ထွက်သွားသည်။ သိပ်မကြာလိုက် ထိုလူ ခပ်သုတ်သုတ်ပြန်ပြေးထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲ"

"သူ ထွက်လာပါပြီ ဆရာ"

တံတိုင်းရဲ ပိုက်ဆံအိတ်ထဲမှ တစ်ထောင်တန်တစ်ရွက် ထုတ်ပေးလိုက်သည်။ ထိုလူက တရိုတသေ လှမ်းယူ၍ ကိုယ်ကိုကိုင်းကာ ဦးညွှတ်သည်။

"ဟော ထွက်လာပါပြီ ဆရာ"

ထိုလူ ညွှန်ပြရာသို့ တံတိုင်းရဲ စိတ်မရှည်သလို လှမ်းကြည့်လိုက်သည်။ လေတချွန်ချွန်ဖြင့် အိတ်တစ်လုံးဆွဲကာ ထွက်လာသည့် ရင်လျှိုင်းသစ်ကို မြင်လိုက်ရ၍ ဒေါ်သ ဝုန်းခနဲ ထတောက်သည်။

"ခြော် ဘယ်သူများလဲလို့ အစ်ကိုကိုး"

ရင်လျှိုင်းသစ်ထံမှ ခပ်ထေ့ထေ့စကားကြောင့် တံတိုင်းရဲ ပို၍ ဒေါသဆင့်ကာ လက်က ကိုယ့်ကားတံခါးအား 'ဘုန်း'ခနဲနေအောင် ကိုယ်တိုင်ထုလိုက်၏။

"ဟေ့ကောင် မင်းကားမှန်း အစောကြီးကတည်းကသိရင် ငါ့ကားနဲ့ တစ်ခါတည်း တိုက်ပစ်လိုက်တယ်"

တံတိုင်းရဲ၏ ရင့်သီးသောစကားအား ရင်လျှိုင်းသစ် ဒေါသဖြင့် မတုံ့ပြန်ဘဲ ခပ်ဟဟရယ်သည်။

"သိပ်လည်း ဒေါသမကြီးပါနဲ့ အစ်ကိုရာ၊ စိတ်ကိုလျှော့ပါ ကပါ ကျွန်တော် အခုပဲ ဖယ်ပေးပါ့မယ်"

"နေဦး ဟေ့ကောင် မင်းကို ငါ ပြောစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကားဘေးကနေဖြတ်ပြီး သွားမည်အပြု တံတိုင်းရဲ့ တားသဖြင့် ရင်လှိုင်းသစ် ပြန်လှည့်ကြည့်သည်။

"မင်းကြောင့် ငါ့မိသားစု ပြိုကွဲရတယ်ဆိုတာ မင်းသိတယ် နော်"

တံတိုင်းရဲ့စကားကြောင့် ရင်လှိုင်းသစ် ကိုယ့်လိပ်ပြာကိုယ်မလုံ သလို ဖြစ်သွားသော်လည်း ချက်ချင်းဟန်ဆောင်ကာ ဘာခံစားမှုမှမရှိ သလို ပြန်ပြော၏။

"ဒါကတော့ အစ်ကို့ယူဆချက်ကို"

"ဟော့ကောင် ငါ့ယူဆချက်က မင်းကြောင့်ပေါ်လာတာလေ၊ လက်ဆုပ်လက်ကိုင် မပြနိုင်ပေမယ့် မေ့သေတာ မင်းပယောဂ မကင်းဘူး ဆိုတာ ငါသိတယ်"

"ကိုတံတိုင်းရဲ့က လူကြီးလူကောင်းတစ်ယောက်ပါ၊ ဘာ သက်သေအထောက်အထားမှ မရှိဘဲ မမ သေရတာကျွန်တော့်ကြောင့်လို့ စွပ်စွဲတာတော့ လူကြီးမဆန်သလို ဖြစ်နေတယ်"

"အိုကေလေ ကောင်းပြီ ငါ မစွပ်စွဲတော့ဘူး။ ဒါပေမဲ့ ခုကတည်း က ကြိုပြောထားမယ်၊ မင်းအလှည့်ကျရင်တော့ ခံနိုင်ရည်ရှိအောင် ကြိုပြီး လေ့ကျင့်ထား ဟုတ်ပြီလား"

တံတိုင်းရဲ့ပြောသော စကားအဓိပ္ပာယ်ကို ရုတ်တရက် ဖမ်းမိ မရသော်လည်း ရင်လှိုင်းသစ် မခံချင်စိတ်ဖြင့် ပခုံးနှစ်ဖက် ဆတ်ခနဲ တွန့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျွန်တော် ကြိုတင်ပြီး လေ့ကျင့်ထားပါ့မယ်၊ ကိုတံတိုင်းရဲ့လည်း ပြီးခဲ့တဲ့စာမျက်နှာတွေကို ပြန်နှလုန်ပြီး သောကတွေပွားမနေအောင် ကြိုးစားကြည့်ပေါ့၊ အရာရာကို ဖြေသာဖို့ တရားရှိပါတယ်၊ မမက ခုချိန်လောက်ဆိုရင် နတ်ပြည်ရောက်နေလောက်ပါပြီ"

စကားလုံး ချိုးနှင့် ခန့်နေသော ရင်လှိုင်းသစ်အား တံတိုင်းရဲ့ ထထိုးချင်သော်လည်း ပြုံးနေလိုက်သည်။

"မင်းပြောတာ သိပ်မှန်တာပေါ့ကွာ၊ မေ့က လူ့ယုတ်မာတစ်ယောက်ကြောင့် သေဆုံးခဲ့ရပေမယ့် ငါ့ရင်ထဲမှာတော့ ဘယ်တော့မှ မသေဆုံးဘူး။ မေ့က စိတ်မကောင်းရှိတဲ့မိန်းကလေးဆိုတော့ မင်းပြောသလိုကောင်းတဲ့ဘုံဗိမာန်မှာ ရောက်နေလောက်ပါပြီ၊ မကောင်းတာလုပ်တဲ့သူတွေကသာ အပြစ်ကြွေးကိုပေးဆပ်ဖို့ အချိန်ကာလတစ်ခုကို စောင့်နေကြရမှာ"

"ဟုတ်ပါပြီ စောင့်နေပါ့မယ်၊ ဒါဆို ကျွန်တော် လစ်ပြီနော် ဘိုင့် ဘိုင်"

ရင်လှိုင်းသစ် မခိုးမခန့် နှုတ်ဆက်ပြီး သူ့ကားရှိရာသို့ ထွက်သွားသည်။

"တောက်"

တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ကာ တံတိုင်းရဲ့ စတီယာရင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။

"မင်းပြောတဲ့အတိုင်း ခံနိုင်ရည်ရှိအောင် ကြိုးစားရတော့မှာပါ



www.burmeseclassic.com

www.burmeseclassic.com



ရင်လှိုင်းသစ်ရယ်''ဟု တစ်ယောက်တည်း ပြုံးရင်း တွေးလိုက်သည်။

"ဆရာ ကားထွက်သွားပြီလေ၊ ဆရာ့ကားလည်း ထွက်လို့ရပါပြီ"

ကားပါကင်ဝန်ထမ်း သတိပေးတော့မှ ကားကိုခပ်ဆောင့်ဆောင့် မောင်းထွက်လိုက်သည်။ ရင်ထဲမှာတော့ မာယာတို့နှင့် မနက်ဖြန်များဆီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ဘန်ဂလို၏အပြင်ထွက်လိုက်သည်နှင့် ဆံနွယ်စတွေလို အမျှင်တန်းနေသည့် လိမ္မော်ရောင်နေခြည်တန်းနောက်ခံနှင့် ပင်လယ်ပြင်ကြီးက သူတို့နှစ်ဦးအား ဆီးကြိုနေသည်။

ပင်လယ်မှ တိုက်ခတ်လာသော လေပြည်တွင် ရေမှုံရေမွှားများ ရနံ့သည် မွှေးပျံ့နေ၏။ ပင်လယ်စင်ရော်အချို့ ကောင်းကင်ထက်၌ အသုတ်လိုက် အုပ်စုဖွဲ့ပျံသန်းသွားကြ၏။

ဘယ်လောက်များ ရင်ခုန်ကြည်နူးစရာကောင်းတဲ့ မြင်ကွင်းလဲဟု ရင်မြန်းသစ် တွေးလိုက်သည်။ တကယ်လည်း ရင်ခုန်စရာကောင်း၏။ သည်ခရီးကိုလိုက်ဖို့အရေး အမေ့ကို သူငယ်ချင်းများနှင့် ငွေဆောင်သွားမည်ဟု ညာခဲ့ရသေး၏။

တံတိုင်းရံ၏စကား မပယ်ရှားရဲ၍သာ လိုက်ခဲ့ရသည်။ ချစ်သူနှစ်ဦးအတွက် လွတ်လပ်မှုအလျှံပယ်ကြီး ဖြစ်နေသည့် ကမ်းခြေအနားဖြေခရီးသည် ရင်မြန်းသစ်ဘဝအတွက် ထူးခြားဆန်းသစ်သော ရင်ခုန်မှုများ

www.burmeseclassic.com



ဗွာကို ပေးစွမ်းနိုင်ခဲ့လေသည်။

"ရင်မြိန်း ရေထဲဆင်းကြရအောင်"

"အို ရင်မြိန်းမှ ရေမကူးတတ်တာ"

"ကိုယ်တစ်ယောက်လုံး ရှိနေတာပဲ၊ ဘာကိုကြောက်နေတာလဲ"

"ကြောက်တာပေါ့ အစ်ကိုရဲ့၊ ပင်လယ်ပြင်ကြီးက ဒီလောက် အကြီးကြီးဟာကို"

မပြောမဆို အုန်းပင်ရိပ်အောက် ခုံတန်းလျားတွင် အုန်းရည် သောက်နေသော ရင်မြိန်းအား ဇွေ့ခနဲ ပွေ့ယူကာ သဲသောင်ပြင်ကမ်းစပ် ဆီသို့ ခေါ်သွားသည်။

အပေါ်ဗလာကျင်းနှင့် ယောကျ်ားပီသလှသော ခန္ဓာကိုယ်များ အား ခဏခဏ ရင်မြိန်း မြင်ဖူးပါလျက်နှင့် တံတိုင်းရုံကျမှ ရင်ခုန်သံတွေ ပိုမြန်နေမိသည်။

"အစ်ကိုကွာ အောက်ချပေး။ ဟိုဘက်က လူတွေကြည့်နေ တယ်"

"လူတွေကြည့်တော့ ဘာဖြစ်လဲ ကိုယ့်ရည်းစားကိုယ်ပွေ့တာ"

"ဟာ အစ်ကိုရာ ရင်မြိန်း ရှက်လို့ပေါ့"

"လုပ်မနေနဲ့ ချမပေးဘူး"

တံတိုင်းရုံသည် ပြောသည့်အတိုင်း ပင်လယ်သို့ဆင်းသည့်အခါ ရင်မြိန်းခြေထောက်လေးနှစ်ချောင်း ယက်ကန်ယက်ကန်လုပ်ရင်း ပါသွား သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်မြနီး ရှက်လွန်းသဖြင့် တံတိုင်းရဲ ရင်အုံထဲ ခေါင်းတိုးဝင်ကာ မျက်နှာကိုဝှက်ထားလိုက်သည်။

"ကဲ ရေစပ်ဆင်းတော့ ကိုယ် ဘောသွားငှားဦးမယ်"

စပို့ဘရာနှင့် အသားကပ်ဘောင်းဘီတိုဝတ်ထားသော ရင်မြနီးအား ပွေ့ချီထားရာမှချကာ ဘောကွင်းသွားငှားသည်။ ခဏအကြာ ဘောကွင်းပိုက်လျက် တံတိုင်းရဲပြန်ရောက်လာ၏။

"ရင်မြနီး ဒီဘောကို သေသေချာချာဖက်ထား၊ ဟိုဘက်သွားမယ်၊ တကာယ်ဆို မင်းက ဝတ်ထားရမှာ Two piece ဒါမှ သဘာဝကျမှ"

"အို ရင်မြနီး ရှက်ပါတယ်"

တံတိုင်းရဲ ဘာမှမပြောဘဲ ထိုဘောကွင်းနှင့်ခပ်ဝေးဝေး တစ်နေရာသို့ ဆွဲခေါ်သွား၏။ ကမ်းနှင့်တဖြည်းဖြည်းဝေးလာသောအခါ ရင်မြနီး ကြောက်စိတ်ကြောင့် နှုတ်ခမ်းများတဆတ်ဆတ် တုန်နေ၏။ ဟိုးအဝေးဆီမှ လှိုင်းများ တစ်လုံးပြီးတစ်လုံး တိုးဝင်ကာ ဘောကွင်းနှင့် သူတို့နှစ်ဦးကို ဝင်ဆောင့်သည်။

"အစ်ကိုရယ် ကမ်းစပ်ကို ပြန်ကြရအောင်နော်"

မျက်နှာငယ်နှင့် မျက်လုံးလေး အဝိုင်းသားပြောနေသော ရင်မြနီးကို တံတိုင်းရဲ ပြုံး၍ကြည့်သည်။ ထိုအပြုံးသည် စိုးရိမ်ပူပန်နေသည့် ချစ်သူအပေါ် နှစ်သိမ့်သည့်အပြုံးမျိုးမဟုတ်။

ဒါဆို ချစ်ခင်ကျီစယ်သည့် အပြုံးများလားဟု ရင်မြနီး ကြောက်ကြောက်ဖြင့် လျှောက်တွေးနေမိ၏။ တစ်ချီတစ်ချီ ခပ်ပြင်းပြင်း ရိုက်ခတ်



www.burmeseclassic.com

www.burmeseclassic.com



လာတတ်သည့် လှိုင်းလုံးများကြောင့် ရင်မြန်းခန္ဓာကိုယ်သည် ဘောကွင်းမှ လွင့်စင်သွားမတတ် ခံစားနေရသည်။

"အစ်ကိုကွာ ရင်မြန်း အရမ်းကြောက်နေပြီနော်၊ မရတော့ဘူး ဖွီး ဖူး"

ဆင့်ကာဆင့်ကာ ရိုက်ခတ်လာသည့် လှိုင်းလုံးများကြောင့် လူကလည်း တည်ငြိမ်မှုမရှိတော့၍ တစ်ချိန်မှာတော့ ဘောကွင်းကိုင်ထား ရာမှ ရင်မြန်း လွတ်ထွက်သွားသည်။

ရေမကျူးတတ်၍ ပင်လယ်ရေလှိုင်းအောက်မြုပ်ကာ ပါးစပ်ထဲသို့ ဆားငံရည်များ ဝင်လာ၏။ ထိတ်လန့်တကြား ရုန်းကန်နေရာမှ သန်မာ သည့်တံတိုင်း၏လက်သည် သူ့ခါးသို့ဖက်ကာ လေပေါ်သို့ပင့်တင်လိုက် ၏။

"ဖရူး"

မျက်စိပျက်မျက်နှာပျက်ဖြစ်နေသည့် ရင်မြန်းအား ချိုင်းအောက် မှ ပင့်တင်ဆွဲယူကာ ကမ်းဆီသို့ တံတိုင်းရဲ ဆွဲခေါ်သွား၏။ သောင်ကမ်းစပ် ရောက်သောအခါ တံတိုင်းရဲ ခြေဆင်းလျက် ရင်မြန်း၏ခေါင်းကို သူ့ ပေါင်ပေါ်မှေးတင်ပြီး အမောပြေစေသည်။

ဒေါသဖြင့် တုံ့ပြန်ရန် ရည်ရွယ်ထားသော်လည်း တံတိုင်းရဲ၏ ယုယမှုကို ခံလိုက်ရ၍ ရင်မြန်း ဘာပြောရမှန်းမသိဘဲ အသက်ရှူ ဝဝ လင်လင်ရှူကာ ပြာလွင်သောမိုးကောင်းကင်ကြီးဆီသို့ ငေးမောနေလိုက် ၏။



www.burmeseclassic.com

www.burmeseclassic.com



အဆုံးအစမရှိ ကျယ်ပြန့်သော မိုးကုတ်စက်ဝိုင်းကြီးတွင် လှိုင်းတံပိုးသံများ၊ လေကြောင့် အုန်းလက်ချင်းတရှဲရှဲရိုက်ခတ်သံများဖြင့် သက်ဝင်လှုပ်ရှားနေသော ပင်လယ်ကြီးအလှသည် ဘဝ၏စိတ်ပင်ပန်းမှုများစွာအား အေးငြိမ်းစေသည်မှာ အမှန်ပင်ဖြစ်၏။

"ပင်လယ်ကြီးက အရမ်းလှတာပဲ အစ်ကိုရယ်"

"အဲဒီပင်လယ်ကြီးနောက်ခံနဲ့ ရင်မြန်းရဲ့ဖြူသွယ်ဖြောင့်စင်းနေတဲ့ ပေါင်တံအလှ ပေါင်းစပ်လိုက်တော့ ကမ္ဘာကြီးက ပိုပြီး ပြည့်စုံသွားသလိုပဲ"

"အစ်ကိုနော် ရင်မြန်း ရှက်ပါတယ်ဆို"

မိန်းမသားတစ်ယောက်ရဲ့ ကိုယ်ခန္ဓာအလှဟာ ရှက်စရာမှမဟုတ်တာ ရင်မြန်းရယ်ဟု တိုးတိုးလေးပြောကာ တံတိုင်းရံသည် ရင်မြန်း၏လည်တိုင်သို့ နှုတ်ခမ်းရှရှနှင့်တို့ကဏန်း ဆိတ်ကဏန်းနမ်းသည်။

"အစ်ကို လူတွေကြည့်နေလိမ့်မယ်"

"ဒါဆို ပြန်ကြရအောင်"

"မပြန်ချင်သေးဘူးကွာ၊ ရင်မြန်း ကောင်းကင်ကြီးကို ခုလိုပဲ မော့ကြည့်နေချင်သေးတယ်"

"ဒါဆိုလည်း ကြည့်လေ၊ ကိုယ်လည်း ကိုယ့်ချစ်သူကို ဟောဒီ ကောင်းကင်ပြာကြီးအောက်မှာပဲ နမ်းနေချင်သေးတယ်ဟုဆိုကာ ရင်မြန်း၏ ရင်ညွန့်အထက်နားဆီသို့ တံတိုင်းရံ နမ်း၏။

"ဟာကွာ အစ်ကို မလုပ်နဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အလာတုန်းကလို ကိုယ်ပွေ့ခေါ်ရမလား"

"ဟာ မလုပ်နဲ့ အစ်ကိုရယ်၊ ခက်တော့တာပဲ"

ရင်မြန်း ဆိုးဆိုးဆတ်ဆတ်နှင့်ထကာ ရှေ့ကအရင် ခပ်သွက်သွက်လျှောက်သွား၍ တံတိုင်းရံ အပြေးကလေး လိုက်လာသည်။

ဘဝတွင် တစ်ခါမျှမခံစားဘူးသည့် အတွေ့အကြုံဖြစ်၍ ရိုးသားစွာဝန်ခံရလျှင် ရင်မြန်းရင်ခုန်မှုနှင့် အတိုင်းမသိ ပျော်ပါသည်။ အမြဲတမ်း အစ်ကိုနဲ့အတူ ပျော်ရွှင်ခွင့်ရလျှင် လောကသည် ဘယ်လောက်များ ပျော်ရွှင်ကြည်နူးစရာကောင်းလိုက်မလဲ။

ဟိုတယ် အခန်းရှိ ရေခဲသေတ္တာထဲမှ ဘီယာတစ်ဘူးနှိုက်ယူလိုက်သည်။ ဟိုတယ်တိုင်းလိုလိုတွင် တိုက်ဂါးဘီယာနှင့် မြန်မာဘီယာမှလွဲ၍ အခြားမရှိတတ်၊ သူ့အကြိုက်ကား(စ်)ဘတ်ဘီယာကို သတိရမိသေး၏။

တိုက်ဂါးဘီယာကိုဖောက်၍ တစ်ကျိုက်မော့ပြီး ရင်မြန်းကိုကြည့်သည်။ ရေချိုးရန် ရှက်ရွံ့နေသလို တွံ့နှေးတွံ့နှေး ဆံပင်ပြင်နေသည့် ရင်မြန်းအား တံတိုင်းရံ အားမလိုအားမရ ဖြစ်လာ၏။

"ရေချိုးမှာကိုပဲ ထဘီရင်လျားနေရသေးတယ်၊ သွားလေ ရေချိုးခန်းထဲက သဘက်ယူပြီး သွားပတ်၊ ပြီးမှ မှန်တင်ခုံရှေ့မှာ ဆံပင်လာချီ"

ရိုးရိုးပြောသော်လည်း ရင်မြန်း ကိုယ်လုံးလေး တွန့်ခနဲ ဖြစ်သွား၏။

"သွားလေ ပြီးရင် ကိုယ့်ရှေ့ကိုပြန်လာ"



www.burmeseclassic.com

www.burmeseclassic.com



ခဏာကြာတော့ သဘက်ပတ်လျက်နှင့် ရင်မြန်းသည့် တံတိုင်းရံရှေ့ လာရပ်၏။ ရေခဲချွေးများ ပြန်နေသည့် ဘီယာဘူးကို စားပွဲပေါ် ခဏ တံတိုင်းရံ တင်လိုက်သည်။

အရပ်ငါးပေခုနစ်လက်မခန့်ရှိသည့် ကိုယ်ခန္ဓာအလုံးအဆစ် အချိုးကျသည့် မိန်းမလှလေး။

"ကိုယ့်နား ခဏလာရပ်"

ခြေလှမ်းဖွဖွလေးနှင့် ရင်ခုန်စိတ်လှုပ်ရှားစွာ ရင်မြန်းသွားရပ်၏။ ဖျတ်ခနဲ သဘက်ကိုဆွဲလှန်ရင်း ရင်မြန်း၏ဝမ်းဗိုက်ချပ်ချပ်လေးကို တံတိုင်းရံ တစ်ချက်နမ်းလိုက်သည်။

"အာ ကို"

ပြောရလျှင် ယောကျ်ားတိုင်းမြင်လျှင် သရေယိုထွန့်ထွန့်လူးသွားမည့် မိန်းမလှတစ်ယောက်၏ကိုယ်ခန္ဓာဖွံ့ဖွံ့နွဲ့နွဲ့မှုမျိုး။

"ကို တော်ပြီကွာ ရင်မြန်း ရေချိုးချင်ပြီ"

ကျေနပ်သလား ငြင်းဆန်သလား ခက်ခက်ခဲခဲ စဉ်းစားနေဖို့ မလိုပါ။ အစ်ကိုကနေ 'ကို'ဟု ဖြစ်လာသော အသံသည် နူးညံ့သိမ်မွေ့စွာ ထွက်ပေါ်လာသည့်အသံပင် ဖြစ်၏။

ရေပန်းမှရေကျသံအား စမ်းရေစီးသံတစ်ခုလို တံတိုင်းရံ နားစွင့်နေမိ၏။ ဘီယာဘူးမှ လက်ကျန်ဘီယာကို မော့ပြီး ဖက်ကို ဟိုတက်သည် ဘက် လှည့်ချိုးလိုက်သည်။ စားပွဲပေါ်တွင် ဘီယာဘူးလွတ် လေးဘူးရှိ သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းတံခါးဖွင့်ကာ သဘက်ပတ်လျက် ရင်မြန်း ထွက်လာ၏။ တံတိုင်းရံ၏မျက်လုံးအစုံကို ရင်မြန်း ရေရာတိကျစွာ ဖတ်တတ်နားလည်နေပြီ ဖြစ်၏။

"ရေချိုးလိုက်ဦးလေ ကို"

အဝတ်အစားတွေချွတ်ကာ သဘက်ပတ်လျက် တံတိုင်းရံ ရေချိုးခန်းဝင်သည်။ အရင်ဆုံး ရေပန်းဖွင့်၍ ရေအေးအေးအောက်သို့ ခေါင်းထိုးခံလိုက်သည်။

ပြီးမှ လန်းသွားသလို ခေါင်းကိုတစ်ချက်ရမ်း ရေခါလျက် ရေနွေးနွေးလေးဖွင့်ကာ ဆက်ချိုးနေလိုက်သည်။

သွေးပြီးထည့်လာသော သနပ်ခါးဘူးကိုဖွင့်၍ ရင်မြန်း လိမ်းသာ လိမ်းနေရသည်။ စိတ်က ရင်ခုန်စရာအကြောင်း တောင်တွေးမြောက်တွေး နှင့် လူတစ်ကိုယ်လုံး လေထဲလွင့်နေသလို ခံစားနေရသည်။

ရေချိုးခန်းတံခါးဖွင့်သံ တိုးတိုးလေးကိုပင် ရင်မြန်း တုန်တက်သွားမိသေး၏။ ဆံပင်တွေကို လက်နှင့်ဖွာရင် ဒရိုင်ရာဖြင့် ဆက်မှုတ်နေမိသည်။

တံတိုင်းရံ ရေသုတ်ရင်း အနားလာရပ်သည်။ ခဏအကြာ ဂုတ်ပိုးပေါ်သို့ နှုတ်ခမ်းနွေးနွေး၏အတွေ့တစ်ချက် လာထိ၍ ရင်မြန်း တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထသွားသည်။

"တီ တီ တီ"

ရုတ်တရက် ဖုန်းဝင်လာ၍ စားပွဲထက်ရှိဖုန်းကို ခေါ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၏။ ခင်ငြိမ်းဆီမှ ဖြစ်သည်။ ဝရန်တာဘက်လျှောက်ပြီး တံခါး ဖွင့်သည်။ အပြင်ရောက်မှ ရင်မြန်းရှိရာအတွင်းခန်းသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်ကာ ပြော၏။

"ခင်ငြိမ်း ကိုယ်အခု နိုင်ငံခြားသားဧည့်သည်တွေနဲ့ ပေလီ ရောက်နေတယ်၊ သူတို့သွားချင်တယ်ဆိုလို့ လိုက်ပို့တာ"

"ဒါဆို ပေလီသွားတာ ခင်ငြိမ်းကို ဘာလို့အသိမပေးလဲ"

ခင်ငြိမ်းဆီမှ မကျေနပ်သံလေးဖြင့် ကြားရသည်။

"ရုတ်တရက် စီစဉ်လိုက်ရလို့ကွာ၊ ပြီးတော့ တခြားဖုန်းတွေ လာလာနေလို့ ဖုန်းပိတ်ထားတာ"

"သိသားပဲ တစ်နေ့ကတည်းက ခင်ငြိမ်း တဂွမ်ဂွမ်ဆက်နေ တာ၊ တကယ်ဆို ဖုန်းလေးတစ်ချက်ဆက်ပြောလည်း ရသားနဲ့၊ ကို သိပ်တော့မဟုတ်တော့ဘူးနော်"

"ခင်ငြိမ်း"

တစ်ဖက်မှ လေသံမာသဖြင့် ခင်ငြိမ်း တုန်တက်သွား၏။

"ကိုယ် ဒီလောက်ထိ ခင်ငြိမ်းကို ရှင်းပြမနေနိုင်ဘူး၊ နောက် ရက်လည်း ဖုန်းပိတ်ထားဦးမှာပဲ၊ ခင်ငြိမ်းဆက်နေလည်း အပိုပဲ ဒါပဲ"

ယတိပြတ်စကားပြောပြီး ဖုန်းချသွား၏။ အံ့ဩလွန်းသဖြင့် ကိုင်ထားသောဖုန်းကို ခင်ငြိမ်း ပြန်ကြည့်ရင်း လက်ကလေးများ တဆတ် ဆတ်တုန်လာသည်။

လတ်တလောဖြစ်ပေါ်လာသည့် ဒိုချင်စိတ်ကို တားဆီး၍မရ။



www.burmeseclassic.com

www.burmeseclassic.com



ခင်ငြိမ်းကို ချိုချိုသာသာပြောလျှင် 'ကို'အတွက် ဘာများထိခိုက်နစ်နာသွားမှာစိုးလို့လဲဟု မျက်ရည်တို့ ပိုးပိုးပေါက်ပေါက် ကျလာသည်။

တကယ်ဆိုလျှင် ချစ်သူနှင့်တွေ့ဆုံခွင့်၊ စကားပြောခွင့်များအား အမြဲတမ်း တောင့်တနေသည့် ခင်ငြိမ်းမှာ အပြစ်ရှိပါသလား ကို။

ဒေါသမျက်နှာကို ဖြေလျော့ကာ အခန်းသို့ တံတိုင်းရံ ပြန်ဝင်သည်။ ဘယ်ကဖုန်းလဲဆိုသောသဘောနှင့် ရင်မြန်း မျက်လုံးလေးဝင့်ကာ တံတိုင်းရံကို ကြည့်သည်။

"အလကားပါကွာ ရုံးကဝန်ထမ်းပါ၊ ဒီအချိန်မှာ အလုပ်စကားကိုယ်မပြောချင်ဆုံးပဲ၊ ဖုန်းပိတ်ထားလိုက်တယ်"

လက်ထဲမှဖုန်းကို ခုတင်ခေါင်းရင်းသို့ တံတိုင်းရံ ပစ်တင်လိုက်၏။ ရင်မြန်းအနီးသို့ လျှောက်ပြီး ရင်မြန်း ပခုံးသို့ ယုယုယယဆုပ်ကိုင်လိုက်၏။ ရင်မြန်းသည် တံတိုင်းရံအား ရွှန်းရွှန်းစားစား ပြန်ကြည့်သည်။

တံတိုင်းရံသည် ရင်မြန်းအား အသာအယာပွေ့ချီကာ မွေ့ရာထက်သို့ ချသည်။ ညသည် တဝုန်းဝုန်း ပင်လယ်လှိုင်းရိုက်သံမှအပ ဘာသံမျှမရှိ၊ အဖြူရောင်သဘက်ပတ်ထားသည့် ရင်မြန်း၏ဆံနွယ်များ ခေါင်းအုံးဖြူဖြူတွင် ဖြန့်ခင်းထား၏။

အရင်ဆုံး ရင်မြန်း၏နဖူးစကို တစ်ချက်နမ်းသည့်အခါ ရင်မြန်း၏ သက်ပြင်းချသံတိုးဖွဖွလေး ကြားရသည်။ ရှင်မတောင်သနပ်ခါးနံ့သင်းနေသော ရင်မြန်း၏ပါးဖွေးဖွေးနှစ်ဖက်ကို တံတိုင်းရံ နမ်းသည်။

ရင်မြန်း၏လည်တိုင်သို့ တမ်းတမက်မွတ်စွာ နမ်းရှိုက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ရင်မြန်းသည် တံတိုင်းရံအား တင်းတင်းကျပ်ကျပ် သိုင်းဖက်လာ၏။

ဖုံးကွယ်ထားသောအရာမှန်သမျှ လွတ်လပ်စွာ ဖြန့်ခင်းလိုက်ကြ၏။

"ကို မကြည့်နဲ့ကွာ၊ ရင်မြန်း ရှက်သေးတယ်"

တံတိုင်းရံသည် ရင်မြန်းကို တောက်ပသည့်မျက်ဝန်းအစုံဖြင့် ကြည့်သောကြောင့် ရင်မြန်းအနေရခက်စွာ ရှက်ရွံ့လာသည်။

လှပစိမ်းလန်းသော ပျိုရွှယ်မှု၏အဆင်းသည် ရင်မြန်းကိုယ်ခန္ဓာ ရပ်ဝန်း၌ ငြိတွယ်ကိန်းဝပ်နေ၏။ ကျွမ်းကျင်ပါးနပ်သည့် အနမ်းပွင့်ပေါင်း များစွာမှာ ကြာညိုနွံ့သင်းလျက် စိတ်တံခါးများ ပွင့်လင်းလိုက်ကြသည်။ ရင်ငြိမ်း ဒူးများတဆတ်ဆတ်တုန်ကာ ယိုင်နွဲ့နေဆဲ။

"ကိုရယ် ရင်မြန်း ကို့ကို အရမ်းချစ်တယ်"

တိုးဖွဖွ စကားသံလေးက လရောင်မှာ မေးသွားချိတ်သည်။ နွေးထွေးသောအတွေ့သည် ငြိမ့်ငြိမ့်ညောင်းညောင်း စီးဆင်းလျက် လေသင်းနံ့ကိုခံယူရင်း ရောင်နီဦးဆီသို့ ချီတက်ခဲ့ကြသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"သေချာရဲ့လား ညီ့ရယ်၊ ငါ ရင်တွေတုန်လွန်းလို့ပါ"

"ဖြစ်နိုင်ရင်တော့ ဒီစကားမျိုးကို ငါ ကြားထဲက ဝင်မပြောချင် ပါဘူး ခင်ငြိမ်းရယ်"

"ငါ ငါလေ နင့်ကိုယုံပေမယ့် ဒီစကားကို မယုံချင်ဘူး ညီ့ရယ် သူ ငါ့ကိုပြောတော့ ပေလီမှာနိုင်ငံခြားသားတွေနဲ့တဲ့လေ"

မျက်ရည်စို့ကာ ရင်ဘတ်ကိုလက်နှင့်ဖိလျက် တုန်တုန်ယင်ယင် မေးနေသော ခင်ငြိမ်းကိုကြည့်ကာ သူငယ်ချင်းဖြစ်သူ ညီ့က တိုးလျှ ဆက်ပြော၏။

"ငွေဆောင်ဆန်နီပါရာဒိုက်ဟိုတယ်မှာ သူတို့ဘန်ဂလိုနဲ့ ငါ့ လင်မယားရဲ့ဘန်ဂလိုက ကပ်လျက်ဟ၊ ကောင်မလေးက တော်တော် လှတယ်၊ နင်နဲ့ရွယ်တူလောက်ပဲ၊ ယောက်ျားတွေမက်မယ်ဆိုလည်း လောက်စရာ"

www.burmeseclassic.com



အတွေးတွေ ပတ်ချာလည်နေသော်လည်း ခင်ငြိမ်း စဉ်းစား၍ မရ။ ဝမ်းနည်းရလွန်းသောကြောင့် ရင်ထဲစို့တက်ကာ မျက်ရည်များဖြိုင် ဖြိုင်စီးကျလာသည်။

"ဒီအဖြစ်မှန်ကို နင့်ကိုမပြောရင် နင်အညာခံနေရမှာကို ငါ စကြည့်ရက်လို့ လာပြောတာ၊ နင် သတိထားစောင့်ကြည့်စေချင်တယ်၊ အခုချိန်က အချိန်မီသေးတယ်၊ အေး နင်လက်ထပ်ပြီးမှဆိုရင်တော့ တစ်ဘဝစာ ဒဏ်ရာရသွားမှာစိုးလို့ပါ"

ရုံးလည်းမတက် အလုပ်လည်းမသွား အိမ်ထဲမှာပဲနေသည်။ တစ်ခါတစ်ရံ ညနေကန်တော်ကြီးဘက် တစ်ယောက်တည်း လမ်းလျှောက် ထွက်သည်။ ခင်ငြိမ်း ဖုန်းပိတ်ထားခဲ့သည်မှာ တံတိုင်းရဲ့ ငွေဆောင်ရောက် နေကတည်းက ဖြစ်သည်။

ချစ်သူသမီးရည်းစားဘဝ (၁၀)ရက်ဆိုသော အချိန်ကာလသည် တစ်ကမ္ဘာစာမက ဝေးကွာနေသည်ဟု ခင်ငြိမ်း တွေးမိသလို ရင်ထဲ၌ တနုံနုံ ခံစားနေရ၏။

တကယ်ဆို ခင်ငြိမ်းအပေါ် နှစ်နှစ်ကာကာ မြတ်နိုးတွယ်တာ သည်ဆိုလျှင် ခင်ငြိမ်း စိတ်ကောက်ကာ ဖုန်းပိတ်သည့်နေ့မှစ၍ 'ကို' ခင်ငြိမ်းဆီ အပြေးကလေးလာကာ ချော့မြူနှစ်သိမ့်လိမ့်မည်ဟု မဝံ့မရဲလေး ခင်ခဲ့မိသေး၏။

ခုတော့ စာမလာသတင်းမကြားနှင့် ဘာဆိုဘာမျှ မသိရမကြား သည့်အခြေအနေ၊ အဖြေကရှင်းလင်းစွာ ပေါ်ထွက်လာသည်။ တံတိုင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုများယွင်းနေပြီဟု တွေး၍ရသွား၏။

ချက်ချင်းပင် အဝတ်အစားကောက်ကာငင်ကာ လဲကာ တံတိုင်းရံအိမ်အထိ လိုက်သွားဖို့ ပြင်သည်။ တစ်ခါမှ မရောက်ဘူးသည့် တံတိုင်းရံအိမ်အထိ လိုက်သွား၍ မျက်နှာချင်းဆိုင် ဖြေရှင်းဖို့ ဆုံးဖြတ်သည်။

တစ်ခါတစ်ရံ အချစ်ဆိုသော ရွှံမှုန်းစရာကောင်းလွန်းသည့် အရာကြီးတစ်ခုအား ရင်ထဲမှာ အပြီးတိုင် ဆွဲယူထုတ်ပစ်လိုက်ချင်သည်။

"ဟယ် ရင်မြန်း နင် ဒီကို ဘယ်လိုရောက်နေတာလဲ"

တံတိုင်းရံ၏တိုက်ရှေ့ ခြံဝင်းတံခါးဝမှ အမှတ်မထင်တွေ့လိုက်ရသော ရင်မြန်းသစ်ကို ခင်ငြိမ်း အံ့ဩသလို နှုတ်ဆက်၏။

"ဟဲ့ ဒါက ငါ စာသင်တဲ့ကလေးရဲ့အိမ်လေ၊ နင်ကကော ဒီကို ဘာလာလုပ်"

ပန်းပင်များရေလောင်းနေရာမှ ရင်မြန်း ဝမ်းသာအားရနှင့် ပြန်မေးသည်။

"ဟင် ဒါဆို ကိုတံတိုင်းရံရဲ့သားကို နင်စာသင်တာပေါ့ ဟုတ်လား"

"အေးလေ အဲဒါ ဘာဖြစ်လို့လဲ"

ခင်ငြိမ်း ဘယ်လိုမှ မျှော်လင့်မထားသည့်ကိစ္စဖြစ်၍ မျက်နှာ သိသိသာသာ ပျက်သွားသည်။

"ဒါဆိုရင်တော့ နင့်ကိုပြောစရာစကားတွေ အများကြီးဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ အေးအေးဆေးဆေး ပြောပြမှရမယ်''

''ဝင်ဦးလေ ငါ တံခါးဖွင့်ပေးမယ်''

အေးမြမြ လေပြည်တွင် ပန်းရနံ့များ သင်းပျံ့စွာ ရောထွေး ပါလာသော်လည်း ခင်ငြိမ်းရင်ထဲမှအပူကို မပြေယ်နိုင်။ ခြံတံခါးဝမှ ဆင်ဝင် အောက်အထိ ခင်ငြိမ်းမျက်စိတဆုံးကြည့်သည်။

''ဟဲ့ လာလေ အိမ်ထဲဝင်ဆို''

''ငါ မဝင်တော့ဘူး ရင်မြန်း။ အခု ငါလာတာ ကိုတံတိုင်းရဲ့ ရှင်းစရာကိစ္စရှိလို့ လာတာ''

''ကိုတံတိုင်းရဲ ဟုတ်လား''

''ဟုတ်တယ် သူနဲ့ငါ စာရင်းရှင်းစရာရှိလို့''

ခင်ငြိမ်း၏ဒေါသဖြင့် စူးရှတောက်ပလျက်ရှိသည့် မျက်လုံးအစုံ ကိုကြည့်ရင်း ရင်မြန်း ရင်တွေတလှပ်လှပ် တုန်လာသည်။

''သူ မရှိဘူး ခင်ငြိမ်းရဲ့ အပြင်ထွက်သွားတယ်၊ လတ်တလော နင် ငါ့ကိုတစ်ခုခုပြောမပြနိုင်ဘူးလား''

ရင်မြန်းသည် ခင်ငြိမ်း၏လက်တစ်ဖက်ကို ဆုပ်ကိုင်ရင်း ခြံဝင်း ထဲရှိ ခုံတန်းလျားဆီသို့ ခေါ်၍ ထိုင်စေသည်။ ပြီးမှ ခင်ငြိမ်းအေးတိုးကပ် ကာ ရင်မြန်း ဝင်ထိုင်လိုက်၏။

''ပြောလေ ခင်ငြိမ်း နင်နဲ့ငါက လျှို့ဝှက်ထားရမယ့်သူတွေမှ မဟုတ်တာ''

ခင်ငြိမ်းဆီမှ ပင့်သက်ရှိုက်သံကို ရင်မြန်း ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တခဏအတွင်း၌ပင် ခင်ငြိမ်း မျက်လုံးအိမ်မှ မျက်ရည်များလိမ့်ဆင်းကျလာသည်။

"ရှင်းရှင်းပြောရရင် ကိုတံတိုင်းရဲ့နဲ့ ငါနဲ့က ချစ်သူတွေပဲ၊ ပြီးခဲ့တဲ့ ဆယ်ရက်ကျော်က ပေလီကို နိုင်ငံခြားသားဧည့်သည်တွေနဲ့ သွားမယ်ဆိုပြီး သူတကယ်သွားခဲ့တာက ငွေဆောင်ကို တခြားစော်တစ်ပွေနဲ့ပဲ"

ခင်ငြိမ်းစကားကြောင့် အံ့ဩလွန်း၍ ရင်မြန်း ဘာပြန်ပြောရမှန်းမသိအောင် တခဏ နှုတ်ဆွံ့အသွားကာ အသားတွေ တဆတ်ဆတ်တုန်ရင်း မျက်ရည်များ ဝေ့ဝဲလာသည်။ ခင်ငြိမ်း ဖဝေဖဝါနှင့် ရင်မြန်းကို စူးစိုက်ကြည့်မိ၏။

"ကိုတံတိုင်းရဲ့နဲ့ ငွေဆောင်ကိုအတူသွားတဲ့ နင်ပြောတဲ့ စော်တစ်ပွေဆိုတာ ငါပဲ ခင်ငြိမ်းရယ်"

"ဘာ"

"ဟုတ်တယ် နင်နဲ့'ကို' ချစ်သူတွေဆိုတာ ငါ လုံးဝမသိရိုးအမှန်ပါ ခင်ငြိမ်းရယ်"

ရင်မြန်း ရှက်လွန်း၍ မျက်နှာကိုလက်ဖဝါးနှင့်အုပ်ကာ တသိမ့်သိမ့် ရှိုက်ငိုသည်။ ချက်ချင်းဆိုသလို ခင်ငြိမ်းသည် ရင်မြန်းပခုံးနှစ်ဖက်ကို နှစ်သိမ့်သလို ဆုပ်ကိုင်ကာ ပြော၏။

"ရင်မြန်း မငိုနဲ့၊ အဖြေက ရှင်းသွားပြီ၊ ဒါ ဝမ်းနည်းစရာကိစ္စမဟုတ်တော့ဘူး။ လူလိမ်ဘစ်ယောက်အကြောင်းကို တို့နှယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦး စောစောသိခွင့်ရတာ ကံကောင်းတာပေါ့၊ ဒီကိစ္စ အပြတ်ရှင်းမယ်၊ ဒီကိစ္စအပြတ်ရှင်းမယ်"

"နင် နင် ဘယ်လိုရှင်းမှာလဲ ခင်ငြိမ်းရဲ့"

"နင်ကော ငါကော အဲဒီကောင်ကို အဆက်အသွယ်ဖြတ်လိုက်ဖို့ပဲ"

"မဖြစ်နိုင်တော့ဘူး ခင်ငြိမ်းရဲ့၊ ငါ ငါ မက်စရေးရှင်းမလာတာ တစ်လကျော်နေလို့ ဆရာဝန်သွားပြတော့ ငါ့မှာ သူနဲ့ရတဲ့ ကိုယ်ဝန်ရှိနေပြီတဲ့"

ကြေကွဲအက်ရှနေသောအသံဖြင့် ရင်မြန်း ပြောအပြီး ခင်ငြိမ်း ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်ကာ ရှိုက်ကြီးတငင် ငိုကြွေးသည်။

"ရင်မြန်းရယ် နင့်ကိုငါ ဘယ်လောက်ချစ်တယ်ဆိုတာ နင်သိပါတယ်နော်"

ရင်မြန်း၏ကျောပြင်ကို ပွတ်သပ်ချော့သိပ်ရင်း ခင်ငြိမ်းမျက်ရည်များ စီးကျလာသည်။ တစ်ချက်တစ်ချက် ဝှေ့ဝဲတိုက်ခိုက်လာသောလေတွင် သစ်ရွက်ကြွေများ လွင့်ပါးသွားကြသည်။ ဘာတွေဆုံးရှုံးသွားသည်ကို ရေရာစွာမသိသော်လည်း တစ်ခုခုလက်လွှတ်ဆုံးရှုံးရတော့မည်ကို သေသေချာချာ ခံစားမိလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

တစ်နေ့ကျန် ပင်ပန်းထားသမျှ စိတ်ပန်းလူပန်းဖြင့် အိပ်ရာပေါ် ပစ်လှဲချကာ အိပ်မည်ဟု ကြံရွယ်လျက် မျက်လုံးမှိတ်ထားလိုက်သည်။ ထိုစဉ် တရှုံ့ရှုံ့ရှိုက်ငိုနေသောအသံက နားထဲသို့ တရစ်ရစ်တိုးဝင်သည်။

"ဟ ဘယ်သူများ ငိုနေပါလိမ့်"

ရင်လှိုင်းသစ် ဇဝေဇဝါဖြင့် ထထိုင်လိုက်သည်။ ငိုသံကို တစ်ခါ နားစွင့်နေလိုက်၏။ တစ်ဖက်ခန်းမှ အစ်မဖြစ်သူဆီက ဖြစ်၍ စိတ်ထင့် သွား၏။

"ဟင် ဒါ မမငိုသံပဲ"

တစ်ယောက်တည်း တီးတိုးဆိုရင်း အခန်းထဲမှ ထွက်လိုက် ကာ မမအခန်းရှေ့မှာ ရပ်လိုက်သည်။ ပြီးမှ တစ်ခုခုစဉ်းစားမိ၍ အမေ့ အခန်းရှိရာ လျှောက်လာလိုက်သည်။

"ဒေါက် ဒေါက် အမေ အမေ"



www.burmeseclassic.com

www.burmeseclassic.com



အမေ့အခန်းတံခါးကို ခပ်တိုးတိုးခေါက်သော်လည်း အမေ ကြားသွား၏။

"ဟဲ့ သား ဘာလဲ နင် မအိပ်သေးဘူးလား"

အမေ အခန်းတံခါးဖွင့်ကာ ထွက်လာပြီး မေး၏။ အမေ့မျက်နှာ မျက်နေတာလည်း ရင်လှိုင်းသစ် သတိထားမိ၏။

"မမ ဘာဖြစ်နေတာလဲ အမေ"

"ဟင် ဘာဖြစ်တာ မြင်လာလို့လဲ"

ရင်လှိုင်းသစ် မျက်လုံးနစ်ဖက်အောက်ကို လက်ညှိုးနှင့်လက် ခလယ်တို့ဖြင့် ဆွဲပြကာ ငိုနေသည်ဆိုသောဟန်ကို လုပ်ပြ၏။

"တရှုံ့ရှုံ့ငိုနေတယ်၊ အမေသွားမေးကြည့်လိုက်ဦး၊ တစ်ခုခု ဖြစ်လာတာဖြစ်မယ်"

အမေ သက်ပြင်းချကာ မျက်နှာတစ်ဖက်လှည့်သွားသည်။ ဟန်ဆောင်ထိန်းသိမ်းနေသည့်ကြားမှ မျက်ရည်များစီးကျလာသည်။

"ဟာ အမေ ငိုနေတယ်၊ ပြောပျာပြော ဘာတွေဖြစ်ကြသလဲ ဆိုတာ"

ရင်လှိုင်းသစ် စိတ်မရှည်တော့သလို အမေ့ပခုံးကို ခပ်ဆတ် ဆတ် လှုပ်ကာ မေးသည်။

"ငါတော့ သေသာသေလိုက်ချင်တာပဲ သားရယ်၊ နင့်အစ်မမှာ ကိုယ်ဝန်ရှိနေပြီတဲ့"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



အမေ ဘာမှဆက်မပြောနိုင်တော့ဘဲ အသံတိမ်ဝင်သွား၏။

"ဘယ်ကကောင်နဲ့လဲ၊ အမေ ဟာဗျာ မိန်းကလေးဖြစ်ပြီး အဲသလောက်လွယ်ရသလား ဒုက္ခပါပဲဗျာ၊ ဒါဆို အခု ဘယ်လိုလုပ်မလဲ၊ အဲဒီကောင်ဘယ်ကကောင်လဲ၊ ကျွန်တော့်ကို ပြောစမ်းပါ အမေရာ"

ဒေါသတွေ ပွက်ပွက်ဆူကာ ရင်လှိုင်းသစ် မေးကြောကြီးများ ထောင်တက်လာ၏။

"မင်းက ဘာလုပ်ဦးမလို့လဲ"

အမေ စိုးရိမ်စိတ်ဖြင့် မေးခွန်းပြန်ထုတ်သည်။

"တကယ်ဆို ဒီကိစ္စဖြစ်တယ်ဆိုရင် သက်ဆိုင်တဲ့သူက မမကို လက်ထပ်ယူရမှာပေါ့၊ အခု မမငိုနေတယ်ဆိုတာ ဘာသဘောလဲ"

ထိတ်လန့်တုန်လှုပ်မှုနှင့် အမေ တိတ်ဆိတ်နေပြန်သည်။

"ဟာဗျာ ဒီကောင် ယုတ်မာတဲ့ကောင်ပဲ၊ ကျွန်တော်နဲ့တွေ့မယ်"

ရင်လှိုင်းသစ် ကြိတ်မနိုင်ခဲမရနှင့် တစ်ဖက်နံရံသို့ လက်သီးဖြင့် ထုကာ နဖူးနှင့်နံရံကို ကပ်ထားလိုက်သည်။

"သားရယ် ဖြစ်ပြီးမှတော့ ခေါင်းအေးအေးထားပြီး စဉ်းစားပါ၊ တော်ကြာ သမီးပိုပြီး စိတ်ဆင်းရဲသွားပါ့မယ်ကွယ်"

"စိတ်ဆင်းရဲလို့ လဲပဲသေသေ၊ ကိုယ့်သိက္ခာကိုယ်တော့ အစ ကတည်းက ထိန်းဖို့ကောင်းတယ်၊ ခုကျမှ ဗိုက်တစ်လုံးနဲ့ကျန်ခဲ့ရင် ဘယ် လောက်ရှက်စရာကောင်းလဲ၊ ခုတော့ လူကြားလို့မှမကောင်း အောက်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းက ဒေါသကြောင့် အသံကျယ်သွားသည်။

"တိုးတိုးပြောပါ သားရယ်၊ ဘေးအိမ်တွေ ကြားကုန်ပါ့မယ်"

အမေရှက်ရှာ၍ အသံအုပ်အုပ်ဖြင့် ဟန့်သည်။ ကိုယ်တော်မောင်တစ်ယောက်အနေနှင့် သွေးပျက်နေလျှင် အမေတစ်ယောက်အနေဖြင့် ပို၍ ထိခိုက်ခံစားနေမည်ဟု တွေးမိ၏။ ထို့ကြောင့် ရင်လှိုင်းသစ်ဒေါသကို ချိုးနှိမ်လိုက်၏။

"ကဲ အမေရာ ကျွန်တော် အေးအေးဆေးဆေးမေးမယ်၊ ဘယ်သူနဲ့လဲပြော၊ ဘယ်သူ့ကိုမှ ကျွန်တော် ပြဿနာမရှာဘူး"

"မင်း တကယ်ကတိပေးလား"

"အင်းပါ ကတိပေးပါတယ်"

"အမေ ခုလို ကတိတောင်းရတာ တစ်ရက်က နှစ်ရက်ဖြစ်မှာစိုးလို့ပါ သားရယ်၊ ကိုယ့်ဘက်က တင်းလို့ရတဲ့ အခြေအနေမျိုးမဟုတ်ဘူးလေ"

"ကျွန်တော် သဘောပေါက်ပါတယ် အမေ"

တုန်တုန်ယင်ယင် ဖြစ်နေရှာသော အမေ့ကိုကြည့်၍ ရင်လှိုင်းသစ် သနားကရုဏာသက်သွားသည်။

"သူ ကျူရှင်သင်တဲ့အိမ်က ကလေးရဲ့အဖေလို့တော့ပြောတယ်"

"ဗျာ ဒါ ဒါဆို မမက အိမ်ထောင်ရှိတဲ့ယောကျ်ားတစ်ယောက်နဲ့ပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အမေ မရဲတရဲ ခေါင်းညိတ်သည်။

ရုတ်တရက် ထွက်လာသည့် ဒေါသကြောင့် ရင်လှိုင်းသစ် အခန်း တံခါးကို လက်သီးဖြင့် ပြေးထိုးသည်။

"ဒုန်း"

"သားရယ် အမေ့ကိုသာ သတ်လိုက်ပါတော့"

ပြိုလဲကျတော့မတတ် နံရံကို ကျောမှီရပ်လိုက်သည်။ အမေ့ လက်ကလေး တဆတ်ဆတ်တုန်နေသည်။

"အမေ အမေ တော်ပြီ တော်ပြီ ကျွန်တော် ဘာမှမလုပ် တော့ဘူး။ လာ လာ ခုတင်ပေါ် ခဏနားလိုက်"

အမေ့ကိုတွဲပြီး ခုတင်ပေါ်ဖေးမထိုင်စေ၏။ ပြီးမှ ရင်လှိုင်းသစ် ခနဲ့သလို မဲ့ပြုံးတစ်ချက်ပြုံးရင်း

"မမ တော်တော်မိုက်တယ် အမေရာ၊ သူများမယားငယ်တာကို အရောက်ခံရ...ယ်လို့"

"သားရယ် မယားငယ်တော့မဟုတ်ပါဘူး"

"ဗျာ အိမ်ထောင်ရှိတဲ့ယောကျ်ားနဲ့ပတ်သက်လိုက်မှတော့ မယား ငယ်မဟုတ်လို့ဘာလဲ"

"အဲဒီသူငယ်ကို အမေလည်း မြင်ဖူးပါတယ်၊ အင်မတန် စိတ် ကောင်းရှိပြီး မွန်ရည်တဲ့လူမျိုးပါ၊ သူ့ဇနီးကဆုံးသွားပါပြီ၊ သားလေး တစ်ယောက်နဲ့ ကျန်ခဲ့ရှာတာ"

"ဒါနဲ့များ ဘာလို့ အစ်မကို လက်မထပ်နိုင်တာလဲ၊ သူ့ကိုယ်ဝန်



www.burmeseclassic.com

www.burmeseclassic.com



လွယ်ထားရပြီဆိုတာ သိသိကြီးနဲ့၊ ဒါမျိုးလုပ်လို့ကတော့ ကျွန်တော်နဲ့ အသက်ချင်းလဲပစ်လိုက်မယ်''

''သားရယ် ဒီကိစ္စ စိတ်အေးအေးထားပြီးဖြေရှင်းရမယ့် ကိစ္စ၊ ဒေါသကြောင့် ပိုပြီးတင်းမာကုန်ရင် အရင်ဆုံး ဒုက္ခရောက်မှာက ကိုယ့်အစ်မပဲ မဟုတ်လား။ ဒါကြောင့် အခြေအနေကို စောင့်ကြည့်ပါဦး သားရယ်''

အားမတန်၍ မာန်လျှော့လွှန်းသည့် အမေ၏ပျော့ပြောင်းနူးညံ့မှုကို ခုအချိန်၌ ရင်လှိုင်းသစ် အလိုမကျချင်။

''အမေကလည်း ဒီကိစ္စက အချိန်ဆွဲနေလို့ကောင်းတဲ့ကိစ္စမှ မဟုတ်တာ၊ တော်ကြာ အမေ့သမီး ဗိုက်ထွက်လာရင် စောက်ရှက်အကြီးအကျယ်ကွဲမှာ''

''မင်း ဘာပြဿနာမှ မရှာဘူးလို့ အမေ့ကို ကတိပေးထားတယ်နော်''

''အင်းပါ ကဲဗျာ အမေ အိပ်တော့၊ ကျွန်တော်လည်း သွားတော့မယ်''

အမေ့အခန်းတံခါးကိုပိတ်ပြီး ရင်လှိုင်းသစ် ထွက်လိုက်သည်။ တစ်ဖက်ရှိ မမအခန်းဆီမှ ရှိုက်သံသဲ့သဲ့ ကြားနေရဆဲ။ အော်ဟစ်ပေါက်ကွဲလိုက်ချင်စိတ်ကို ကြိတ်မှိတ်မျိုသိပ်လိုက်ရသည်။

စိတ်ပြေလက်ပျောက် အောက်ထပ်ဆင်းကာ ဝီစကီတစ်ခွက်ထည့်၍ မော့လိုက်သည်။ ရင်ထဲတွင် ပြင်းပြင်းရှရှ ပူရှိန်းသွား၏။ အေ့ခနဲ



www.burmeseclassic.com

www.burmeseclassic.com



နှုန်းမြင့်မားနေမှုနှင့်အတူ မေ့သက်လျှာ၏ပုံရိပ်တို့ တန်းစီပေါ်လာသည်
ငါကော မမအပေါ် အပြစ်ကင်းခဲ့ရဲ့လား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ဘာမှခက်ခက်ခဲခဲ စုံစမ်းစရာမလိုဘဲ အဖြေက တိကျစွာပေါ်ထွက်လာခဲ့သည်။ မမရဲ့ချစ်သူဟာ တံတိုင်းရံတဲ့လား။ အုံ့ညြထိတ်လန့်မှုနှင့်အတူ လူက အရူးတစ်ယောက်လို သွေးရူးသွေးတန်းနှင့် ရင်လှိုင်းသစ်လျှောက်တွေးနေမိသည်။

"သူ သူ ငါ့အစ်မမှန်းသိလို့ တမင်ကလဲ့စားချေတာလား။ ဟုတ်တယ် သိပ်သေချာတယ် ဒါကြောင့် မမကို သူ အခုအဆက်အသွယ်ဖြတ်ခဲ့တာ"

တစ်ဦးတည်းတွေးရင်း ခေါင်းကြီးတစ်ခုလုံး ပြည့်ကျပ်ပေါက်ကွဲသွားမတတ် ဖြစ်နေသည်။

"ခုတော့ မမမှာကိုယ်ဝန်နဲ့ ငါ ဘာလုပ်ရမလဲ"

အတွေးတွေ ဒေါင်ချာစိုင်းကုန်သည်။ ပေါက်ကွဲလုမတတ်ပြည့်ကျပ်နေသည့်ဒေါသနှင့် တစ်ဖက်မှ အစ်မအတွက် သနားကရုဏာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မိသည့် စိတ်က လွန်ဆွဲနေ၏။

ငါကိုယ်တိုင်ကကော တံတိုင်းရံမိသားစုနှင့်ပတ်သက်၍ တရားမျှတမှုရှိခဲ့သလားဟု ပြန်တွေးသည်။ ဟုတ်တယ် ငါ မတရားဘူး၊ ငါ လုံးဝကို လူမဆန်ခဲ့ဘာ။ မေ့သက်လျှာ သေခဲ့တာ ငါ့တာဝန်မကင်းဘူးဟု စိတ်ကို အခါခါချိုးနှိမ်ရင်း နောက်ဆုံးတော့ တံတိုင်းရံအား သွားတွေ့ရန် ဆုံးဖြတ်လိုက်သည်။

■ ■ ■

သည်အိမ် သည်ခြံအား ခိုးကြောင်ခိုးဝှက်ဝင်ခဲ့စဉ်က ရဲတင်းခဲ့သော်လည်း အခု တံတိုင်းရံ၏ခြံဝသို့ ရင်လှိုင်းသစ် ရောက်သောအခါ လူက အားပျော့ခွေယိုင်နေသည်။

ဒီကိုထွက်မလာခင် ပြောရန်ကြိုတင် စီမံထားသော စကားလုံး အချို့သည်ပင်လျှင် လန့်ဖျပ်ကာ ဖရိုဖရဲ ဖြစ်ကုန်သည်။ ထို့ကြောင့် လှည့်ပြန်လျှင် ကောင်းမလား အိမ်ထဲသို့ ဖွတ်ဝင်ပြီး ကိုယ်ဖြစ်ချင်သည်ကို အကောင်အထည်ဖော်ရမလားဟု တွေးရင်း ဇဝေဇဝါ ရပ်နေမိ၏။

"တီ တီ"

ထိုစဉ် သူ့ကျောနောက်မှ ကားဟွန်းသံကြောင့် ဆောက်တည်ရာမရဖြစ်နေသော အတွေးများ ကစဉ့်ကလျားဖြစ်ကာ နောက်သို့လှည့်ကြည့်သည်။

တိုက်တိုက်ဆိုင်ဆိုင် တံတိုင်းရံ၏ကားပင်ဖြစ်သည်။ ကားဟွန်းကို ခပ်ဆောင့်ဆောင့်တီးနေသော တံတိုင်းရံ၏ပုံစံသည် ဒေါင်းနိုင်သူ



www.burmeseclassic.com

www.burmeseclassic.com



တို့၏ဟန်မျိုးဖြင့် ခပ်ဝန့်ဝန့်တွေ့ရ၏။ တံတိုင်းရုံကားပြုံးတင်းမှန်ချ၍ ခေါင်း ပြူထွက်လာသည်။

"ဘာကိစ္စရှိလို့ ငါ့ခြံရှေ့ရောက်နေတာလဲ ပော့ကောင်"

"ကျွန်တော် ဆွေးနွေးညှိနှိုင်းစရာရှိလို့ပါ"

"မင်းနဲ့ငါ့ကြားမှာ ဆွေးနွေးညှိနှိုင်းစရာ ဘာအကြောင်းမှ မရှိဘူးလို့ ငါ ထင်တယ်"

"အစ်ကို ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်ကို စကား ပြောခွင့်ပေးပါ"

အမြဲတမ်း မခိုးမခန့် အမူအရာနှင့် ရှိတတ်သည့် ရင်လှိုင်းသစ် အား အရှုံးသမားတစ်ယောက်လို မြင်လိုက်ရ၍ တံတိုင်းရုံစိတ်ထဲ ကျေနပ် မိတာအမှန်။

"ကောင်းပြီလေ အိမ်ထဲရောက်မှ ဆွေးနွေးကြတာပေါ့"

ဘာပဲဖြစ်ဖြစ် ခုချိန်တွင် တံတိုင်းရုံနှင့်ညှိနှိုင်းခွင့်ရရှိရေးသာ အဓိကဖြစ်သည်။ တံတိုင်းရုံဘက်မှ ဆွေးနွေးခွင့်ပြု၍ မမနှင့်ရင်သွေးလေး အတွက် ကြိုးစားခွင့်ရှိသေးသည်ဟု ရင်လှိုက်ဖိုစွာ ဖြေသိမ့်ရ၏။

ဧည့်ခန်းထဲတွင် တံတိုင်းရုံနှင့်ရင်လှိုင်းသစ် မျက်နှာချင်းဆိုင် တိတ်ဆိတ်စွာ ထိုင်နေဆဲ။ အဲကွန်းဖွင့်ထားသော်လည်း ရင်လှိုင်းသစ် နဖူးတွင်ချွေးသီးကလေးများ ဆို့ထွက်နေ၏။ ခေါင်းကိုငုံ့ထားရာမှ မငုံ့မရဲ တံတိုင်းရုံကိုကြည့်၏။

"ကျွန်တော် ဒီကိုလာတာ အစ်မရင်မြန်းသစ်အတွက်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို သိမှာပါ''

တံတိုင်းရဲ့ ဘီယာဘူးကို ထောက်ခနဲဖောက်ကာ တစ်ရှိုက်မော့လိုက်သည်။ ပြီးမှ ဆိုဖာပေါ် ကျောမှီရင်း ပေါင်တစ်ဖက်ချိတ်လိုက်သည်။

''ဘာကိုပြောချင်တာလဲ၊ ဆွေးနွေးဖို့လာတယ်ဆိုတာ အဲဒီကိစ္စလား၊ အဲဒါဆိုရင်တော့ ဆောရီးပါ ညီရာ''

တံတိုင်းရဲ့စကားကြောင့် ရင်လှိုင်းသစ် လှုပ်လှုပ်ရှားရှားဖြစ်သွားမှုနှင့်အတူ ဒေါသထောင်းခနဲ ထွက်သွားသည်။ သို့သော် တခဏချင်း ဒေါသကို မြိုသိပ်လျက် သက်မချကာ ဆက်ပြော၏။

''ကျွန်တော်ပြောမယ့် စကားအကြောင်းအရာတွေကို ဦးတည်ချက်ပျက်အောင် မလုပ်ဖို့ တောင်းပန်ပါတယ်''

တံတိုင်းရဲ့အလေးမထားသလို ဘီယာတစ်ရှိုက် ထပ်မော့သည်။

''ကျွန်တော်ပြောတဲ့စကားကို အလေးအနက်ထားပြီး စဉ်းစားပေးပါ ကိုတံတိုင်း။ ကျွန်တော် အနူးအညွတ်တောင်းပန်နေတာပါ၊ အခု မမမှာ ကိုတံတိုင်းနဲ့ပတ်သက်ပြီး ရှုံမတတ်ခံစားနေရပါတယ်၊ မမက တကယ့်ကို ရိုးသားဖြူစင်တဲ့ မိန်းကလေးပါ၊ သူ့ဘဝမှာ ဘယ်ယောက်ျားနဲ့မှ မပတ်သက်ခဲ့ဖူးပါဘူး။ ကိုတံတိုင်းနဲ့ပတ်သက်တာ သူ့ဘဝရဲ့ပထမဆုံး အကြိမ်ပါ''

''ဟုတ်လား ဩော် ဒါဆိုရင် ငါကကံကောင်းတယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား''

''ကျေးဇူးပြုပြီး အစ်မကို လက်ထပ်ပေးပါဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် တံတိုင်းရဲ လက်ထဲမှာ ဘီယာဘူးကို စားပွဲပေါ်သို့ ဆောင့်ချလိုက်ပြီး ရင်လှိုင်းသစ်ကို နာနာကျင်ကျင် ကြည့်လိုက်သည်။

''မင်းအစ်မကို ငါက လက်ထပ်ရမယ် ဟုတ်လား၊ ဟားကောင်းလိုက်တဲ့ တောင်းဆိုချက်၊ ကိုယ့်ထိတော့ နာတတ်လိုက်ကြတာ၊ ဒီမယ် ဟောကောင် ငါ့ရင်ဘတ်ထဲမှာ မေ့က အခုထိ ရှိတုန်းပဲကွ၊ အဲဒါ မင်းနားလည်ထား''

တံတိုင်းရဲ သူ့ရင်ဘတ်သူ တဘုန်းဘုန်းထုရင်း မျက်ထောက်နီကြီးနှင့် ကြည့်ကာ နာကျင်စွာပြော၏။ ရင်လှိုင်းသစ် မကြားဝံ့သလို ခေါင်းငုံ့နေ၏။

''အေး ခပ်ရှင်းရှင်းပဲထပ်ပြောမယ်၊ မင်းအစ်မက အပျိုရည်ပျက်ရုံ မေ့က အသက်ပေးသွားရတာကွ အဲဒါ မင်းနားလည်လား''

တံတိုင်းရဲ စားပွဲကို တဘုန်းဘုန်းထုကာ ရင်လှိုင်းသစ်အား လက်ညှိုးငေါက်ငေါက်ထိုးပြောသောကြောင့် ရင်လှိုင်းသစ် မခံနိုင်တော့သလို ဆိုဖာထိုင်ခုံမှာ ဝုန်းခနဲ ထရပ်သည်။

''ခင်ဗျားဟာ လူညစ်ပဲ''

အမှန်ဆို ရင်လှိုင်းသစ်ပြောချင်သည်မှာ လူယုတ်မာဆိုတာပဲ ဖြစ်၏။ သို့သော် ထိုစကားလုံးက ကိုယ့်ဘက်မြှားဦးပြန်လှည့်လာနိုင်၍ လူညစ်ဟူသော စကားလုံးကို သုံးခဲ့ခြင်းဖြစ်သည်။

''သေချာ စဉ်းစားပါဦး ညီလေးရယ်၊ ငါက ရင်မြန်းကို လက်မထပ်ဖြစ်ပေမယ့် တန်ရာတန်ကြေးတော့ ပေးခဲ့ပါသေးတယ်၊ ဒါကယ်လို့



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သေးတယ်ဆိုရင်လည်း ပြောပေါ့ကွာ၊ ငါ့ဘက်က လိုက်လိုက်လျောလျောနဲ့ ဖြည့်ဆည်းပေးမှာပါ''

"တောက် ကျုပ်အစ်မမှာ ခင်ဗျားနဲ့ပတ်သက်တဲ့ ကိုယ်ဝန်ရှိနေလို့ ကျုပ် ဒီလောက်ထိ တောင်းပန်နေတယ်ဆိုတာ ခင်ဗျားသိထားပါ၊ တောက် ဟာကွာ''

ရင်လှိုင်းသစ် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း အံကြိတ်ကာ ခြေသံပြင်းပြင်းဖြင့် ပြန်လှည့်ထွက်သွားသည်။

တော်တိုင်းရဲ့ ဘာမှတုံ့ပြန်မပြောနိုင်အောင် နှုတ်ဆွံ့သွား၏။ ရင်သွေးတဲ့။ ဖော်မပြနိုင်သော ခံစားမှုတစ်ခုနှင့် ရင်ထဲနင့်ခနဲ ဖြစ်သွားသည်။ ယူဇနာမိုင်ပေါင်းများစွာမှ ပြေးလာရသလို သူ့ရင်သည် မောလျ တုန်ခါနေသည်ကို သတိထားမိလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ခေါင်းထဲတွင် ရီဝေမူးနောက်နေသော်လည်း မျက်လုံးတို့ တဖြည်းဖြည်း အားယူဖွင့်ကြည့်သည်။ ဖြူလွှင်သော မျက်နှာကြက်ကို ခင်ငြိမ်း အရင်ဆုံးတွေ့ရသည်။ ပိုးသတ်ထားသော ဆေးနံ့တစ်မျိုးကြောင့် ဆေးရုံသို့ ခင်ငြိမ်း ရောက်ရှိနေသည်ကို သိ၏။ ခင်ငြိမ်းဘေးတစ်ဖက်တစ်ချက်စီတွင် စိုးရိမ်ပူပန်သောမျက်နှာများဖြင့် အဖေအမေတို့ ရပ်နေကြသည်။

"သမီးလေး သက်သာရဲ့လားဟင်"

အမေက ခင်ငြိမ်း၏ဆံနွယ်များကို တယုတယသပ်တင်ပြီး မေး၏။ ခင်ငြိမ်း ဘာမှပြန်မပြောခင် ဖြစ်ခဲ့ပြီးသမျှအဖြစ်တို့သည် အနှေး ပြကွက်တစ်ခုလို ပြန်လည်မြင်ယောင်လာသည်။

ညက အိပ်ဆေးများ အလွန်အကျွံသောက်ကာ ဘဝတစ်ခုအား ရုတ်သိမ်းလိုက်မိ၏။ သို့သော် ကံကြမ္မာ၏မျက်နှာလိုက်မှုကြောင့် ခင်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



မခံစားချင်သည့် သောကဝန်ထုပ်ဝန်ပိုးများနှင့် ဆက်လက်ရှင်သန်ရဦးမည်။

"မသေကောင်း မပျောက်ကောင်း သမီးလေးရယ်"

လေသံပျော့ပျော့လေးဖြင့်ပြောသော အမေ့အသံထဲတွင် ကရုဏာလှိုင်းများ ရိုက်ခတ်လွင့်ပါးလာမှုနှင့်အတူ ခင်ငြိမ်းမျက်ရည်များ စီးကျလာသည်။

"သမီးလေး ဖြစ်ချင်တဲ့ဆန္ဒကိုပြောလေ၊ ဖေဖေတို့ အစွမ်းကုန်ဖြည့်ဆည်းပေးမှာပါ"

ခင်ငြိမ်း လက်တစ်ဖက်ကို ဆုပ်ကိုင်ကာ မေးလာသည့် အဖေ့မေးခွန်းကို ပြန်မပြောဘဲ အဖေ့မျက်နှာကိုသာ ပြန်ကြည့်နေမိ၏။

"တန်ဖိုးရှိလှတဲ့ လူ့ဘဝကို ဘာလို့များ အရှုံးပေးချင်ရတာလဲ သမီးရယ်"

အရှုံးပေးချင်တာ မဟုတ်ဘူး အမေ၊ အရှုံးကို သမီးရပ်ပစ်ချင်တာပါဟု ခင်ငြိမ်းနှုတ်မှ ပြောမထွက်ဖြစ်။

"မင်းကလည်းကွာ ကလေးကို ဖြစ်ပြီးတာတွေ ပြန်သတိရအောင် လုပ်နေပြန်ပြီ၊ ငါ့သမီးလေး ဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲ၊ ဖေဖေ့ကို စဉ်းစားပြီး တစ်ခုပဲပြော ဖေဖေ ရအောင်လုပ်မယ်"

အရာအားလုံး ပြောင်းလဲပစ်ချင်သည့် ခင်ငြိမ်း၏စိတ်ကြောင့် အဖေ့ကို မော်ကြည့်ရင်း ခင်ငြိမ်း တစ်လုံးချင်း ပြောသည်။

"ဖေဖေ အလုပ်လုပ်နေတဲ့ လာအိုနိုင်ငံကို ...မ်းအပြီးလိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ် ဖေဖေ''

အဖေသည် ခင်ငြိမ်းရှေ့ ခေါင်းတချက်ဆတ်ဆတ်ညိတ်ကာ ခင်ငြိမ်း၏လက်ကို တစ်ချက် အားနှင့်ဖျစ်ညှစ်လိုက်၏။ ရင်ထဲတွင် လင်းရှင်းသွားသည်။ ချစ်သောသူငယ်ချင်း ရင်မြန်းသစ် ချစ်သူတတ်ိုင်းရဲ့နှင့်အတူ ဘဝကိုပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေဟု အကြိမ်ကြိမ် ရင်ထဲမှာ ဆုတောင်းလိုက်မိသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

ရင်သွေးဆိုသည့်အသိကြောင့် ရင်မြန်း တခဏ နှလုံးသား တစ်ခုလုံး လေဟာနယ်ထဲ မြောက်တက်သွားသလို ခံစားကြည်နူးမိသော်လည်း ထိုခံစားမှုသည် တခဏလေးသာဖြစ်ခဲ့၏။

ကိုယ့်ချစ်သူ တခြားမိန်းမတစ်ယောက်နှင့်အတူတကွ တွေ့ဆုံပျော်မြူးနေမည့်အဖြစ်ကို တစိမ့်စိမ့်တွေးရင်း မွေ့ရာပေါ်မှာကျောက်ရုပ်တစ်ရုပ်လို အေးစက်တောင့်တင်းစွာ မလှုပ်မယှက် ထိုင်နေမိ၏။

နာရီမှားနေသော ငှက်ငယ်တချို့ အိပ်တန်းထကာ တွန်ကျူးကြ၏။ အချစ်ကြောင့် စိုလဲ့ခဲ့ဖူးသော နှုတ်ခမ်းဖူးတစ်စုံသည် ခုတော့ ဖျော့တော့ခြောက်သွေ့နေပြီ။

တစ်နေ့တခြား ပျို့အန်ကာ အချက်ပြလာသည့် ရင်သွေးအတွက် မျှော်လင့်ချက်မဲ့နေသည့် ဖခင်အရိပ်ကို နေပူမှ မရေမရာ စောင့်မကြိုချင်တော့။ ငိုချင်စိတ်ကို ကြိတ်မှိတ်နေသော်လည်း မျက်ရည်များ စို့ရွှဲလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ငိုရှိုက်သံအား အမေနှင့်မောင်လေး မကြားအောင် ငိုရသည်မှာ စိတ်ပင်ပန်းလှသည်။

'ကို'ဟာ ခင်ငြိမ်းရဲ့ချစ်သူတဲ့။

အမှောင်ကမ္ဘာထဲမှာ နှစ်ဦးသား ချွေးတွေရွှဲနစ်နေတာ သတိရသည်။ အခုတော့ ရင်မြန်းတစ်ယောက်ထဲ အမှောင်ထဲမှာ ချွေးတွေရွှဲနေအောင် အတွေးပေါင်းစုံဖြင့် ပြေးလွှားနေရ၏။

လောကဓံနှင့်စီးချင်းထိုးရတော့မည့် ရင်သွေးအတွက် ချပ်ဝတ်တန်ဆာပေါ့ တပ်ဆင်ပေးလိုက်ရမလား။ ဘဝ၏အမှောင်သုံးရက်တွေထဲ၌ ချစ်ခြင်းတရားသည် သူ့ရှေ့၌ ဘမိုင်းမိုင်းချော်လဲကျနေဆဲပင်ဖြစ်၏။

ဘုန်းခနဲ ရင်မြန်း လဲပြိုမသွားဖို့ ဖေးမရန် လက်တစ်စုံလိုပါသည်။ မျက်လုံးအစုံကို ဖွတ်မိုတ်ပစ်လိုက်သည်။

ထိုနေ့က ပြောက်ပြန်လေသည့် မျက်စိလည်လမ်းမှားလျက် ပြတင်းတံခါးဆီသို့ တကျိုမ်းကျိမ်း ရိုက်ခတ်ပြန်လေသည်။

■ ■ ■

ဟန်းဖုန်းမှ အဝတ်ဗလာနှင့် ရင်မြန်း၏ပုံကိုကြည့်ရင်း တံတိုင်းရဲ့ ရင်ခုန်သံတွေ ပိုမြန်လာသည်။

သည်ပုံတွေကို ရိုက်ခဲ့စဉ်က ရင်မြန်း မသိခဲ့။ ရင်ခုန်သံချင်း ကျော့သပ်ရင်သပ်လုပ်တိုင်း အစဉ်အမြဲ ရှက်သလို မျက်လွှာချထားတတ်သည့် ရင်မြန်း၏ပွင့်လင်းလွှတ်လပ်သောအလှ သူ လွယ်လွယ်နှင့်ပင် ရယူထားနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်နှင့်အဖြစ်အပျက်များအား ခင်းကျင်းခဲ့သော်လည်း ရင်သွေးဆိုသည့်အသိနှင့် တကယ်တမ်း ခံစားနေရသည့် ခံစားမှုကို ပြန်တွေးရင်း ကိုယ့်ကိုယ်ကိုယ် အံ့သြနေမိ၏။

ရင်မြန်း၏ ပကတိအလှ၌ ယစ်မူးနေဆဲ။ ဗော့ကာတစ်ခွက်ဖြင့် ရီဝေနေဆဲ။ တစ်ဖက်ခြံမှ လွင့်ပျံ့လာသည့် စန္ဒရားသံဖြင့် နစ်မျောနေဆဲ။ ကမ္ဘာဦးဆန်ဆန် ခြေတော်တင်ခံလိုက်ရသည့် ပန်းပွင့်လေး၏ရနံ့ အရသာအား ရင်ပိုလှိုက်မောနေဆဲ။ အမြတ်တနိုးသိမ်းထားချင်သော ရတနာတစ်ပါးပျောက်သွားသလို ခံစားနေရသည်။

"သား သားရေ"

ရုတ်တရက် ကြားလိုက်ရသည့် အမေ့အော်သံကြောင့် တံတိုင်းရဲ့ အတွေးစတို့ လွင့်စင်ကာ လူပါတုန်တက်သွား၏။

"ဟာ မေမေကလည်း လန့်လိုက်တာ၊ ဘာများဖြစ်လို့လဲ"

"လုပ်ကြပါဦး ကိုယ်ကျိုးတော့နည်းကုန်ပါပြီ၊ ရင်မြန်းလေး ရင်မြန်းလေး ဆုံးပြီတဲ့ သားရယ်"

တံတိုင်းရဲ့ ထိုင်ရာမှဝုန်းခနဲ ထရပ်ပြီး တရှုံ့ရှုံ့ငိုနေသော အမေ့အနီးသို့သွားကာ ပခုံးကို ကိုင်လှုပ်၍ မေးမိ၏။

"မေမေ မေမေ ဘယ်ကကြားလဲ၊ပြော ပြောပါဦး မေမေရယ်"

"ခုပဲ ဖုန်းဆက်တာ သားရယ်၊ သူ့အမေဆီက"

ဝမ်းပန်းတနည်းငိုနေသော မေမေ့ကိုပင် နှုတ်မဆက်နိုင်ဘဲ တံတိုင်းရဲ့ တဟုန်ထိုး ပြေးထွက်ခဲ့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

အိမ်ထဲသို့ ဝင်ဝင်ချင်း အော်ဂိုသံတွေ ရိုက်သံတွေက ဆီးကြို သည်။ ရင်မြန်း၏ဆွေမျိုးမိတ်သင်္ဂဟများဟု ထင်သည့် လူတချို့ဆီသို့ တံတိုင်းရဲ့သည် အပူရုပ်နှင့် မျက်လုံးဝေ့ကြည့်၏။

"အပေါ်ထပ်မှာပါ"

လူရွယ်တစ်ဦး ညွှန်ပြရာ အပေါ်ထပ်လှေကားဆီ ပြေးတက်ပြီး ဘယ်ညာဝေ့ကြည့်သည်။ ဘယ်ဘက်အခန်းဝတစ်ခုတွင် လူတွေစုပြုံနေ သည်။

အခန်းမီးများဖွင့်ထားသော်လည်း စတိုခန်းတစ်ခုဖြစ်၍ ပစ္စည်း များစုပုံထားသောကြောင့် အလင်းအားသိပ်မရှိ။ လူသုံးလေးဦးစရှိသော ထိုအခန်းထဲသို့ တံတိုင်းရဲ့ ဝင်လိုက်သည်။

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ရုတ်တရက် မကြည့်ရက်သဖြင့် တံတိုင်းရဲ့ မျက်နှာ တစ်ဖက်သို့လွှဲလိုက်၏။ ဆီလင်မျက်နှာကျက်မှောက်



www.burmeseclassic.com

www.burmeseclassic.com



ကာ သွယ်တန်းကျနေသည့်ကြိုးအား လည်တိုင်တွင်ရစ်နှောင်လျက် အသက်မဲ့နေသော ရင်မြန်း၏ခန္ဓာ။

"ညီမလေးရယ် မိုက်လိုက်တာ၊ နင်က နင့်အကောင်ကိုယုံလို့ ဒီဘဝရောက်ရတာလေ"

စုပြုံနေသော အခန်းဝရှိ မောင်နှမဝမ်းကွဲများ ဖြစ်ဟန်တူသည့် လူတစ်စုဆီမှ တစ်ယောက်တစ်ပေါက် ငိုကျွေးသံကြားရသည်။

ရင်မြန်းသစ်၏အမေဖြစ်သူ ဒေါ်မြသစ်မှာ ငိုညည်းသံသဲ့သဲ့ဖြင့် အခန်းထောင့်ရှိ စာအုပ်ပုံတစ်နေရာ၌ မျက်နှာကွယ်ထား၏။

ဗီရိုတစ်ခုကို လက်ထောက် ခေါင်းစိုက်ထားရာမှ လှုံ့ဆော်မှုတစ်ခုကြောင့် လှည့်ကြည့်သောအခါ ရင်လှိုင်းသစ်သည် တံတိုင်းရံအား တွေ့သွား၏။

စီးကျလျက်ရှိသည့် မျက်ရည်ကို လက်ဖမိုးနှင့် ဆတ်ခနဲ တစ်ချက်သုတ်ပြီး တံတိုင်းရံ အနီး တိုးကပ်ကာ မျက်နှာချင်းနီးကပ်စွာ ရင်ဆိုင်ကြည့်လိုက်သည်။

"ခင်ဗျား ဘာလာလုပ်တာလဲ"

တံတိုင်းရံ လက်နှင့်ကာ၍

"ညီလေး မင်း ငါ့ကို ရိုက်ချင်နက်ချင် ထိုးချင်ရင် ကြိုက်သလိုလုပ်လို့ရတယ်၊ ခုတော့ ခဏလေး ငါ ရင်မြန်းကို ကြည့်ပါရစေကွာ"

ထိုစဉ် သက်ဆိုင်ရာ ရပ်ကွက်လူကြီးများနှင့် မှုခင်းရဲဝန်ထောက်မင်း အချို့နှင့် အရာရှိတစ်ဦး ရောက်လာသည်။ တံတိုင်းရံနှင့် ရင်လှိုင်းသစ်



www.burmeseclassic.com

www.burmeseclassic.com



လူချင်းကွာကာ တစ်ဖက်တစ်ချက်ဆီတွင် သွားရပ်နေကြ၏။

မှူခင်းရဲဝန်ထမ်းတစ်ဦးက ရင်မြန်းသစ်၏တွဲလောင်းကျ သေဆုံးနေသော ရုပ်အလောင်းကို ရှုထောင့်အမျိုးမျိုးဖြင့် အထပ်ထပ်ဓာတ်ပုံရိုက်သည်။

ထို့နောက် ရင်မြန်း၏လည်တိုင်တွင် ချည်နှောင်ထားသော ကြိုးအား ဓားဖြင့် ဖြတ်တောက်လိုက်၏။ ရင်မြန်းရုပ်အလောင်းအား ကြမ်းပြင်သို့ ထိန်းချ၍ ပက်လက်အနေအထားဖြင့် ဓာတ်ပုံမှတ်တမ်းယူပြန်သည်။

အရာရှိဖြစ်သူက အခန်းထောင့်ရှိ ရင်မြန်း၏အမေကို အသေးစိတ်မေးမြန်းကာ မှတ်တမ်းယူသည်။ ရင်မြန်းမိခင်၏ ငိုသံစွက်၍ ပြောဆိုရှင်းပြသံများက တံတိုင်းရံနားသို့ ဝင်တစ်ချက်မဝင်တစ်ချက်။

ရုပ်တရားတစ်ခုလုံး ပျောက်ဆုံးချုပ်ငြိမ်းသွားသော်လည်း နုပျိုဆဲ၊ လတ်ဆတ်ဆဲ ဖြစ်နေသည့် ရင်မြန်း၏ရုပ်ခန္ဓာနှင့် နိုဝင်နေသည့် မိမိရင်သွေး။

ဆောက်တည်ရာမဲ့လွန်းသောစိတ်ကြောင့် တံတိုင်းရဲ ရင်မြန်းခန္ဓာကို အရှူးတစ်ယောက်လို အော်ဟစ်ပြေးပွေ့လိုက်၏။

"ရင်မြန်းရယ် ကို့ကို ခွင့်လွှတ်ပါကွာ ခွင့်လွှတ်ပါ"

အလောင်းသယ်ဆောင်ရန် ဝန်ထမ်းများ အခန်းတွင်းဝင်လာကြ၏။

"ကဲ အားလုံး ထွက်ပေးကြပါဗျာ၊ ဒီမှာ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



အလောင်းထုတ်မလို့ပါ''

ရင်လှိုင်းသစ် ရှေ့ဆုံးကအခန်းမှ ထွက်သွားသည်။ နောက်မှ လိုက်လာသည့် တံတိုင်းရုံကို လှည့်ကြည့်၍ ခေါ့ပြုံး ပြုံး၏။

''ခင်ဗျား ကျေနပ်မှာပါနော် ကိုတံတိုင်းရုံ''

ရှင်လန်းချမ်းမြေ့ပါစေ

ဖျူး



www.burmeseclassic.com